# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၅၆)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၂၅ ရက်၊ အင်္ဂါနေ့။


**မိတ်ဆွေစစ် လေးမျိုး**

* မိမိအား ကျေးဇူးပြုသူ မိတ်ဆွေစစ်၊
* ချမ်းသာဆင်းရဲ အတူဖြစ်သူ မိတ်ဆွေစစ်၊
* အကျိုးစီးပွားကို ညွှန်ပြတတ်သော ဆရာနှင့်တူသူ မိတ်ဆွေစစ်၊
* ညာညာတာတာ စောင့်ရှောက်တတ်သူ မိတ်ဆွေစစ်။

# ပြည်သူများဘက်က မိမိနှစ်သက်ရာပါတီကို စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့် ရှိနေပြီဖြစ်



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ၂၀၁၉ ခုနှစ် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် သိန်းနီမြို့ (၃)ရပ်ကွက် ဟော်နန်းကုန်းမြေ၌ ကျင်းပသည့် သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ၂၀၁၉ ခုနှစ် ရှမ်းနှစ်သစ်ကူး ကောက်သစ်စား ပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ပြည်နယ်ဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ဦးစိုင်းအိုက်ပေါင်းတို့က သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ၂၀၁၉ ခုနှစ် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော် အထိမ်းအမှတ်မှခ်ဦးအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အဆိုပါ ဟော်နန်းကုန်းမြေရှိ မင်္ဂလာမဏ္ဍပ်၌ ၂၀၁၉ ခုနှစ် ရှမ်းနှစ်သစ်ကူးအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက

*စာမျက်နှာ ၈ ကော်လံ ၁* ❐

“ ဒီမိုကရေစီဆိုသည်မှာ ပြည်သူများ၏ ရွေးချယ်မှုသည် အဓိကဖြစ်သောကြောင့် ပြည်သူများဘက်က အရွေးမမှားရန်လို ”

**နိုင်ငံတကာ**

## သံသယဖြစ်ဖွယ်အကြမ်းဖက်ကြံစည်မှုများ ဗြိတိန်နိုင်ငံသို့ လျင်မြန်စွာပျံ့နှံ့ရောက်ရှိ

စာမျက်နှာ ❖ ၄

**ပြည်တွင်း**

## စတားဟန်ခ်ပြိုင်ပွဲ၌ မြန်မာမော်ဒယ်လ် ပြိုင်းအလုပိုင်ရှင်ဆုဆွတ်ခူး

စာမျက်နှာ ❖ ၁၁

**အားကစား**

## လီဗာပူးတို့ရင်ခုန်စရာဖြစ်ပြီး ဂျူဗင်တပ်စ်တို့ အနိုင်ရှာဖွေမယ့် ချန်ပီယံလိဂ်

စာမျက်နှာ ❖ ၁၄


“ သင့်အနာဂတ်လုံခြုံစိတ်ချဖို့ Future Auto မှာ ကား ဝယ် စို့ ”

✣ အမြတ်ကို ပဓာနမထား အရည်အသွေးနှင့် ရောင်းအားကိုသာ အဓိကထားသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ ကားများကို နိုင်ငံတကာအဆင့်မီ (၆)လအာမခံပစ္စည်းနှင့် လက်ခဖိုးအခမဲ့ ပြင်ဆင်ပေးသည့် တစ်ခုတည်းသော ကားအရောင်းပြခန်း။
✣ အရည်အသွေးမြင့်ကားအရေအတွက် အများဆုံး ဝန်ဆောင်မှုအကောင်းဆုံး ကားအရောင်းပြခန်း။

Show Room(1) - အမှတ်(၁၄၀)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။ Ph: 01-400785, 09-254342575, 09-5147128
Show Room(2) - သစ္စာလမ်းမကြီး၊ ဗဟိုဈေးမှတ်တိုင်အနီး၊ တောင်ဥက္ကလာပမြို့နယ်။ Ph: 09-254346475, 01-8500492
Show Room(3) - အမှတ်(၂၂၆၊ ဘီ)၊ အင်းစိန်လမ်းမကြီး၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်။ (ဘာတာမှတ်တိုင်နှင့်အုတ်ကျင်းမှတ်တိုင်ကြား)။ Ph: 09-254342979
Mandalay - အမှတ်(၄၁၃)၊ (၆၂)လမ်း၊ (၃၅ × ၃၆)လမ်းကြား၊ မန္တလေးမြို့။ Ph: 09-795594006, 09-795594008

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြို့ပြစီမံကိန်းများစနစ်တကျဖော်ဆောင်

**မြို့ကြီးများတွင်ရရှိနိုင်သည့် ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွား အခွင့်အလမ်းများ၊ အလုပ်အကိုင်အခွင့်အလမ်းများ၏ ဆွဲဆောင်မှုကြောင့် ကျေးလက်နေပြည်သူများ မြို့ပြပြောင်းရွှေ့မှုဖြစ်စဉ်များသည် စဉ်ဆက်မပြတ်ဖြစ်ပေါ်ကာ ကျူးကျော်နှင့် အဆင့်မမီအိမ်ရာများ တိုးပွားလျက်ရှိပါသည်။ ပြည်သူတို့၏ နေထိုင်မှုနှင့် လူမှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် အိုးမဲ့အိမ်မဲ့များ နေရာချထားပေးနိုင်ရေး နိုင်ငံတော်က စဉ်းစားစီမံလျက်ရှိသကဲ့သို့ တစ်ဖက်ကလည်း ဥပဒေမဲ့ကျူးကျော်မှုများကို ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ဆင်းရဲသော ပြည်သူများအတွက် နေထိုင်စရာတစ်ခုတည်း စဉ်းစားစီစဉ်ရုံဖြင့် မပြည့်စုံဘဲ အလုပ်အကိုင်အခွင့်အလမ်းကိုပါ တွဲဖက်စဉ်းစားစီမံပေးရမည်ဖြစ်ပါသည်။**

**ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတက နေပြည်တော်၌ နိုဝင်ဘာ ၂၁ ရက်နေ့တွင် ကျင်းပခဲ့သော မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် နိုင်ငံတော်အနေဖြင့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာစီမံကိန်းအပြင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် သားသမီးများအတွက် အဆင့်မြင့်ပညာသင်ထောက်ပံ့ကြေးပေးနိုင်အောင် အာမခံစနစ်၊ အရစ်ကျစနစ် ချေးငွေစနစ်များဖြင့် အကောင်အထည်ဖော်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ထို့အပြင် ဆင်းရဲနွမ်းပါးသူများ၊ မသန်စွမ်းသူများ၊ ပင်စင်စားများ၊ တိုက်ပွဲကျစစ်သည်များ၏ မိသားစုများ၊ ဝင်ငွေနည်းသည့် သာမန်ပြည်သူများအတွက် သက်သာသည့်နှုန်းထားဖြင့် ဝယ်ယူနိုင်ရန် အရစ်ကျစနစ်၊ ချေးငွေစနစ်အပြင် ပုံမှန်ဝင်ငွေမရှိသဖြင့် ဝယ်ယူရန် အခက်အခဲရှိသူများအတွက်လည်း ပြည်သူ့အငှားအိမ်ရာများ အကောင်အထည်ဖော်ကြရန် စဉ်းစားဆွေးနွေးစီမံပေးရမည်ဖြစ်ပါကြောင်း စသည်ဖြင့် ပြောကြားသွားခဲ့သည်။**

**နိုင်ငံတော်အနေဖြင့် Urban Policyနှင့် Urban Development Strategy များကို နည်းလမ်းမှန်ကန်စွာ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ပြီး National Housing Policy နှင့် Housing Development Strategy များကို ပြည်သူလူထု၏ လိုအပ်ချက်နှင့်အညီ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။**

**မြို့ပြများနှင့်ဆက်စပ်ဒေသများကို နိုင်ငံတကာနည်းတူ ဖွံ့ဖြိုးတိုးတက်စေလိုပါက လူနေထိုင်ရန် Residential Area၊ စီးပွားရေးလုပ်ကိုင်ရန် Commercial Area၊ စက်မှုလုပ်ငန်းလုပ်ကိုင်ရန် Industrial Zone၊ စိုက်ပျိုးမြေကာကွယ်ရန် Agricultural Land၊ သစ်တောမြေထိန်းသိမ်းရန် Forest Area စသည်ဖြင့် စနစ်တကျခင်းကျင်းတည်ဆောက်သွားရန်လိုအပ်ပေသည်။ သို့မှသာ ပြည်သူအများ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်မည့်အပြင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန်နေရာများ၊ အလုပ်အကိုင်အခွင့်အလမ်းများကိုပါ တစ်ပါတည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါသည်။ သို့ပါ၍ အိမ်ရာစီမံကိန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားသင့်ပါကြောင်း။ ။**

## ပြည်တွင်းသတင်း

# အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် နိုဝင်ဘာ ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ ကုလသမဂ္ဂယူနက်စကိုရုံးတွင် ကျင်းပသော အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံများ၏ ဒသမအကြိမ် အစည်းအဝေးနှင့် အိုဇုန်းလွှာ ပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ မွန်ထရီယယ် စာချုပ်အဖွဲ့ဝင်နိုင်ငံများ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီယယ်စာချုပ် အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၄ ခုနှစ်မှစ၍ ဝင်ရောက်ခဲ့ပြီး အမျိုးသားအိုဇုန်းယူနစ်ကို ၂၀၀၄ ခုနှစ်ကတည်းက ဖွဲ့စည်းခဲ့ကြောင်း၊ အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများသုံးစွဲမှုလျှော့ချရေး၊ အများပြည်သူ ပညာပေးရေးနှင့် စာချုပ်ပါတာဝန်များ အကောင်အထည်ဖော်ရေးတို့အတွက် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်၏ နည်းပညာနှင့် ဘဏ္ဍာရေးအထောက်အပံ့များဖြင့် ဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၏ ဟိုက်ဒရိုကလိုရိုဖလူရိုကာဗွန် (HC- FC) သုံးစွဲမှုလျှော့ချရေးဆိုင်ရာ စီမံကိန်းကို ၂၀၁၂ ခုနှစ်မှစတင်ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယင်းစီမံကိန်း၏ ရလဒ်အဖြစ် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်း လုပ်ကိုင်ခြင်းအမိန့်ကို ၂၀၁၄ ခုနှစ် ဧပြီ ၂၅ ရက်တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သက်ဆိုင်ရာစာချုပ်များပါ စည်းကမ်းချက်များအတိုင်း လိုက်နာ ကြိုးပမ်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဗီယင်နာကွန်ဗင်းရှင်းနှင့် မွန်ထရီယယ်စာချုပ်တို့မှာ ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာ အစီအစဉ်အရ အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် အိုဇုန်းလွှာပျက်စီးစေသော ဒြပ်ပစ္စည်းများ သုံးစွဲမှုလျှော့ချရေးတို့ အတွက် အရေးပါသော နိုင်ငံတကာသဘောတူညီချက်များဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင် ၁၉၇ နိုင်ငံ လက်မှတ်ရေးထိုးထားကြောင်း သိရသည်။

အစည်းအဝေးသို့ အဖွဲ့ဝင် ၁၉၂ နိုင်ငံမှ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၈၀၀ ကျော် တက်ရောက်ကြသည်။

ပြင်သစ်နိုင်ငံသည် ရာသီဥတုပြောင်းလဲမှုကို အဓိကဖြစ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ကို လေထုအတွင်းသို့ ထုတ်လွှတ်ခြင်းအစား လူသားတို့၏ စားဝတ်နေရေးဆိုင်ရာ အသုံးအဆောင် ဟိုက်ဒရိုကာဗွန်ထုတ်ကုန်များအဖြစ် ပြောင်းလဲထုတ်လုပ်မှုနည်းပညာ Circular Economy နယ်ပယ်တွင် ရှေ့တန်းရောက်နေသော နိုင်ငံတစ်နိုင်ငံဖြစ်ရာ အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် Circular Economy ဆိုင်ရာ သုတေသနလေ့လာတွေ့ရှိချက်များ၊ စီမံကိန်းများနှင့် ကုန်ထုတ်လုပ်ငန်းများ အခြေအနေကို သက်ဆိုင်ရာပညာရှင်များနှင့် လုပ်ငန်းရှင်အဖွဲ့အစည်းများက ရှင်းလင်းတင်ပြခဲ့သည်။ Circular Economy နည်းပညာအသုံးချ စက်မှုလုပ်ငန်းများ ထူထောင်လုပ်ကိုင်ခြင်းဖြင့် ကုန်ကျစရိတ် သက်သာစွာ ဆောင်ရွက်နိုင်မည့်အပြင် ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု လျှော့ချနိုင်ခြင်း၊ ကာဗွန်သိုလှောင်မှု ပမာဏမြင့်မားနိုင်ခြင်း၊ ဇီဝအခြေခံ လူသုံးကုန်ပစ္စည်းများ စရိတ်သက်သာစွာ ထုတ်လုပ်နိုင်ခြင်း၊ အလုပ်အကိုင်ရရှိခြင်း၊ ပြည်ပတင်ပို့ပြီး ဝင်ငွေရရှိခြင်း အကျိုးများဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(မြန်မာ့အလင်း)**

# ပေါင်းတည်မြို့သို့ အထူးကုဆရာဝန်ကြီးများ အခမဲ့ကွင်းဆင်းဆေးကုသ



**ပေါင်းတည် နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှု ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုတို့ဖြင့် အထူးကုဆရာဝန်ကြီးများက အခမဲ့ကွင်းဆင်းဆေးကုသမှုနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီက ပေါင်းတည် မြို့နယ် မြို့နယ်ဆေးရုံ၌ ကျင်းပသည်။

ပြည်မြို့ အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်အေးအေးမိုးဦးဆောင်၍ အထူးကုသမားတော်ကြီးများ ပါဝင်သော အဖွဲ့ဝင် ၅၅ ဦးတို့က အထွေထွေရောဂါ၊ အရိုးအကြော၊ နားနှာခေါင်းလည်ချောင်း၊ အရေပြားရောဂါ၊ သွားနှင့်ခံတွင်း၊ ကလေးအထူးကု၊ သားဖွားမီးယပ်နှင့် မျက်စိရောဂါများအပြင် ခွဲစိတ်ခြင်းတို့ကို စစ်ဆေးကြည့်ရှုကုသပေးသည်။ ပေါင်းတည်မြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာများမှ လာရောက်ပြသသူ ၆၄၆ ဦးကို အခမဲ့ဆေးကုသပေးပြီး ဆေးဝါးပစ္စည်းများပါ တစ်ပါတည်းပေးအပ်သည်။

ကျန်းမာရေးပညာ ပေးဟောပြောပွဲတွင် ဆေးရုံအုပ်ကြီး ဒေါက်တာတင့်ရွှန်းနှင့် တာဝန်ရှိသူများက ဟောပြောကြသည်။ ပေါင်းတည်မြို့နယ်အတွင်းရှိ မြို့ပေါ်နှင့် ကျေးရွာများမှ လာရောက်ပြသသူ ၆၄၆ ဦးကို အခမဲ့ဆေးကုသပေးပြီး အလှူငွေပေးအပ်ပွဲကို ဆက်လက်ကျင်းပရာ ပြည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းက ငွေကျပ်တစ်သိန်းကို ပြည်မြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ တင့်ရွှန်းထံသို့ လှူဒါန်းကြကြောင်း သိရသည်။

**တင်ဝင်းဇော်**


## ဆောင်းခိုငှက်များလာရောက်

**စလင်း နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး စလင်းမြို့၏ အနောက်ဘက်တွင်ကပ်လျက်ရှိသော ဝက်သည်းကန်ကြီးအတွင်းသို့ နိုဝင်ဘာ ၁၁ ရက်မှစတင်၍ ဆောင်းခိုငှက်များ ရောက်ရှိလာခဲ့သည်။

အဆိုပါကန်ကြီးမှာ မိုင်အားဖြင့် ၁ ဒသမ ၇ စတုရန်းမိုင်၊ ဧကအားဖြင့် ၁၀၈၈ ဧကရှိပြီး သက်တမ်းမှာ နှစ်ပေါင်း ၈၂၀ ရှိပြီဖြစ်သည်။ ၁၉၅၃ ခုနှစ်မှစတင်၍ နိုင်ငံတော် အစိုးရက သားငှက်ဘေးမဲ့ကြိုးဝိုင်း အဖြစ်သတ်မှတ်ပေးခဲ့ပြီး ရေနေသတ္တဝါများ၊ ငှက်မျိုးဆက်များ မျိုးမသုဉ်းရအောင် ရေကြိုးဝိုင်းအဖြစ် သတ်မှတ်ပေးခဲ့သော်လည်း စောင့်ရှောက်မှု အားနည်း၍ ဆောင်းရာသီမှအပ ငှက်မျိုးဆက်များ မလာတော့သည်မှာ ကြာပြီဖြစ်ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**




# ကရိန်းနော်အပန်းဖြေရိပ်သာမြေအား ပြန်လည်လွှဲပြောင်းပေးအပ်

**မြစ်ကြီးနား နိုဝင်ဘာ ၂၄**

တပ်မတော်မှ လွှဲပြောင်းစွန့်လွှတ်ပေးသော ကရိန်းနော်အပန်းဖြေရိပ်သာမြေအား လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးမှူး ဦးဇေယျာကျော်က ကရိန်းနော်အပန်းဖြေရိပ်သာမြေနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးခေါင်လန်ဒီးက ကရိန်းနော်အပန်းဖြေရိပ်သာ မြေဧက ၃ ဒသမ ၀၄ ဧကအား ပေးအပ်ရာ မူလမြေပိုင်ရှင် ဦးဒူဝါကရိန်းနော်မိသားစုက လက်ခံခဲ့သည်။

ထို့နောက် ဦးဒူဝါကရိန်းနော်၏မြေး ဒေါ်ကရိန်းနော်နန်ဘူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

အက်တိုလို ခရီးသွားဝန်ဆောင်မှုကုမ္ပဏီ
အမှတ်(၈၄)၊ ပထမထပ်၊ လမ်း-၃၀ (အောက်လမ်း)၊ ရန်ကုန်။
Find us on Facebook : www.facebook.com/attollotravel
ATTOLLO Ticket & Tours
အကောက်တောင် Nov 29, Dec 6 | ကျောက်ပီ-မဲလံ Nov 29 | ဘားအံ-ခွဲကပင် Dec 6 | မော်လမြိုင် Dec 20
ချောင်းသာ Dec 19 | ပုဂံ-ပုပ္ပါး Dec 19 | တောင်ကြီး Dec 24 | ပြင်ဦးလွင် Dec 24 | ကျိုက်ထီးရိုး Dec 25
PH : 01-389187 —— HOT LINE —— PH : 09-32109138



ပြည်တွင်းသတင်း

# မပြောင်းလဲဘဲ အမြဲတည်ရှိနေမည့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှု လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားမည်



**နေပြည်တော် နိုဝင်ဘာ ၂၄**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ မြန်မာနိုင်ငံသို့ချစ်ကြည်ရေးခရီးရောက်ရှိလာသော ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Worapong Sanganetra အား ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Worapong Sanganetra နှင့်အတူ ထိုင်းဘုရင့်တပ်မတော်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ (ကြည်း၊ ရေ၊ လေ) စစ်သံမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုကြိုဆိုပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြပြီး ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen.Worapong Sanganetra သည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။ **(အပေါ်ယာပုံ)**

ယင်းနောက် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Worapong Sanganetra က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ၎င်းနှင့်အတူ အခမ်းအနားတက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကလည်း ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ၎င်းနှင့်အတူ အခမ်းအနားတက်ရောက်လာကြသူများကို ပြန်လည်မိတ်ဆက်ပေးသည်။

ထို့နောက်ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဇေယျာသီရိဗိမာန် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇေယျာသီရိဗိမာန်ဧည့်ခန်းမဆောင်၌ ထိုင်းဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ် Gen. Worapong Sanganetra အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နှစ်နိုင်ငံသည် နှစ်ပေါင်း ၆၀ ကြာ အိမ်နီးချင်းဆက်ဆံရေး၊ သံတမန်ဆက်ဆံရေး၊ စစ်သံဆက်ဆံရေးတို့ရှိခဲ့သည့်အပြင် အာဆီယံအဖွဲ့ဝင် နိုင်ငံများလည်းဖြစ်၍ ထူးခြားလေးနက်သည့် ချစ်ကြည်ရင်းနှီးမှုရှိပါကြောင်း၊ မိမိတို့နိုင်ငံသွားနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းတွင် တည်ငြိမ်အေးချမ်းမှုအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများ၌ ထိုင်းနိုင်ငံမှ ကူညီမှုများအတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ထာဝရငြိမ်းချမ်းရေး ဆက်လက်ဖော်ဆောင်ရာတွင်လည်း အားလုံးငြိမ်းချမ်းရေး လမ်းကြောင်းပေါ်တွင် ပါဝင်လာစေရေး ကူညီဆောင်ရွက်ပေးစေလိုကြောင်း၊ ထိုင်းနိုင်ငံအတွက်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် စိတ်ချလက်ချ လျှောက်လှမ်းနိုင်ရေးသည် အဓိကဖြစ်ပါကြောင်း၊ မည်သည့်အခါမျှ မပြောင်းလဲဘဲ အမြဲတည်ရှိနေမည့် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဧည့်သည်တော်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်လက်ခံရယူပြီးချိန်မှစ၍ ယခုမြန်မာနိုင်ငံ ချစ်ကြည်ရေးခရီးသည် မိမိ၏ပထမဆုံး ပြည်ပခရီးစဉ်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ရှိပြီးဖြစ်သည့် ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် မိမိတာဝန်ထမ်းဆောင်စဉ် ကာလအတွင်း ပူးပေါင်းဆောင်ရွက်မှု အကောင်းဆုံးဖြစ်အောင်၊ ပိုမိုတိုးတက်အောင် ကြိုးစားလုပ်ဆောင်သွားမည် ဖြစ်ကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် နယ်စပ်ဒေသဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးထိရောက်စွာ တားဆီးနှိမ်နင်းရေးကိစ္စရပ်များ၊ အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာများတွင် နှစ်ဦးနှစ်ဖက် အပြန်အလှန်သတင်းဖလှယ်၍ အဆင့်တိုင်းတွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့အား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် Gen. Worapong Sanganetra တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့သည် ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Worapong Sanganetra နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ည ၇ နာရီတွင် Aureum Palace ဟိုတယ်၌ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ညစာသုံးဆောင်နေစဉ်အတွင်း မြဝတီတေးဂီတအဖွဲ့က နှစ်နိုင်ငံတေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ညစာသုံးဆောင်အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး သီဆိုကပြဖျော်ဖြေကြသော မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုပန်းခြင်းများ အသီးသီးပေးအပ်ကြကာ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ ဗီယက်နမ်နိုင်ငံသို့ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်မည့်(၁၅)ကြိမ်မြောက် အာဆီယံကြည်းတပ်ဦးစီးချုပ်များ အစည်းအဝေး 15th ASEAN Chiefs of Army Multilateral Meeting (ACAMM-15) နှင့် (၂၄)ကြိမ်မြောက် အာဆီယံတပ်မတော်(ကြည်း)များသေနတ်ပစ်ပြိုင်ပွဲ 24th ASEAN Armies Rifle Meet (24th AARM) ပိတ်ပွဲ အခမ်းအနား တက်ရောက်ရန်အတွက် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသည်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထွန်းထွန်းနောင်နှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

အဆိုပါခရီးစဉ်တွင် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)မှ တာဝန်ရှိသူများလိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့်စာနယ်ဇင်းများ၏ရေးသားချက်များအပေါ် တိုင်ကြားမှု၊ ဝေဖန်ထောက်ပြမှုများကို လက်ခံရရှိပါက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)က ဖြေရှင်းပေးနိုင်ရန်အတွက် လွှဲပြောင်းပေးပို့ခဲ့ပါသည်။

သို့သော်လည်း မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ အငြင်းပွားမှုနှင့်တိုင်ကြားမှုများ ညှိနှိုင်းဖြေရှင်းရေးကော်မတီက သတင်းမီဒီယာများတွင် ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာထိခိုက်စေသော ကျင့်ဝတ်နှင့်မညီရေးသားဖော်ပြချက်များရှိလာပါက နစ်နာသူကာယကံရှင် လူပုဂ္ဂိုလ်(သို့မဟုတ်)အဖွဲ့အစည်းတို့က ကောင်စီသို့ တိုက်ရိုက်တိုင်ကြားမှုများကိုသာ လက်ခံ ဖြေရှင်းပေးပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနသို့ နစ်နာသူများ၏ တိုင်ကြားစာများရောက်ရှိလာပါက မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ကြောင်း အကြံပြုပေးပါရန် မေတ္တာရပ်ခံလာပါသည်။

သို့ဖြစ်ပါ၍ ပုဂ္ဂလိကစာနယ်ဇင်းများ၏ ရေးသားချက်များ၊ စာနယ်ဇင်းသမားများ၏ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ဝေဖန်ထောက်ပြခြင်း၊ တိုင်ကြားခြင်းများကို မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)သို့ တိုက်ရိုက်တိုင်ကြားခြင်း(သို့မဟုတ်) ကာယကံရှင်က ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် အခြား တည်ဆဲဥပဒေများနှင့်အညီ တရားဥပဒေ၏ အဆုံးအဖြတ်ရယူခြင်းတို့ကိုသာ ဆောင်ရွက်ပါရန် အသိပေးအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများ အမိန့်ကြော်ငြာစာထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်ပြုခြင်းဆိုင်ရာ (Permanent Residence System-PR) စနစ်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၄ကို နိုဝင်ဘာလ ၁၈ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရသည်။

ယင်းအမိန့်ကြော်ငြာစာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေပုဒ်မ ၁၆ ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်ဟူ၍ ဖော်ပြပါရှိသည်။

**(သတင်းစဉ်)**

နိုင်ငံတကာသတင်း

## ကမ္ဘောဒီးယား၌ ဝိုင်အဆိပ်သင့်ဟုယူဆရသူ ခြောက်ဦးသေဆုံး

ဖနောင်ပင် နိုဝင်ဘာ ၂၄

ကမ္ဘောဒီးယားအရှေ့ပိုင်း Krace ပြည်နယ်၌ လွန်ခဲ့သော ရက်သတ္တပတ်က ပြည်တွင်းဖြစ် ဆန်ဖြင့်ပြုလုပ်ထားသည့် ဝိုင်သောက်ပြီးနောက် ခြောက်ဦး သေဆုံးခဲ့ကြောင်း၊ အဆိုပါဝိုင်အတွင်း၌ အဆိပ်သင့်စေသော အရာဝတ္ထု ပါရှိနိုင်ကြောင်း ထိပ်တန်းရဲအရာရှိက တနင်္လာနေ့က ပြောကြားခဲ့သည်။

အသက် ၃၄ နှစ်နှင့် ၃၅ နှစ်ကြား အမျိုးသားငါးဦးနှင့် အမျိုးသမီး တစ်ဦး အဆိပ်သင့်ခဲ့ရာ အချို့မှာ ဆေးရုံများ၌သေဆုံးပြီး အချို့မှာ အိမ်များ၌ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်ရဲဌာနက ဆင်ဟွာသို့ ပြောသည်။

အဆိုပါအဆိပ်သင့်သူများတွင် ရင်ဘတ်အောင့်ခြင်း၊ ခေါင်းမူးခြင်း၊ မျက်စိ ကျိန်းခြင်းစသည့် တူညီသော ရောဂါလက္ခဏာများတွေ့ရသည်။ ဝိုင် အဆိပ် သင့်မှုကြောင့် ၄င်းတို့သေဆုံးခဲ့ရခြင်းဖြစ်နိုင်သဖြင့် ဝိုင်နမူနာကို စစ်ဆေးမှု ပြုလုပ်ရန် ဓာတ်ခွဲခန်းသို့ပို့ဆောင်ထားကြောင်း၊ ယခုအချိန်ထိ အဖြေမသိ ရသေးကြောင်း ၄င်းက ထပ်လောင်းပြောကြားသည်။ **(ဆင်ဟွာ)**

## တရုတ်နိုင်ငံသား ချမ်းသာသူများ၏သားသမီးများ နိုင်ငံခြားသို့ ပညာသင်စေလွှတ်မှုများပြား

ပေကျင်း နိုဝင်ဘာ ၂၄

တရုတ်နိုင်ငံမှ လူချမ်းသာအများစုသည် ၄င်းတို့၏ သားသမီးများကို ပညာသင်ကြားရန် နိုင်ငံခြားသို့စေလွှတ်ရာတွင် ၄င်းတို့၏ ပထမရွေးချယ်မှု အနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် အင်္ဂလန်ကို ရွေးချယ်ကြကြောင်း ပညာရေးဆိုင်ရာ အစီရင်ခံစာတစ်ခုတွင် တွေ့ရသည်။

ယင်းအစီရင်ခံစာအရ နိုင်ငံ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ကလေးများကို နိုင်ငံခြားသို့စေလွှတ်ရန် အစီအစဉ်ရှိရာ ကမ္ဘာတစ်ဝန်းလုံးနှင့်နှိုင်းယှဉ်ပါက အမြင့်ဆုံးအချိုးအစားပင်ဖြစ်သည်။ အဆိုပါ အစီအစဉ်တွင် တရုတ်နိုင်ငံထက် ဂျပန်နိုင်ငံသည် တစ်ရာခိုင်နှုန်းနှင့် ဂျာမနီသည် ၁၀ ရာခိုင်နှုန်းလျော့နည်း ကြောင်း တွေ့ရသည်။ ချမ်းသာသူအများစုသည် ၄င်းတို့၏ရင်သွေးများကို အမေရိကန်နှင့် အင်္ဂလန်သို့ ပညာသင်စေလွှတ်လေ့ရှိပြီး သြစတြေးလျ၊ ကနေဒါ၊ ဆွစ်ဇာလန်၊ နယူးဇီလန်၊ စင်ကာပူ၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံများသို့ လည်း စေလွှတ်ကြသည်။

အဆိုပါအစီရင်ခံစာတွင် နိုင်ငံခြားသို့ပညာသင်သွားသော ကျောင်း သားများသည် ငယ်ရွယ်သူများဖြစ်ကြပြီး ပျမ်းမျှအားဖြင့် ၁၆ နှစ်အရွယ်များ ဖြစ်ကြောင်း တွေ့ရသည်။ လွန်ခဲ့သော ၁၀ နှစ်ကဆိုလျှင် တရုတ်နိုင်ငံမှ ချမ်းသာသူများသည် တရုတ်နိုင်ငံသားများ အများဆုံးရှိသော ကနေဒါနှင့် သြစတြေးလျနိုင်ငံ များသို့သာ ၄င်းတို့၏ သားသမီးများကိုစေလွှတ်ကြသည်။ ယခုအခါ ၄င်းတို့သည် လူမှုကွန်ရက် ပိုမိုကျယ်ပြန့်လာခဲ့ရာ ကမ္ဘာတစ်ဝန်း ပေါင်းသင်းဆက်ဆံမှုများရှိလာပြီး ကလေးများကို မည်သည့်နိုင်ငံကိုမဆို စေလွှတ်ကြသည်။ **(ဆင်ဟွာ)**

## အီတလီနိုင်ငံ၏ ပထမဆုံးအမျိုးသမီး အာကာသလေသူရဲ နိုင်ငံတကာအာကာသစခန်းသို့ ရောက်ရှိ

ရောမ နိုဝင်ဘာ ၂၄

အီတလီနိုင်ငံ၏ ပထမဆုံး အမျိုးသမီး အာကာသသူရဲစမန်သာခရစ်စတို ဖော်ရက်တီသည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်)သို့ ရောက်ရှိခဲ့ သည်။

၎င်းသည် တနင်္ဂနွေနေ့တွင် ကာဇက်စတန်၌ လွှတ်တင်ခဲ့သည့် ဆိုယုဇ်ဒုံးပျံ ၌ တာဝန်ထမ်းဆောင်ခဲ့သည့် အီတလီနိုင်ငံ၏ ပထမဆုံး အမျိုးသမီးအာကာသ သူရဲဖြစ်သည်။ ၎င်းသည် လွန်ခဲ့သော စက်တင်ဘာလက ရောက်ရှိခဲ့သော ရုရှားအမျိုးသမီး အာကာသယာဉ်မှူး ရီလီနဆာရိုဗာနှင့် ပူးပေါင်းလုပ်ကိုင် ခဲ့သည်။

မစ္စစ်ခရစ်စတိုဖော်ရက်တီသည် အီတလီလေတပ်တွင် ခေါင်းဆောင် တစ်ဦးဖြစ်ကာ ဥရောပအာကာသအေဂျင်စီတွင် လေသူရဲအဖြစ် ၂၀၀၉ ခုနှစ် က ရွေးချယ်ခံခဲ့ရသည်။ **(ဘီဘီစီ)**

## ဆီးရီးယားတပ်ဖွဲ့ဝင်များ အိုင်အက်စ်တို့အား တိုးမြှင့်တိုက်ခိုက်

ဒမတ်စကတ် နိုဝင်ဘာ ၂၄



ဆီးရီးယားတပ်ဖွဲ့ဝင်များက ဒါယာအယ်လ်ရာယာပြည်နယ် အရှေ့ပိုင်း အိုင်အက်စ်စစ်သွေးကြွများအား အရှိန်မြှင့်တိုက်ခိုက်မှုများ ပြုလုပ်လာသည်။

အဆိုပါ ပြည်နယ် အက်ရှ်မာနှင့် ဘတ်ဒရန်းဒေသများမှ အိုင်အက်စ် စစ်သွေးကြွများအား ရှင်းလင်းဖယ်ရှားနိုင်ခဲ့ပြီဖြစ်ကြောင်း ဆီးရီးယား တပ်မှူးက ပြောသည်။

ဇူဘီဒင်ဒေသ၌ နှစ်ဖက်အကြား တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားခဲ့ သည်။ အကြမ်းဖက်ဝါဒီများ စုရုံးရာ ဒေသကို ပစ်မှတ်ထား တိုက်ခိုက် နေကြောင်း ဆီးရီးယားတပ်ဖွဲ့က ပြောသည်။

လွန်ခဲ့သည့် သီတင်းပတ်က ဆီး ရီးယားတပ်ဖွဲ့အနေဖြင့် ဟွန်းဒေသ၌ လည်း တိုက်ခိုက်အောင်မြင်ခဲ့သည် ဟုဆိုသည်။

အစိုးရတပ်များက ဟွန်း ပြည်နယ်အလယ်ပိုင်း အိုင်အက်စ် တို့ထံမှ မဟာဗျူဟာကျသော ရှာရာ ဓာတ်ငွေ့လုပ်ကွက်ကို ပြန်လည် ရယူပြီး ရက်အနည်းငယ်အကြာတွင် အစိုးရတပ်များသည် အဆိုပါတိုက် ခိုက်မှု၌ အောင်မြင်ခဲ့သည်။

အိုင်အက်စ်တို့အား တိုက်ခိုက်ရာ တွင် ငွေကြေးလက်နက်နှင့် ထောက်ပံ့ ရေးပစ္စည်းလမ်းကြောင်းများ ဖြတ် တောက်ရေးသည် အဓိကကျကြောင်း၊ ဆီးရီးယားသမ္မတ ဘရှာအယ်လ်အာ ဆတ်က မကြာခဏပြောဆိုလေ့ရှိ သည်။

ဆီးရီးယားနိုင်ငံအတွင်း ၂၀၁၁ ခုနှစ် မတ်လကတည်းက အကြမ်း ဖက်တိုက်ခိုက်မှုများအတွင်း လူပေါင်း ၂၀၀၀၀၀ ကျော် သေဆုံးခဲ့ပြီဖြစ် ကြောင်း သိရသည်။ **(ပရက်စ်တီဗွီ)**

## အယ်လ်ရှာဘတ်စစ်သွေးကြွအဖွဲ့ဝင် ၁၀၀ ကျော် ကင်ညာတပ်ဖွဲ့က စစ်ဆင်ရေးနှစ်ခုဖြင့် သုတ်သင်

ကင်ညာ နိုဝင်ဘာ ၂၄

အသေအပျောက် များသော ဘတ်စ်ကားတစ်စီး တိုက်ခိုက်မှုနှင့် ဆက်နွယ်သည့် အယ်လ်ရှာဘတ် စစ်သွေးကြွ ၁၀၀ ကျော်အား ကင်ညာ တပ်ဖွဲ့ဝင်များက သုတ်သင်လိုက် ကြောင်း ကင်ညာဒုတိယသမ္မတက ပြောသည်။

ဘတ်စ်ကားတစ်စီးကို တိုက်ခိုက် မှုဖြစ်ပွားခဲ့သည့် ဆိုမာလီယာ၌ ကင်ညာတပ်ဖွဲ့ဝင်များက စစ်ဆင်ရေး နှစ်ခုဖြင့် တိုက်ခိုက်ချေမှုန်းခဲ့ခြင်း ဖြစ်သည်။



စနေနေ့က တိုက်ခိုက်မှုတွင် သေနတ်သမားများက ကင်ညာ မြောက်ပိုင်း ဘတ်စ်ကားတစ်စီးမှ ခရီးသည်များကို ပြန်ပေးဆွဲသွားခဲ့ ကြောင်း၊ ယင်းတို့အနက် ၂၈ ဦးကို သတ်ဖြတ်ခဲ့ကြကြောင်း ကင်ညာ တပ်ဖွဲ့ဝင်များက ပြောသည်။

အဆိုပါ အစ္စလာမ္မစ်အုပ်စုကို တိုက်ခိုက်ချေမှုန်းရာတွင် ပါဝင်ကူညီ ရန် ကင်ညာအစိုးရက ၎င်း၏တပ်ဖွဲ့ ဝင်များကို ဆိုမာလီသို့ စေလွှတ် ခဲ့သည့် ၂၀၁၁ ခုနှစ်ကတည်းက အယ်လ်ရှာဘတ်အဖွဲ့သည် ကင်ညာ ၌ တိုက်ခိုက်မှုများ ဆက်တိုက်ပြုလုပ် ခဲ့သည်။

ဆိုမာလီယာနယ်စပ်နှင့် ဆိုမာလီ ရှိ အယ်လ်ရှာဘတ် စခန်းနှစ်ခု တွင် ကင်ညာက မြေပြင်တပ်များ နှင့် ဂျက်လေယာဉ်များဖြင့်ပါ တိုက် ခိုက်ခဲ့ရာ ယခုသီတင်းပတ်အကုန် တွင် စစ်သွေးကြွ ၁၁၅ ဦး သေဆုံး ခဲ့ကြောင်း ကင်ညာကာကွယ်ရေး ဝန်ကြီးဌာနက ကြေညာချက်ထုတ် ပြန်ခဲ့သည်။ **(ဘီဘီစီ)**

## သံသယဖြစ်ဖွယ်အကြမ်းဖက်ကြံစည်မှုများ ဗြိတိန်နိုင်ငံသို့ လျင်မြန်စွာပျံ့နှံ့ရောက်ရှိ



လန်ဒန် နိုဝင်ဘာ ၂၄

သံသယဖြစ်ပွားဖွယ် အကြမ်း ဖက်ကြံစည်မှုများသည် ဗြိတိန်နိုင်ငံ သို့ လျင်မြန်စွာ ကူးစက်ပျံ့နှံ့လျက် ရှိကြောင်း နိုင်ငံ၏အဆင့်မြင့်ဆုံး ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ဤကဲ့သို့ အကြမ်းဖက်ကြံစည်မှုသည် ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် တစ်ခု သာရှိသော်လည်း ယခုနှစ်တွင် လေးခု သို့မဟုတ် ငါးခုခန့်ရှိခဲ့ကြောင်း စကော့တလန် အုပ်ချုပ်ရေးအဖွဲ့ဝင် တစ်ဦးက ဘီဘီစီသို့ တနင်္ဂနွေနေ့က ပြောသည်။

ဗြိတိန်နိုင်ငံသားများအား ဆီးရီး ယားနှင့် အီရတ်နိုင်ငံတို့ရှိ အကြမ်း ဖက်အုပ်စုများနှင့် ဆက်သွယ်မိမည် ကို စိုးရိမ်ကြောင်း ၎င်းကဆက်လက် ဖော်ပြခဲ့သည်။ စိုးရိမ်စရာကောင်း သော အကြမ်းဖက်ကြံစည်မှုများကို ဆက်လက်စောင့်ကြည့်နေကြောင်း ၎င်းက ထပ်လောင်းဖော်ပြခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်မှ စတင်၍ ရဲတပ်ဖွဲ့ဝင်များက ပြည်သူလူထုကို အကြမ်းဖက် လုပ်ရပ်များနှင့် သံသယ ဖြစ်ပွားဖွယ်လုပ်ရပ်များကို မည်သို့ စတင်သတင်းပို့ရမည်ကို အသိပညာ ဖြန့်ဝေပေးခဲ့သည်။

ဗြိတိန်နိုင်ငံသား အစွန်းရောက် ၂၀၀၀ ခန့်သည် ဆီးရီးယားနှင့် အီရတ်တို့ရှိ အိုင်အက်စ်အကြမ်းဖက် တပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်ခဲ့ ကြောင်း သိရှိရသည်။

ဗြိတိန်အစိုးရက အကြမ်းဖက်သူ ၂၅၀ ဗြိတိန်သို့ ပြန်လာခဲ့ကြောင်း ဖော်ပြခဲ့သည်။

အိုင်အက်စ် အကြမ်းဖက်သမား များသည် ယခုလက်ရှိတွင် ဆီးရီးယား နှင့်အီရတ်တို့ရှိ နယ်မြေဒေသအတော် များများကို ထိန်းချုပ်နိုင်ခဲ့သည်။ ၎င်း တို့သည် ထိန်းချုပ်ခံနယ်မြေများတွင် စက်ဆုပ်ရွံရှာဖွယ်ကောင်းသော လုပ် ရပ်များကို ကျူးလွန်ခဲ့ကြသည်။

ဗြိတိန် (ယူကေ)သည်လည်း အိုင်အက်စ်စစ်သွေးကြွများကို တိုက် ခိုက်ရာတွင် အကူအညီပေးခဲ့သည့် အနောက်နိုင်ငံများထဲမှ တစ်နိုင်ငံ ဖြစ်သည်။ **(ပရက်စ်တီဗွီ)**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များအား ပြန်လည်နုတ်ထွက်ခွင့်ပြု၍ မိဘများထံလွှဲပြောင်းပေးအပ်




**နေပြည်တော် နိုဝင်ဘာ ၂၄**

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးအစီရင်ခံတင်ပြရေး လုပ်ငန်းအဖွဲ့တို့၏ အစီအမံဖြင့် တပ်မတော်အတွင်း အရွယ်မရောက်သေးသူ ကလေးသူငယ်များကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အလိုက် အသေးစိတ်စိစစ်နုတ်ထွက်ခွင့်ပြုလျက်ရှိရာ ၈၀ စိစစ်တွေ့ရှိခဲ့ပြီး စိစစ်ဖော်ထုတ်ရရှိသော အရွယ်မရောက်သေးသူကလေးသူငယ်များအား ၎င်းတို့၏ မိဘများထံ ပြန်လည်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ကျင်းပသည်။**(အပေါ်ပုံ)**

အခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်သန်းစိုးနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရှေ့နေချုပ်ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်ကြသော UNICEF၊ UNHCR၊ ILO၊ Save the Children၊ World Food Programme၊ UNDP တို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်လည်နုတ်ထွက်ခွင့်ရ ကလေးသူငယ် ၈၀ နှင့် ၎င်းတို့၏ မိဘများ တက်ရောက်ကြသည်။

ရှေးဦးစွာ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ တပ်အင်အားဖြည့်တင်းရေးညွှန်ကြားရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ် တောက်ထွန်းနှင့် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ် Mr.Bertrand တို့က အမှာစကား ပြောကြားကြသည်။ ထို့နောက် တပ်မတော်မှ နုတ်ထွက်ခွင့်ပြုသည့် လက်မှတ်နှင့် ၁၀ နှစ်မှ ၁၈ နှစ်ကြား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး ကလေးများအား မိဘ(သို့မဟုတ်) အုပ်ထိန်းသူတို့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်းအနားပြီးနောက် ကလေးများနှင့်မိဘများကို မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံစာတင်ပြရေးလုပ်ငန်းအဖွဲ့နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့က စီစဉ်သော ကြားကာလပြုစုစောင့်ရှောက်ရေးစခန်းသို့ တပ်မတော်က ပို့ဆောင်ပေးခဲ့ပြီး ထိုစခန်း၌ မိဘများနှင့် အဆက်အသွယ်မရရှိသေးပါက ဆက်သွယ်ဆောင်ရွက်ပေးခြင်း၊ ကျန်းမာရေးဆေးဝါးကုသရန် လိုအပ်မှုရှိ/မရှိ စစ်ဆေး၍ လိုအပ်က ဆေးဝါးကုသမှုခံယူစေခြင်း၊ ကျောင်းပြန်တက်ရန်ဆန္ဒရှိပါက ကျောင်းပြန်တက်ရန်၊ ကျောင်းပြင်ပပညာသင်ကြားရန်၊ အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိပါက မျှတသောအလုပ်အကိုင်ရရှိနိုင်ရန်၊ လိုအပ်သည့် ကျွမ်းကျင်မှုများ သင်ယူရန်၊ ဖြစ်နိုင်ခြေများဆန်းစစ်ခြင်းနှင့် လက်ငင်းအသုံးပြုရန် အခြေခံပစ္စည်းများဝေငှခြင်း၊ အိမ်အပြန်ခရီးစရိတ်နှင့် စားစရိတ်စီစဉ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

အလားတူ မိဘများထံလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို အဆိုပါ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရန်ကုန်)၌ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၃ ရက်က ၄၂ ဦးကို ပထမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်တွင် ၂၄ ဦးကို ဒုတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၇ ရက်က ၄၂ ဦးကို တတိယအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၈ ရက်က ၉၆ ဦးကို ပဉ္စမအကြိမ်အဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ် ဩဂုတ်လ ၁ ရက်က ၉၁ ဦးကို ဆဋ္ဌမအကြိမ်အဖြစ်လည်းကောင်း၊ ရန်ကုန်မြို့ မြဝတီစာပေတိုက်ခန်းမ၌ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၂၅ ရက်က ၁၀၉ ဦးကို သတ္တမအကြိမ်အဖြစ်လည်းကောင်း လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီး ယခုအကြိမ်သည် အဋ္ဌမအကြိမ်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရန် ရည်ရွယ်ချက်ဖြင့် ၂၀၁၂ ခုနှစ် ဇွန်လ ၂၇ ရက်တွင် ၁၈ လတာလုပ်ငန်းစီမံချက်ကို (UNCT-FMR)နှင့် လက်မှတ်ရေးထိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစီမံချက်သက်တမ်းအား ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်က ပထမအကြိမ်ခြောက်လ၊ ၂၀၁၄ ခုနှစ် ဇွန်လ ၂၈ ရက်က ဒုတိယအကြိမ် ခြောက်လ သက်တမ်းတိုးမြှင့် လုပ်ဆောင်ခဲ့သည်။

တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်စစ်သည်များ တပ်မတော်အတွင်း၌ လုံးဝမကျန်ရှိစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အရွယ်မရောက်သေးသူကလေးသူငယ်များအား လုံးဝစုဆောင်းခြင်းမပြုရန်နှင့် အကြောင်းအမျိုးမျိုးဖြင့် မှားယွင်းစုဆောင်းခဲ့သူများရှိပါကလည်း အမြန်ဆုံးထွက်ခွင့်ပြုရန် စိစစ်ဆောင်ရွက်လျက်ရှိသည့်အပြင် တာဝန်ရှိသူများကိုလည်း စစ်စည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိရာ တာဝန်ရှိသူ အရာရှိ ၄၈ ဦးနှင့် စစ်သည် ၂၇၁ ဦး စုစုပေါင်း ၃၁၉ ဦးအား စစ်စည်းကမ်းနှင့်အညီ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## မန္တလေး ချမ်းမြသာစည်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၈ ပြား ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နိုဝင်ဘာ ၂၂ ရက်က မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး မှုခင်းအကူဌာနမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် ၇၈ လမ်းမပေါ်ရှိ ILBC ကျောင်းရှေ့ ဆိုင်းဘုတ်အနီး၌ ဆိုင်ကယ်ဖြင့် ရပ်နေသည့် အေးမင်းထွန်း(ဒုတိယလူဝင်မှုကြီးကြပ်ရေးမှူး၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)နှင့် ဇနီး မလှကြည်တို့ကိုရှာဖွေရာ မလှကြည်၏ ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၄ ပြား၊ အေးမင်းထွန်းထံမှ မြန်မာငွေကျပ် ၉ ဒသမ ၁ သိန်းနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိပြီး ၎င်းတို့နေထိုင်သည့် မြစ်သားမြို့ မင်းကုန်းရပ်ကွက်(၅)လမ်း အမှတ်(မက/၅၀) နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ရှေ့ စားပွဲအံဆွဲအတွင်းမှ ပလတ်စတစ်ဘူးများဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၃၈၄ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၈ ပြား သိမ်းဆည်းရမိသဖြင့် အေးမင်းထွန်း(၄၄ နှစ်)နှင့် မလှကြည်(၆၀ နှစ်)တို့ နှစ်ဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



အေးမင်းထွန်းနှင့်မလှကြည်တို့နှစ်ဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**(သတင်းစဉ်)**

## ကေအိုင်အေ(ကချင်)အဖွဲ့က တပ်မတော်စခန်းများအား နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကေအိုင်အေ(ကချင်)အဖွဲ့သည် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် လွယ်ရင်းကျေးရွာအနီး၌ နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော တပ်မတော်စခန်းကို နိုဝင်ဘာ ၂၂ ရက် ညနေ ၅ နာရီ ၅ မိနစ်ခန့်က လက်နက်ကြီးဖြင့် လာရောက်ပစ်ခတ်ခဲ့ရာ ပြန်လည်ပစ်ခတ်မှုများ ပြုလုပ်ခဲ့သည်။

အလားတူ နိုဝင်ဘာ ၂၃ ရက် နံနက် ၄ နာရီခန့်တွင်လည်း ဗန်းမော်ခရိုင် ဒေ့ါဖုန်းယန်မြို့နယ်ခွဲ ကွန်ပါယန်ဒေသအတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စခန်းကို ကေအိုင်ကေ(ကချင်)အဖွဲ့က လက်နက်ကြီးဖြင့် လာရောက်နှောင့်ယှက်ပစ်ခတ်ခဲ့ရာ သတိပေးပြန်လည်တုံ့ပြန်ပစ်ခတ်မှုများ မလွဲမရှောင်သာ ထပ်မံပြုလုပ်ခဲ့ရပါသည်။

တပ်မတော်အနေဖြင့် နှစ်ဖက်ထိပ်တိုက်တွေ့ဆုံမှုများကို ရှောင်ရှားနိုင်ရေး အောက်ခြေအဆင့်ဆင့်ကို ထိန်းသိမ်းကြပ်မတ်လျက်ရှိပြီး ကေအိုင်ကေ(ကချင်)အဖွဲ့အနေဖြင့် ၎င်းတို့၏ တပ်ဖွဲ့များကို ထိန်းသိမ်းသွားရန် ပြည်နယ်အစိုးရမှတစ်ဆင့် ကေအိုင်အို ပဋိပက္ခညှိနှိုင်းဖြေရှင်းရေးအဖွဲ့သို့ အကြောင်းကြားစာ ထပ်မံပေးပို့ထားကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

## ကေအိုင်အေ(ကချင်)အဖွဲ့မှ တပ်သားတစ်ဦး လက်နက်မဲ့ဝင်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကေအိုင်အေ(ကချင်) အဖွဲ့ တပ်ရင်း (၄)မှ တပ်သားအဆင့်ရှိ ခင်မောင်ဝင်း(၂၆ နှစ်)သည် နိုဝင်ဘာ ၂၂ ရက် ညနေ ၃ နာရီ မိနစ် ၄၀ တွင် တပ်မတော်စစ်ကြောင်းသို့ လက်နက်မဲ့ဝင်ရောက်ခဲ့သည်။

ခင်မောင်ဝင်းသည် ၂၀၁၄ ခုနှစ် ဧပြီလတွင် မြစ်ကြီးနားမြို့နယ် မရှိယန်ရွှေမှော်မှ အလုပ်ထွက်ခဲ့ပြီး မြစ်ကြီးနားမြို့သို့ ဝေ့ထော်လမ်းအတိုင်း ပြန်လာစဉ် ကေအိုင်အေ(ကချင်)အဖွဲ့၏ အဓမ္မဖမ်းဆီးစုဆောင်းခြင်းခံရကာ မေလတွင် ကေအိုင်အေ(ကချင်)အဖွဲ့ တပ်ရင်း(၄)သို့ ရောက်ရှိပြီး စစ်သင်တန်း နှစ်လခန့် တက်ရောက်ခဲ့ရကြောင်း၊ သင်တန်းဆင်းပြီးနောက် ယင်းတပ်ရင်းတွင် ပြည်သူ့စစ်တာဝန်ထမ်းဆောင်ရကြောင်း၊ ကေအိုင်အေ(ကချင်)အဖွဲ့၌ နေလိုစိတ်မရှိသဖြင့် ထွက်ပြေးရန် အကြိမ်ကြိမ်ကြိုးစားခဲ့ပြီး ကေအိုင်အေ(ကချင်)အဖွဲ့ တပ်ရင်း(၄) လက်အောက်ခံ ၁၇ မိုင်စခန်းသို့ ရောက်ရှိစဉ် ထွက်ပြေး၍ တပ်မတော်စစ်ကြောင်းသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**(မြဝတီ)**



ဆောင်းပါးနှင့် ပြည်တွင်းသတင်း

# ဒို့ကျောင်းတော်ကြီး စိုက်ပျိုးရေးတက္ကသိုလ်

ဒေါက်တာချစ်(စိုက်ပျိုး)

မြန်မာနိုင်ငံ စိုက်ပျိုးရေးတက္ကသိုလ်ကျောင်း၏ (နဝရတ်ရတု) နှစ် ၉၀ မြောက် အခမ်းအနားကို ၂၀၁၄ခုနှစ် ဒီဇင်ဘာလထဲတွင် ကျင်းပမည်ဖြစ်သည်ဟု သိရသည်။

ကျွန်ုပ်တို့ကျောင်းတော်ကြီးကို ၁၉၂၄ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်က မန္တလေးမြို့၌စတင်တည်ထောင် ဖွင့်လှစ်ခဲ့သည်။ ထိုစဉ်က တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများကို စိုက်ပျိုးရေးကောလိပ်က ဝင်ခွင့်ပြုသည်။ စိုက်ပျိုးရေးဒီပလိုမာဘွဲ့သုံးနှစ်သင်တန်းဖြစ်သည်။ ပထမတွင် ကျောင်းသူမပါဘဲ ကျောင်းသားချည်း ၂၄ ဦး တက်ရောက်သင်ကြားပြီး ၁၁ ဦး ဒီပလိုမာဘွဲ့ရရှိခဲ့သည်။ ယခုအခါ ၂၀၁၄ ခုနှစ်တွင် ဝင်ခွင့်လျှောက်ထားသူ ၃၂၀၀ ကျော်မှ ၅၀၀ ကိုသာ လက်ခံနိုင်သည်။ ၁၉၄၉- ၁၉၅၀ ပြည့်နှစ်မှစ၍ ကျောင်းသူတစ်ဦးသာ တက်ရောက်သင်ကြားခဲ့ပြီး ယခုအခါ၌မူ ရာနှင့်ချီ၍ တက်ရောက်သင်ကြားနေပြီဖြစ်သည်။ ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အထိ ဒုတိယကမ္ဘာစစ်ဖြစ်၍ ကျောင်းပိတ်ထားရသည်။ ၁၉၄၈-၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကောလိပ်၌ နှစ်နှစ်တာ (Pure Science)သိပ္ပံဘာသာတွဲဖြင့် အောင်မြင်ပြီးမှ စိုက်ပျိုးရေးမဟာ ဌာန (Faculty)၌ နှစ်နှစ်သင်တန်းတက်၍ အောင်မြင်လျှင် စိုက်ပျိုးရေးဘွဲ့ (B.SC Ag)ကိုပေးသည်။ တစ်ဖန် ၁၉၅၅-၁၉၅၇ ခုနှစ်မှစပြီး စိုက်ပျိုး ရေးမဟာဌာန၌ နှစ်နှစ်အစား သုံးနှစ်သင်တန်းအဖြစ် သတ်မှတ်ခဲ့သည်။ ထို့နောက် ၁၉၆၄-၁၉၆၅ မှစ၍ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး ကောလိပ် တွင် သီးခြားပညာသင်ကြားရန် မလိုတော့ဘဲ စိုက်ပျိုးရေးတက္ကသိုလ် တွင်ပင် ငါးနှစ်သင်တန်းကို တစ်ဆက်တည်းတက်ရသည်။ တစ်ဖန် ၁၉၇၆- ၁၉၇၇ ခုနှစ်တွင် ဒေသကောလိပ်များပေါ်ပေါက်လာပြီး ထိုကောလိပ်များ မှ အောင်မြင်သူများကို စိုက်ပျိုးရေးတက္ကသိုလ်၌ ပညာဆက်လက်သင်ကြား ပြီး စိုက်ပျိုးရေးဘွဲ့ကို ပေးသည်။ ၁၉၇၈-၁၉၇၉ ခုနှစ်မှစ၍ ပြည်တွင်း၌ပင် စိုက်ပျိုးရေးမဟာဘွဲ့ကိုပေးသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့ ကျောင်းတော်ကြီးမှ ဘွဲ့ရရှိသူများသည် ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ မဟာဘွဲ့(သို့မဟုတ်) ပါရဂူဘွဲ့တို့ကို သတ်မှတ်ချိန်အတွင်း အောင်မြင်ကြသည်သာဖြစ်သည်။

ကျွန်ုပ်တို့ကျောင်းတော် (စိုက်ပျိုးရေးတက္ကသိုလ်) တည်ထောင်ပြီးစအချိန် ၁၉၃၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ လူဦးရေသည် ၁၅ သန်းခန့်သာရှိခဲ့ရာမှ ယခု ၂၀၁၄ ခုနှစ်တွင်မူ လူဦးရေက "မိုးကြောင့်၊ ပိုးကြောင့်၊ မျိုးကြောင့်" ဟု အကြောင်းပြချက်မရှိဘဲ ၅၁ သန်းကျော်အထိ တိုးပွားနေပေပြီ။ နောင်တွင် ထပ်မံတိုးပွားလာမည့် လူဦးရေကို မျှော်မှန်းပြီး ရိက္ခာထုတ်လုပ်နိုင်မည့် အလားအလာများကို ကြိုတင်ပြင်ဆင်ကြရဖြစ်သည်။

မြန်မာနိုင်ငံတွင် ရာသီဥတုမျိုးစုံ၊ မြေအမျိုးအစားမျိုးစုံ၊ မြေအနိမ့်အမြင့်မျိုးစုံ ရှိသည့်အပြင် တော၊ တောင်၊ အင်း၊ အိုင်၊ ချောင်း၊ မြောင်းစသည်များလည်းရှိနေသဖြင့် သီးခြားကမ္ဘာငယ်လေးသဖွယ် တစ်နိုင်ငံတည်းတွင် သဘာဝပတ်ဝန်းကျင် အခြေအနေကောင်းမျိုးစုံ ရှိနေသည်။ ထို့ကြောင့် လူ့ဘဝကြီး ရပ်တည်နိုင်ဖို့ စားစရာ၊ ဝတ်စရာ၊ နေထိုင်စရာများကို မိမိနိုင်ငံအတွင်းမှာပင် ရရှိနိုင်သည်။

ထို့အပြင် မြေယာအကျယ်အဝန်းမှာလည်း စိုက်ပျိုးနိုင်သော မြေဧရိယာဧက ၈၄ ဒသမ ၇ သန်းရှိပြီး လက်ရှိစိုက်ပျိုးနေသော မြေဧရိယာမှာ ၂၉ ဒသမ ၄ သန်းခန့်သာရှိသေးသဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၄ ဒသမ ၆၅ ရာခိုင်နှုန်းသာ ရှိသေးသည်။ ထို့ကြောင့် နောက်ထပ်တိုးချဲ့နိုင်သော မြေဧရိယာ ဧက ၅၅ သန်းကျော် ကျန်ရှိနေသေးသည်။ လက်ရှိလူဦးရေနှင့် စိုက်ပျိုးနေသော မြေဧရိယာအချိုးကိုကြည့်လျှင် လူတစ်ဦးသည် စိုက်ပျိုးမြေဧရိယာ ဧက ၀ ဒသမ ၅ သန်းခန့်အပေါ် မှီခိုနေရသည်။ လူဦးရေ ၅၁ သန်းတွင် ၇၀ ရာခိုင်နှုန်းက ကျေးလက်မှာနေသူများဖြစ်သဖြင့် ၃၅ သန်းကျော် ကျေးလက်ဒေသတွင် နေထိုင်ကြသည်ဖြစ်၍ လူစွမ်းအားရှိပြီးဖြစ်သည်။ နောက်ထပ်လည်း လူဦးရေသည်တိုးပွားနေဦးမည်ဖြစ်သည်။ ၁၉၃၁ ခုနှစ်က လူဦးရေ ၁၅ သန်းခန့်ရှိခဲ့ရာမှ ယခု ၂၀၁၄ ခုနှစ်တွင် ၅၁ သန်းကျော်ဖြစ်လာသဖြင့် လွန်ခဲ့သော ၈၃ နှစ်အတွင်း ၃၆ သန်းကျော် တိုးပွားလာသည်။ အလုပ်လုပ်မည့် လက်များတိုးပွားလာသည်နှင့်အမျှ စားမည့်ပါးစပ်များလည်း တိုးပွားလာနေသည်။

မြန်မာနိုင်ငံတွင် တိုးပွားနေသော လူဦးရေအတွက် စိုက်ပျိုးမြေယာတိုးချဲ့ရန် နေရာရှိသည်။ လူ့စွမ်းအားရှိသည်။ သဘာဝအခြေအနေမျိုးစုံရှိသည်။ လိုအပ်သည်မှာ အရင်းအနှီးနှင့် နည်းပညာဖြစ်သည်။ မြေယာတိုးချဲ့ရေးအတွက် ထိုအချက်များကို ဦးဆောင်သူများက စနစ်တကျစီမံ ခန့်ခွဲပေးရန် အထူးအရေးကြီးသည်။ ထိုသို့ တိုးချဲ့စိုက်ပျိုးရေး (Extensive Agriculture) သာမကဘဲ သီးနှံမျိုးရွေးချယ်ခြင်း၊ မြေဩဇာအပြည့်အဝ သုံးစွဲခြင်း၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်း၊ ရေသွင်းရေထုတ်စနစ်ကျ ခြင်း၊ ထွန်ရေးထယ်ရေး ကောင်းမွန်ခြင်း၊ ရိတ်သိမ်းခြွေလှေ့မှု မှန်ကန် ခြင်း၊ သိုလှောင်ကြိတ်ခွဲမှုမှန်ကန်ခြင်း၊ ဖြန့်ဖြူးခြင်းစသော လုပ်ငန်းများကို ဖိဖိစီးစီး (Intensive Agriculture) လုပ်ဆောင်သွားရန်လည်း တတ်သိ ပညာပြည့်စုံရန် လိုအပ်ပါသည်။

ထိုထိုသော တတ်သိပညာများနှင့်ပြည့်စုံသည့် ပညာရှင်များ မွေးထုတ်ပေးရန် ကျောင်းတော်ကြီး (စိုက်ပျိုးရေးတက္ကသိုလ်)က တာဝန်ယူရမည်ဖြစ်ပါသည်။ ထိုသို့သော တာဝန်ကိုယူနိုင်စေရန်လည်း ကျောင်းတော်ကြီးတစ်ခုတည်းက မဆောင်ရွက်နိုင်သဖြင့် သက်ဆိုင်ရာဌာနများ၊ အကြီးအကဲများ၊ ကျောင်းသားဟောင်းကြီးများက ကျရာတာဝန်ကို ထမ်းဆောင်သွားမှသာ အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသည်။ ထိုသို့ ယုံကြည်သည့်အတိုင်း တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကူညီကြပါဟု တိုက်တွန်းလိုက်ရပါသည်။ ။

**မြန်မာနိုင်ငံတွင် တိုးပွားနေသော လူဦးရေအတွက် စိုက်ပျိုးမြေယာ တိုးချဲ့ရန် နေရာရှိသည်။ လူ့စွမ်းအားရှိသည်။ သဘာဝအခြေအနေမျိုးစုံရှိသည်။ လိုအပ်သည်မှာ အရင်းအနှီးနှင့် နည်းပညာဖြစ်သည်။ မြေယာ တိုးချဲ့ရေးအတွက် ထိုအချက်များကို ဦးဆောင်သူများက စနစ်တကျ စီမံခန့်ခွဲပေးရန် အထူးအရေးကြီးသည်။**

# ပညာရေးဆိုင်ရာ နည်းဥပဒေများနှင့် ကဏ္ဍခွဲဥပဒေများရေးဆွဲရာတွင် ထိရောက်စွာ ဆွေးနွေးညှိနှိုင်းရန်တိုက်တွန်း



Ms.Edwina Betts
First Secretary, Australia



Mr.Bertrand Bainvel
Country Representative,UNICEF



Mr.James Stevens
Education Specialist, World Bank



Mr.Jonathan Caseley
International Planning Expert, CESR



Mr.Konrad de Bartoli
Head of Project, GIZ

မကြာသေးမီက အတည်ပြုထုတ်ပြန်ခဲ့သော အမျိုးသားပညာရေးဥပဒေသည် ရှေးဦးအရွယ် ကလေးသူငယ်ပညာရေးမှဘဝတစ်သက်တာ သင်ယူရေးအထိ ပညာရေးအဆင့်အားလုံးကို ခြုံငုံသည့် ဥပဒေဖြစ်ကြောင်းနှင့် လူတိုင်းအတွက် အရည်အသွေးပြည့်မီသော ပညာရေးဖြစ်လာရေးအတွက် အဓိကအလေးပေးသည့်ဥပဒေဖြစ်ကြောင်း၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကျွမ်းကျင်သူပညာရှင်များ ပါဝင်သည့်ဆွေးနွေးပွဲတစ်ရပ်က သဘောတူညီခဲ့ကြကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းရုံး (Comprehensive Education Sector Review-CESR)တွင် နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီက ပညာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိများ၊ ပညာရေးဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများဖြစ်သော အာရှဖွံ့ဖြိုးရေးဘဏ်၊ DFAT (ဩစတြေးလျ)၊ ဗြိတိသျှကောင်စီ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ ဥရောပသမဂ္ဂ၊ GIZ၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၊ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (JICA)၊ Myanmar Education Consortium၊ Open Society Foundation, Save the Children, DFID(UK)၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၊ ကုလသမဂ္ဂကလေးသူငယ်များရန်ပုံငွေအဖွဲ့ (UNICEF)၊ ကမ္ဘာ့ဘဏ်နှင့် CESR လုပ်ငန်းအဖွဲ့ဝင်များက မကြာသေးမီက အတည်ပြုထုတ်ပြန်ခဲ့သည့် အမျိုးသားပညာရေးဥပဒေနှင့်ပတ်သက်၍ သဘောထားများဆွေးနွေးကြရာတွင် တက်ရောက်လာသူအားလုံးက အထက်ပါအတိုင်းသဘောတူညီခဲ့ကြခြင်းဖြစ်သည်ဟု သိရသည်။

အဆိုပါအစည်းအဝေးမှ သဘောတူညီချက်များနှင့် အကြံပြုတိုက်တွန်းချက်များမှာ-

၁။ အစည်းအဝေးတက်ရောက်သူအားလုံးသည် ရှေးဦးအရွယ်ကလေးသူငယ် ပညာရေးမှ ဘဝတစ်သက်တာ သင်ယူရေးအထိ ပညာရေးအဆင့်အားလုံးကို ခြုံငုံသည့် အမျိုးသား ပညာရေးဥပဒေဖြစ်ကြောင်း အတည်ပြုကြသည်။ လူတိုင်းအတွက် အရည်အသွေးပြည့်မီသော ပညာရေးဖြစ်လာရေးအတွက် အဓိကအလေးပေးသည့် အမျိုးသားပညာရေးဥပဒေဖြစ်ကြောင်းကိုလည်း သဘောတူခဲ့ကြပါသည်။

၂။ အမျိုးသားပညာရေးဥပဒေကို အသေးစိတ်ထပ်မံဖွင့်ဆိုနိုင်ရန် ပညာရေးဆိုင်ရာနည်းဥပဒေများ(by-laws) နှင့် ကဏ္ဍခွဲဥပဒေများ (sub-sector laws) ကို ရေးဆွဲရာတွင် ပိုမိုရှင်းလင်းပြီး ထိရောက်စွာ အကောင်အထည်ဖော်မှု သေချာခိုင်မာစေရန် လုပ်ကိုင်ဆောင်ရွက်ရမည့် အခြေခံနည်းဥပဒေများကို ထည့်သွင်းရန်လိုအပ်ကြောင်းကိုလည်း သဘောတူခဲ့ကြပါသည်။

၃။ ပညာရေးဆိုင်ရာ နည်းဥပဒေများ (by-laws)နှင့် ကဏ္ဍခွဲဥပဒေများ (sub-sector laws) သည် တစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ အခြားကဏ္ဍဥပဒေများနှင့်သော်လည်းကောင်း လိုက်လျောညီထွေမှုရှိရပါမည်။

၄။ ပညာရေးအရည်အသွေးမြင့်မားရေးအတွက် မိဘပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုသည် အင်မတန်လိုအပ်ပါသည်။

၅။ ပညာရေးဆိုင်ရာ နည်းဥပဒေများ (by-laws) နှင့် ကဏ္ဍခွဲဥပဒေများ (sub-sector laws) ရေးဆွဲရာတွင် ထိရောက်သော ဆွေးနွေးညှိနှိုင်းခြင်းကို အကြံပြုတိုက်တွန်းထားပါသည်ဟူ၍ ဖြစ်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အာရှအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုဘဏ်တွင် မြန်မာနိုင်ငံမှ မူလအဖွဲ့ဝင်အဖြစ်** ပါဝင်ရန်နှင့်စပ်လျဉ်း၍ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေးအကောင်အထည်ဖော်မှုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာအပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခဲ့ကြသည်။

**လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း**က လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးဖြစ်ထွန်းစေရန်ရည်ရွယ်ပြီး ရေးဆွဲခဲ့ကြခြင်းဖြစ်ပါကြောင်း၊ သို့သော်လည်း လက်ရှိဖြတ်သန်းနေရသည့် ခေတ်ကာလနှင့်ကိုက်ညီမှုမရှိတော့သည့် ပြင်ဆင်သင့်၊ ဖြည့်စွက်သင့်သည့်ပုဒ်မများကို နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် ပြင်ဆင်ဖြည့်စွက်သွားကြရမည် ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။



ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

**ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်**က ယနေ့အချိန်သည် တိုင်းရင်းသားအချင်းချင်း ယုံကြည်မှု တည်ဆောက်နေချိန်၊ အမျိုးသားညီညွတ်မှု တည်ဆောက်နေချိန်နှင့် ထာဝရငြိမ်းချမ်းရေးရရှိ အောင်ဆောင်ရွက်နေချိန်ဖြစ်ပါကြောင်း။

အခြေအနေအရ အချိန်အခါကောင်းနှင့်ကြုံကြိုက်ချိန်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အမျိုးသားရေး တာဝန်ဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက်လည်းကောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကျင့်သုံးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် လည်းကောင်း အားလုံးက ညီညွတ်စွာ ဆောင်ရွက်ကြရန်လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ**က မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနိုင်ငံကို အမှန်တကယ်သွားရန်ဆန္ဒရှိပါက အခြေခံကောင်းများပါသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေမျိုးဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ ပြင်ဆင်သင့်၊ အစားထိုးသင့်သည့် ဥပဒေများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**ရှမ်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၄)မှ ဦးစိုင်းသန့်ဇင်**က နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေး၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းရေးနှင့် နိုင်ငံသားများ၏ မူလအခွင့်အရေးရရှိရေးတို့ကို ရှေးရှုပြီး တိုင်းရင်းသား၏ အကျိုးကို ရေရှည်မျှော်မှန်းကာ ပြင်ဆင်သင့်သည့် ပုဒ်မများ၊ ပြောင်းလဲသင့်သည့် ပုဒ်မများကို ပြင်ဆင်ပြောင်းလဲသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

**တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးသိန်းထွန်း**က နိုင်ငံတော် တည်ငြိမ်စွာနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်မှုပြုလုပ်ရာတွင် မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေ၊ နိုင်ငံရေးပါတီများ၏ နိုင်ငံရေးစေတနာ၊ ရေရှည်မျှော်မှန်းချက်တို့ကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပါကြောင်း၊ ပြည်သူအတွက် ရေရှည်အာမခံချက်ရှိသည့် စေတနာထားရှိမည်ဆိုပါက မိမိတို့၏လိုလားချက်များကို ကိုင်စွဲမထားဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် အသင့်လျော်ဆုံး၊ အဖြစ်သင့်ဆုံးကို အဖြေထုတ်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံတော် တည်ငြိမ်မှုကို ပျက်ပြားစေမည့် ဆန္ဒလွန်ဆွဲမှုများကို လျှော့ချပြီး ပြည်သူအတွက် အမှန်တကယ်ဖြစ်သင့်သည်များကို တစ်ဆင့်ချင်း ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ယခုအစီရင်ခံစာကို နိုဝင်ဘာ ၁၆ ရက်မှ စတင်ဆွေးနွေးခဲ့ရာ ယနေ့အထိ လွှတ်တော်ကိုယ်စားလှယ် ၁၃၀ ဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်း ရေးဆွဲဆောင်ရွက်ကာ လွှတ်တော်သို့ တင်ပြရန်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပထမအကြိမ် ပြည်သူ့လွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်၏ **“အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က နိုင်ငံတော်အနေဖြင့် အမျိုးသမီးများ၏ မူလအခွင့်အရေးများနှင့် ရုပ်ပိုင်း၊ စိတ်ပိုင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ မဖြစ်ပွားစေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေများ၊ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများဖြင့် အကာအကွယ်ပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသမီးရေးရာကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်ကို ၁၉၉၇ ခုနှစ်တွင် လက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။

ထို့အပြင် လူမှုစီးပွားအခြေအနေများ၊ ယဉ်ကျေးမှုဆိုင်ရာ ရှေးရိုးစွဲအယူအဆများ သို့မဟုတ် ပဋိပက္ခများကြောင့် မတရားစော်ကားခံရမှုများမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊ လိင်မှုဆိုင်ရာနှင့် ကျား/မရေးရာ အခြေခံအကြမ်းဖက်မှုများကို တားဆီးကာကွယ်နိုင်ရန် စသည့် ရည်ရွယ်ချက်များနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများဖြစ်သည့် ကျား/မ တန်းတူညီမျှမှုကွန်ရက်မှ ကိုယ်စားလှယ်များ၊ United Nations Gender Theme Group(UNGTG) မှ ကိုယ်စားလှယ်များပါဝင်သည့် ဦးဆောင်ကော်မတီ၊ ဥပဒေကြမ်းရေးဆွဲရေးဆိုင်ရာလုပ်ငန်းကော်မတီနှင့် နည်းပညာဆိုင်ရာ အကြံပေးကော်မတီ စသည့်ကော်မတီ(၃)ရပ်ကို ဖွဲ့စည်းကာ “အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်း” ကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလမှ ယနေ့အထိ အစည်းအဝေး(၆)ကြိမ် ကျင်းပပြုလုပ်၍ အခန်း(၉)အထိ ရေးဆွဲဆောင်ရွက်ခဲ့ပြီး ဖြစ်သည်ဟု သိရှိရပါကြောင်း။

သို့ဖြစ်၍ “အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေကြမ်း” ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ကော်မတီများ ဖွဲ့စည်းရေးဆွဲဆောင်ရွက်ကာ လွှတ်တော်သို့ တင်ပြသွားရန် စီမံထားရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ချောင်းဦးမဲဆန္ဒနယ်မှ ဦးစောလှထွန်း၏ **“မိမိနိုင်ငံ၏ လမ်းစနစ်နှင့် ကိုက်ညီသော(Brand New) ဘယ်မောင်းကားအသစ်များကို သက်သာသော အခွန်နှုန်းထားဖြင့် သုံးစွဲခွင့်ပြုရန်နှင့် အခြားနိုင်ငံမှ တင်သွင်းမည့်ကားများကို မတင်သွင်းမီ နိုင်ငံတကာ စံချိန်မီ အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ အရည်အသွေးစစ်ဆေးခြင်းလက်မှတ်(Inspection Certificate) ပါရှိမှ တင်သွင်းခွင့်ပြုရန် အစီအစဉ်ရှိ၊ မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က လက်ရှိကာလတွင် လူစီးမော်တော်ယာဉ်များကို ၂၀၀၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ဘယ်မောင်း ညာမောင်းမခွဲခြားဘဲ ခွင့်ပြုပေးလျက်ရှိပြီး ရောက်ရှိခုနှစ်နှင့် တစ်နှစ်နိမ့်မော်ဒယ်(ဘယ်မောင်း) တင်သွင်းခြင်းကို ၂၀၁၅ ခုနှစ်တွင် စတင်ကျင့်သုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မော်တော်ယာဉ် တင်သွင်းခြင်းအတွက် သွင်းကုန်လိုင်စင်/ပါမစ်ထုတ်ပေးခြင်းသာ ဆောင်ရွက်ပေးလျက်ရှိပြီး မော်တော်ယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိခြင်းအတွက် အကောက်ခွန်နှင့် ကုန်သွယ်ခွန်များကို အကောက်ခွန်ဦးစီးဌာနကလည်းကောင်း၊ ကနဦးမှတ်ပုံတင်ခြင်းအတွက် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကလည်းကောင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံသားများ ကားကောင်းကားသစ်များ ဝယ်ယူသုံးစွဲနိုင်ရေးအတွက် ဆိပ်ကမ်းသို့ရောက်ရှိလာသည့် မော်တော်ယာဉ်များကို ထိခိုက်တိုက်ကျေမှု ရှိ/မရှိကို ဦးစွာစစ်ဆေး၍ ကောင်းမွန်သည့် မော်တော်ယာဉ်များကို အကောက်ခွန်ဦးစီးဌာနမှ Import Declaration(ID) ဖွင့်လှစ်၍ မော်တော်ယာဉ် ထုတ်ယူခွင့်ပြုပါကြောင်း။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မော်တော်ယာဉ်များကို ကနဦးမှတ်ပုံတင်ခွင့်ပြုရာတွင် မော်တော်ယာဉ်အမျိုးအစား၊ အမျိုးအမည်၊ အတိုင်းအတာ၊ ယာဉ်ထုတ်လုပ်သည့် ခုနှစ်များကို သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဦးစီးဌာန၏ တင်ပြချက်၊ သက်ဆိုင်ရာ နိုင်ငံများမှ ဖျက်သိမ်းပြီးကြောင်း အထောက်အထားဖြင့် တိုက်ဆိုင်စစ်ဆေးပါကြောင်း။

ထို့အပြင် မော်တော်ယာဉ်ဆိပ်ကမ်းသို့ ရောက်ရှိစဉ် အကောက်ခွန်ဦးစီးဌာနမှပေးပို့သည့် ဓာတ်ပုံအထောက်အထားများနှင့်စစ်ဆေးခြင်း၊ Car Catalouge ဖြင့် စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပါကြောင်း၊ မော်တော်ယာဉ်၏ သတ်မှတ်ခုနှစ် ပုံစံတစ်နှစ်ကွာခြားပါက ဒဏ်ကြေးတစ်သိန်းကောက်ခံ ဆောင်ရွက်ပါကြောင်း၊ ယာဉ်၏ တင်အား ၁ တန်မှ သုံးတန်ထိ ကွဲလွဲခြင်းကို ကျပ်တစ်သိန်းကောက်ခံ၍ သုံးတန်အထက်ကွဲလွဲခြင်းကို ကျပ်နှစ်သိန်း ကောက်ခံပါကြောင်း၊ အခြားနိုင်ငံများနည်းတူ တင်သွင်းမည့် ကားများကို မတင်သွင်းမီ နိုင်ငံတကာစံချိန်မီ အရည်အသွေးစစ်ဆေးရေးအဖွဲ့တစ်ခုခု၏ အရည်အသွေးစစ်ဆေးခြင်းလက်မှတ်ပါရှိမှ တင်သွင်းခွင့်ပြုရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ယှဉ်ပြိုင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အစီရင်ခံစာ သဘောထားကွဲလွဲသည့်အချက် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

အမျိုးသားလွှတ်တော်(၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော **ယှဉ်ပြိုင်မှု ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာကို အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက တင်သွင်းသည်။

ထို့နောက် ယင်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်၏အဆုံးအဖြတ် ရယူအတည်ပြုပြီး အမျိုးသားလွှတ်တော်နှင့်ပြည်သူ့လွှတ်တော်သဘောထားကွဲလွဲသည့် အချက်ကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သွားမည် ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော **စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာနှင့် **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်းသည့် အစီရင်ခံစာတို့ကို အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက တင်သွင်းပြီး ယင်းဥပဒေကြမ်းများကို လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ်(PR) ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်က အစီရင်ခံစာတင်သွင်းရာ လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

ကော်မရှင်၏အစီရင်ခံစာ၌ “မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) နှင့် အချိုးကျကိုယ်စားပြုစနစ် (PR)၌ အားသာချက်များနှင့်အတူ အားနည်းချက်များ ဒွန်တွဲလျက်ရှိကြောင်း၊ ရွေးကောက်ပွဲ၌ ပြည်သူ့ဆန္ဒများကို အသိအမှတ်ပြုနိုင်ရေးနှင့် ဒီမိုကရေစီကျင့်စဉ်ကို ပိုမိုအထောက်အကူပြုနိုင်ရေးအတွက် အချိုးကျကိုယ်စားပြုစနစ်(PR)သည် ပိုမိုသင့်မြတ်ကြောင်း၊ မဲဆန္ဒရှင်ပြည်သူများကို ကျယ်ကျယ်ပြန့်ပြန့်ကိုယ်စားပြုနိုင်ပြီး ယှဉ်ပြိုင်ဘက်ပါတီများအနေဖြင့်လည်း မျှတသောကိုယ်စားလှယ်ခွဲဝေမှုရရှိစေနိုင်ကြောင်း။

အချိုးကျကိုယ်စားပြု (PR)စနစ်တွင် အားနည်းချက်များရှိသော်လည်း မဲဆန္ဒနယ်အရွယ်အစားနှင့် ရွေးကောက်ရမည့်ကိုယ်စားလှယ်ဦးရေကို မျှတစွာ သတ်မှတ်ပေးနိုင်ပါက ပြည်သူ့ကိုယ်စားပြုမှုနှင့် ပြည်သူ့သဘောထားတို့ကို လွှတ်တော်အတွင်း၌ ပိုမိုထင်သာမြင်သာလာမည့် အားသာချက်ရှိကြောင်း၊ အမျိုးသား

စာမျက်နှာ ၈ ကော်လံ ၃ သို့

ပြည်တွင်းသတင်း



စားပွဲတော်ဖြစ်မြောက်ရေး နာယက အဖွဲ့ဝင် ဦးစိုင်းထွန်းဖေက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတသည် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ၂၀၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးကောက်သစ်စားပွဲတော် အထိမ်းအမှတ်ပြခန်း၊ သိန်းနီမြို့ ရွှေနန်းတော်ဟော်ကြီး သမိုင်းမော်ကွန်းနှင့် ရွှေနန်းတော်ကြီး ထိန်းသိမ်းပြုပြင်စောင့်ရှောက်ရေး သမိုင်းမော်ကွန်းတို့ကို လှည့်လည်ကြည့်ရှုပြီး (ဝဲပုံ) နှစ်တစ်ရာပြည့် အထိမ်းအမှတ်အဖြစ် သခွတ်ပင်ကို စိုက်ပျိုးပေးသည်။ (အောက်ပုံ)

ယင်းနောက် ဒုတိယသမ္မတသည် မဟာမုနိဘုရားကြီးသို့သွားရောက်တင်ယာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

အခမ်းအနားတွင် နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက လူနာတင်ယာဉ်နှစ်စီးနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ဒုတိယသမ္မတအား ရှင်းလင်းဆောင်၌ ဦးကျော်ကျော်ဝင်းက လူနာတင်ယာဉ်များ လှူဒါန်းရခြင်းကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က သိန်းနီပြည်သူ့ ဆေးရုံကို ခုတင် (၅၀) ဆံ့ဆေးရုံ အဆင့်တိုးမြှင့်ပေးသွားနိုင်မည့်အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတသည်ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်း



❒ ရှေ့ဖုံးမှ

နှစ်သစ်ကူးမင်္ဂလာမိန့်ခွန်းပြောကြားသည်။ ထိုသို့ပြောကြားရာတွင် ပွဲတော်နှစ်ရပ်ကို တစ်ပြိုင်တည်းစုပေါင်းကျင်းပနိုင်ခြင်းသည် သိန်းနီမြို့ရှိ ပြည်သူများ၏ ကြိုးစားအားထုတ်မှုကြောင့် ကျင်းပနိုင်ခြင်းဖြစ်သကဲ့သို့ ပြောင်းလဲလာသည့် ခေတ်သစ်စနစ်သစ်၏ နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ အခြေအနေအရပ်ရပ်ကြောင့် စိတ်အေးချမ်းသာစွာဖြင့် ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ဥပဒေဘောင်အတွင်း၌ လွတ်လွတ်လပ်လပ် ဆောင်ရွက်လာနိုင်ခြင်းဖြစ်ပါကြောင်း။

၂၀၁၁ ခုနှစ်မှစ၍ နိုင်ငံရေးစနစ်သစ် စတင်ပြောင်းလဲခဲ့ပြီး နိုင်ငံတော်အစိုးရကဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို ဆွေးနွေးပြောကြား သော်လည်း သိရှိသူ ရာခိုင်နှုန်းနည်းနေသေးသည်ကို တွေ့ရပါကြောင်း၊ နိုင်ငံရေးဟူသည် လူတစ်ဦး သို့မဟုတ် လူတစ်စုတို့က ပြည်သူများအတွင်း နေထိုင်ပြီး ပြည်သူကပေးသည့် လုပ်ပိုင်ခွင့်ကိုရအောင်ယူကာ အများနှင့်သက်ဆိုင်သည့် နိုင်ငံတော်နှင့် သက်ဆိုင်သည့်မူဝါဒဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့်ဆိုပါကြောင်း။

ယခုအခါ နိုင်ငံရေးပါတီများ အသီးသီး တည်ထောင်ကြပြီး ပြည်သူကပေးသည့် လုပ်ပိုင်ခွင့်ရရှိအောင် စည်းရုံးပြောဆိုလျက်ရှိကြပါကြောင်း၊ လက်ရှိအချိန်၌ မြန်မာနိုင်ငံတွင် နိုင်ငံရေးပါတီပေါင်း ၆၀ ကျော်ရှိနေပြီဖြစ်ပါကြောင်း။

သိန်းနီမြို့၌လည်း နိုင်ငံရေးပါတီများရှိပါကြောင်း၊ နိုင်ငံရေးပါတီများက မိမိ၏ ပါတီအောင်နိုင်ရေးအတွက် ပြောဆိုစည်းရုံးကြမည်ဖြစ်သကဲ့သို့ ပြည်သူများဘက်ကလည်း မိမိနှစ်သက်ရာပါတီကို စိတ်ကြိုက် ရွေးချယ်ပိုင်ခွင့်ရှိနေပြီဖြစ်ပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ပြည်သူများ၏ ရွေးချယ်မှုသည် အဓိကဖြစ်သောကြောင့် ပြည်သူများဘက်က အရွေးမမှားရန်လိုအပ်ပါကြောင်း၊ မိမိရွေးချယ်သည့် ကိုယ်စားလှယ်သည် ဒေသအတွက် လုပ်ပေးနိုင်၊ ပြောဆိုပေးနိုင်မည့် သူမျိုး ဖြစ်မဖြစ်၊ အရည်အချင်း ရှိမရှိ သေချာစိစစ်ပြီးမှသာ ရွေးချယ်ရမည်ဖြစ်ပါကြောင်း။

အရွေးခံမည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အနေဖြင့်လည်း အရွေးမခံမီတွင် သေသေချာချာ စဉ်းစားသုံးသပ်ရန်လိုအပ်ပါကြောင်း၊ မိမိ၏ဆန္ဒ၊ မိမိ၏ဝါဒနှင့် မကိုက်ညီလျှင် အားလုံးနစ်နာမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးဆိုသည်မှာ ရယူခြင်းမဟုတ်၊ ပေးဆပ်ခြင်းသာဖြစ်ပါကြောင်း။

ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များတွင် အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဥပဒေပြုခြင်း၊ မေးခွန်းများမေးမြန်းခြင်းတို့ကိုဆောင်ရွက်ကြပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများကလည်း ပြန်လည်ဖြေကြားကြပါကြောင်း။

ဝန်ကြီးဌာနအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တစ်နိုင်ငံလုံး လုပ်ဆောင်နေသည်ကို မြင်တွေ့ရမည်ဖြစ်ပါကြောင်း၊သို့သော်အစိုးရအနေဖြင့် လိုအပ်သည့်ငွေကြေးများရရှိရန်အတွက် စီမံကိန်းများရေးဆွဲပြီး ကုန်ကျမည့်ငွေကြေးပမာဏကို လွှတ်တော်သို့ တင်ပြရပါကြောင်း၊ လွှတ်တော်က စိစစ်ပြီးတင်ပြသည့်စီမံကိန်း၊ လုပ်ငန်းများသင့်သည်ဟု ဆုံးဖြတ်မှ ရန်ပုံငွေကိုချပေးခြင်းဖြစ်ပါကြောင်း။

အစိုးရက အလုပ်လုပ်ပိုင်ခွင့်ရှိပြီး လွှတ်တော်က ငွေကြေးထိန်းချုပ်ပိုင်ခွင့် ရှိပါကြောင်း၊ ဤအဖွဲ့အစည်းနှစ်ရပ် တစ်ခုနှင့်တစ်ခု ညှိနှိုင်းထိန်းကျောင်း လုပ်ဆောင်ရသည်ကို သိစေချင်ပါကြောင်း၊ ဤသည်မှာ ဒီမိုကရေစီစနစ်တွင် ကျင့်သုံးရသည့် ပုံစံဖြစ်ပါကြောင်း၊ နိုင်ငံရေးသည် ဘာသာရပ်အားလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး အလွန်ကျယ်ပြန့်ပါကြောင်း၊ နိုင်ငံရေးဘာသာရပ်တွင် ပြည်သူများနှင့် အနီးစပ်ဆုံးသည် ရွေးကောက်ပွဲပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် လာမည့်ရွေးကောက်ပွဲများတွင် ကိုယ်စားလှယ်များအား ရွေးချယ်ရာတွင် မိမိကိုယ်တိုင် နိုင်ငံရေးသဘောတရားနားလည်အောင် လေ့လာဆန်းစစ်ကြပြီး မိမိမြို့နယ် ပြည်နယ်ကို အကျိုးပြုနိုင်မည့်သူနှင့် အကျိုးပြုနိုင်မည့်ပါတီ၊ အရည်အချင်းနှင့် ပြည့်စုံသည့်သူ၊ ပြည့်စုံသည့်ပါတီကို ရွေးချယ်နိုင်အောင် အဘက်ဘက်က နှီးနှောတိုင်ပင်ပြီး ရွေးချယ်ကြရန် တိုက်တွန်းလိုပါကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် သိန်းနီမဟာမုနိဘုရားကြီး ရာပြည့်ပွဲတော်နှင့် ၂၀၀၉ ခုနှစ် ရှမ်းနှစ်သစ်ကူးကောက်သစ်ဖူးမြော်ကြည်ညိုပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တနာရိန္ဒ အမှူးပြုတော်မူသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် သိန်းနီမြို့ ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် လူနာတင်ယာဉ်ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်ပြီး လူနာများနှင့် အရန်သားဖွားနှင့် သူနာပြုသင်တန်းသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် လားရှိုးမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေ ၃ နာရီတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

# ပညာရေးဝန်ကြီးဌာန ၂၀၁၄ -၂၀၁၅ ပညာသင်နှစ် သင်တန်းများစတင်ဖွင့်လှစ်မည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီး၏ အထူးပြုဘာသာရပ်များအတွက် ပထမနှစ်သင်တန်းများကို ဒီဇင်ဘာ ၄ ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် ၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ၏ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပထမနှစ်သင်တန်းဝင်ခွင့်ရသူများစာရင်းကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင်ကြေညာထားသည်။

ဒုတိယနှစ်နှင့်အထက် သင်တန်းများအားလုံးကို ဒီဇင်ဘာ ၁ ရက်မှစ၍ သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်အသီးသီးတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) မှ သိရသည်။ **(မြန်မာ့အလင်း)**

*အမျိုးသားလွှတ်တော်မှ*

လွှတ်တော်တွင် အချိုးကျ ကိုယ်စားပြု (PR)စနစ်ကို ပြောင်းလဲကျင့်သုံးမည်ဆိုပါက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကန့်သတ်ချက်များ မရှိနိုင်ဟု ယေဘုယျအားဖြင့် စိစစ်တွေ့ရှိရကြောင်း” စသည်ဖြင့် ဖော်ပြပါရှိသည်။

ရွေးကောက်ပွဲ ဒီဇိုင်းပုံစံ ရွေးချယ်နိုင်ရန်နှင့် လိုအပ်ချက်များကို ဆက်လက်ဆောင်ရွက်နိုင်ရန် ကော်မရှင်၏ လေ့လာတွေ့ရှိချက်နှင့် သုံးသပ်အကြံပြုချက် အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သွားမည် ဖြစ်ကြောင်း သိရသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများ၌ PR စနစ်ကို တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး တစ်ပြေးညီ ကျင့်သုံးရန် လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

**(သတင်းစဉ်)**

စာအုပ်စာပေ လူ့မိတ်ဆွေ

# လွှတ်တော်သို့လာရောက်လေ့လာ

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဒေါ်ဘန်ထွယ်ခေါင်းဆောင်သည့် မြို့နယ်ပါတီကော်မတီဝင်များနှင့် ပါတီဝင်များ ၃၆ ဦး၊ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဒေါ်ဇွန်မွန်မြင့် ခေါင်းဆောင်သည့် ပါတီကော်မတီဝင်များ၊ စည်းရုံးရေးမှူးများနှင့် လူငယ်အဖွဲ့ဝင်များ ၁၆၅ ဦး စုစုပေါင်း ၂၀၁ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၃ ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

**(သတင်းစဉ်)**

# အမျိုးသားပညာရေးဥပဒေစပ်လျဉ်း၍ ပညာရေးဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပညာရှင်များပါဝင်သော CESR ၏ အချက် (၅) ချက်ပါ သဘောထားထုတ်ပြန်

**ရန်ကုန် နိုဝင်ဘာ ၂၄**

အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေး လုပ်ငန်းအဖွဲ့ (CESR) ၏ သဘောထားအဖြစ် အချက်ငါးချက်ကို နိုဝင်ဘာ ၂၁ ရက်က ထုတ်ပြန်ကြေညာလိုက်သည်။

CESRအဖွဲ့တွင် ပါဝင်သော ဖွံ့ဖြိုးရေးဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း ၁၇ ဖွဲ့မှ ပညာရေးဆိုင်ရာ အကြံပေးများနှင့် ပညာရှင်များ၏ သဘောတူညီမှုဖြင့် အမျိုးသားပညာရေး ဥပဒေနှင့်စပ်လျဉ်းသည့် အဆိုပါ သဘောထားကို ထုတ်ပြန်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ယင်းထုတ်ပြန်ချက်တွင် ပထမအချက်အနေဖြင့် အမျိုးသားပညာရေးဥပဒေသည် ဘက်စုံလွှမ်းခြုံမှုရှိသော ပြီးပြည့်စုံသည့် ပညာရေးဥပဒေဖြစ်ကြောင်း၊ အရည်အသွေးပြည့်မီသော ပညာရေး (Quality Education) ကို အဓိကဦးတည်အလေးထားသည့် ဥပဒေဖြစ်ကြောင်း ဖော်ပြထားသည်။

“ဘက်စုံလွှမ်းခြုံနိုင်သော အမျိုးသားပညာရေးဥပဒေဆိုတာ ကလေးသူငယ်အရွယ်ကနေစပြီး ဘဝတစ်သက်တာပညာရေး (Life Long Learning Education) အထိပါဝင်ပါတယ်၊ သူငယ်တန်းကစပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့်ပညာရေး၊ စက်မှု၊ သက်မွေး၊ နည်းပညာ၊ သင်ကြားရေးစတဲ့ ကဏ္ဍတွေ အားလုံးပါဝင်လို့ ပြီးပြည့်စုံတယ်၊ ဘက်စုံလွှမ်းခြုံမှုရှိတယ်။ (Comprehensive) ဖြစ်တယ်။ နောက်တစ်ချက်က အရည်အသွေးရှိတဲ့ ပညာရေးကို အဓိကဦးတည်ထားတယ်” ဟု CESR မှ အကြံပေးပညာရှင် ဒေါက်တာမြင့်သိန်းက ယင်းသဘောထားထုတ်ပြန်ချက်နှင့်စပ်လျဉ်းသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ဒုတိယအချက်တွင် အမျိုးသားပညာရေးဥပဒေကို အသေးစိတ်ထပ်မံဖွင့်ဆိုနိုင်ရန် ပညာရေးဆိုင်ရာ နည်းဥပဒေများ (by- Laws) နှင့် ကဏ္ဍခွဲဥပဒေများ (sub-sector Laws) ရေးဆွဲရာတွင် ပိုမိုထိရောက်သေချာစေရန် ဆောင်ရွက်ရမည့်အခြေခံနည်းဥပဒေများ ထည့်သွင်းရန်လိုအပ်ကြောင်း ဖော်ပြထားသည်။

တတိယအချက်အနေဖြင့် နည်းဥပဒေ၊ ကဏ္ဍခွဲ ဥပဒေများသည် တစ်ခုနှင့်တစ်ခုသော်လည်းကောင်း၊ အခြားကဏ္ဍ ဥပဒေများနှင့် သော်လည်းကောင်း လိုက်လျောညီထွေမှု ရှိရမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

“ ဒီနေရာမှာ အရေးကြီးဆုံးစကားလုံးက (Consistent) ဖြစ်တယ်။ ပြောချင်တာကတော့ ရှေ့နောက်ညီရမယ်။ ဒီမှာတစ်မျိုးပြော၊ ဟိုမှာတစ်မျိုးပြော မဖြစ်ရဘူး။ ဥပဒေကမူဝါဒကို ချထားပေးတယ်။ နည်းဥပဒေတွေက ဆက်လုပ်ရမယ့် အစီအစဉ်တွေပါဝင်လာမယ်။ လိုက်လျောညီထွေဖြစ်ရမယ်” ဟု ပညာရှင်အဖွဲ့မှ ဆရာကြီး ဦးသန်းဦးက ပြောကြားသည်။

စတုတ္ထအချက်တွင် ပညာရေးအဆင့်အတန်း မြှင့်တင်ရာတွင် မိဘပြည်သူတစ်ရပ်လုံးပူးပေါင်းဆောင်ရွက်မှုလိုအပ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

“မိဘတွေရော၊ ပြည်သူတွေနဲ့ ပညာရေးနဲ့ဆက်နွှယ်နေသူ အားလုံးတက်ညီလက်ညီပါဝင်ဖို့ လိုအပ်တယ်လို့ ဆိုလိုတာဖြစ်တယ်။ ဒါ့ကြောင့်လည်း အများပြည်သူပါဝင်လာအောင်ဖိတ်ခေါ်နေပါတယ်” ဟု ဒေါက်တာမြင့်သိန်းက ဆက်လက်ပြောကြားသည်။

ထို့အပြင် ပညာရေးတွင် ပါဝင်ပတ်သက်နေသူအားလုံး ညှိနှိုင်းဆွေးနွေးမှု၊ အပြန်အလှန် ဆက်သွယ်ဆွေးနွေးမှုရှိရမည်။ ထိုသို့ ပါဝင်နိုင်ရန်အခွင့်အလမ်းများ ဖွင့်ပေးထား ရမည်ဟု CESR ၏ သဘောထားထုတ်ပြန်ချက် ပဉ္စမအချက်တွင် ဖော်ပြထားသည်။

အမျိုးသားပညာရေး ဥပဒေပြဋ္ဌာန်းခြင်းနှင့်ပတ်သက်၍ ကျောင်းသားအချို့၏ ဆန္ဒပြမှုဖြစ်စဉ်များ လတ်တလောဖြစ်ပွားခဲ့ပြီးနောက် ယင်းဥပဒေရေးဆွဲရာတွင် ပါဝင်ခဲ့သောအကြံပေးအဖွဲ့များ၊ ပညာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်စပ်အဖွဲ့အစည်းများ၏ သဘောထားထုတ်ပြန်ချက်များ ဆက်တိုက်ထုတ်ပြန်လာခြင်းဖြစ်သည်။

ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့ (CESR) သည် ပညာရေးမြှင့်တင်မှုဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် လိုအပ်သော ပညာရေးအရည်အသွေးမြင့်မားရေးအတွက် သုတေသနနှင့် လေ့လာသုံးသပ်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်၍ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် စတင်ဖွဲ့စည်းခဲ့သည့်အဖွဲ့ဖြစ်သည်။

အဆိုပါအဖွဲ့တွင် ယူနီဆက်ဖ်၊ ဥရောပသမဂ္ဂ၊ ဗြိတိသျှကောင်စီ၊ GIZ၊ JICA ၊ ILO၊ DFAT(Australia)၊ Denmark၊ Myanmar Education Consortium၊ Norway၊ Open Society Foundation၊ Save the Children၊ Switzerland DFID(UK)၊ UNESCO၊ ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ပါဝင်သည့် ပညာရေးဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်း ၁၇ ခုတို့မှ ပညာရှင်များပူးပေါင်း၍ အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ အသေးစိတ်လေ့လာဆန်းစစ်ခြင်း၊ ဘတ်ဂျက်လျာထားချက်ပါဝင်သည့် ပညာရေးကဏ္ဍစီမံကိန်းများ ရေးဆွဲခြင်းဟူ၍ အဆင့်သုံးဆင့်ခွဲကာ ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင်စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိနှစ်နှစ်တာကာလအတွင်းပညာရေးအရည်အသွေး မြင့်မားရေးအတွက် ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် မူဝါဒ၊ ဥပဒေ၊ စီမံကိန်းများပြုစုခဲ့သော အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

**သတင်း-မိုးသူဇာစိုး**

## ပြည်တွင်းသတင်း

✻ *ကျောဖုံးမှ*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဝင်ကြောင်း သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

“စီမံအုပ်ချုပ်မှုအတွက်လည်း ယူရို ၃၁ သန်းကို ထောက်ပံ့ပေးဖို့ ရည်ရွယ်ထားတာတွေ့ရပါတယ်။ ဒီမိုကရေစီဖော်ဆောင်ရေးအတွက် လွှတ်တော်အတွက်၊ လာမယ့် ၂၀၁၅ ရွေးကောက်ပွဲအတွက်၊ တရားဥပဒေစိုးမိုးရေးနဲ့ တရားစီရင်ရေး၊ စီမံအုပ်ချုပ်ရေး၊ သန်းခေါင်စာရင်းကောက်ခံရေး စတာတွေပါဝင်ပါတယ်။ မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးတိုးတက်ရေးတွေ ဖြစ်ပေါ်လာဖို့ ငြိမ်းချမ်းရေးက အလွန်အရေးကြီးပါတယ်။ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်အေးချမ်းမှုကိုရရှိလာမှသာ ကျွန်တော်တို့ ဒီမိုကရေစီနိုင်ငံသစ်ဖော်ဆောင်မှုက ပီပြင်လာမှာဖြစ်လို့ အခုလို အီးယူက ထောက်ပံ့မှုတွေ အလွန်အကျိုးရှိပါတယ်” ဟု ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြောကြားသည်။

ထို့အပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် တစ်နှစ်လျှင် ယူရိုငွေ သန်း ၇၀ကို



**အီးယူသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာ ပြောကြားစဉ်။**

သုံးစွဲသွားရန် အီးယူက စီစဉ်ထားပြီး သက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အလုပ်အကိုင်ရရှိရေးနှင့် ဝင်ငွေလည်ပတ်မှုဆိုင်ရာ လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့် နွမ်းပါးချို့တဲ့သူများအတွက် ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ ရေအရင်းအမြစ်စီမံခန့်ခွဲခြင်းများ၊ ရေသွင်းစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန် ရည်ရွယ်ထားသည်။

“ကျန်းမာရေးကဏ္ဍကို တစ်နှစ်အတွက် ယူရို သန်း၄၀ အထိ ထောက်ပံ့ပေးသွားမှာဖြစ်ပြီး အခြေခံ ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ဆရာဝန်တွေ၊ သူနာပြုတွေ လေ့ကျင့်ပေးမှု၊ စွမ်းဆောင်ရည်မြှင့် သင်တန်းတွေနဲ့ ရေသန့်စနစ်တွေ၊ မျိုးဆက်ပွား ကျန်းမာရေးတွေကို



**ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း ပြောကြားစဉ်။**

အဓိကသုံးစွဲသွားဖို့ရှိပါတယ်” ဟု အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ပြောကြားသည်။

ထို့အပြင် ပညာရေးကဏ္ဍတွင်လည်း တစ်နှစ်လျှင် ယူရိုငွေ ၄၄ သန်းကို အီးယူက ထောက်ပံ့ပေးသွားမည်ဖြစ်ပြီး ပြီးပြည့်စုံသော ပညာရေးကဏ္ဍ ပြန်လည်သုံးသပ်မှု၊ မူလတန်းပညာ သင်ကြားနိုင်မှု၊ အခြေခံပညာဆိုင်ရာ ကျောင်းသုံးကိရိယာများနှင့် ဆရာ ဆရာမများအား ပံ့ပိုးပေးခြင်း၊ မသင်မနေရ ပညာရေးစနစ်အတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နိုင်ငံတကာ တက္ကသိုလ်များနှင့် လက်တွဲဆောင်ရွက်ကာ ပညာတော်သင်များ စေလွှတ်ခြင်း၊ ပညာသင်ဆုထောက်ပံ့မှု တိုးမြှင့်ခြင်းများ လုပ်ဆောင်သွားမည်ဖြစ်သည်။

ကုန်သွယ်ရေးနှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် တစ်နှစ်လျှင် ယူရို ၁၄ သန်းကို ကူညီ ပေးအပ်သွားမည်ဖြစ်ပြီး လုပ်ငန်းစဉ်များအနေဖြင့် တာဝန်သိရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရေး၊ ဘဏ္ဍာရေးဆိုင်ရာ ဝန်ဆောင်မှုများပံ့ပိုးမှု၊ ရေထွက်ကုန်များနှင့် ချည်မျှင် အထည်အလိပ်လုပ်ငန်းများ မြှင့်တင်ရေး၊ ခရီးသွားလာရေးလုပ်ငန်းများ၊ အသေးစားနှင့် အလတ်စား စီးပွားရေးများကို ကူညီ ထောက်ပံ့ခြင်းလုပ်ငန်းများနှင့် ဆင်းရဲမှုလျှော့ချရေးများ၊ ပုဂ္ဂလိကနှင့် အများပိုင် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အလုပ်သမားအခွင့်အရေးနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်ခြင်းများကို ၂၀၁၄ ခုနှစ်မှ ၂၀၁၆ နှစ်ကုန်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။

ထို့အပြင် လူ့အခွင့်အရေးအတွက် တစ်နှစ်လျှင် ယူရို ငါးသန်းကိုလည်းကောင်း၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ယူရိုငွေ ၁၆သန်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးလုပ်ငန်းများအတွက် ယူရိုငွေ တစ်သန်းကိုလည်းကောင်း သုံးစွဲသွားမည်ဖြစ်ကြောင်း အဆိုပါ မဟာဗျူဟာအတွင်း ထည့်သွင်းရေးဆွဲအတည်ပြုထားကြောင်း သိရသည်။

“ကျွန်တော်တို့အခုလို ဆောင်ရွက်နိုင်တာက အီးယူအနေနဲ့



**ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် ပြောကြားစဉ်။**

မြန်မာနိုင်ငံအပေါ်ကို ဘယ်လောက်အလေးထားသလဲဆိုတာကို ဖော်ပြနေတာဖြစ်ပါတယ်။ လာမယ့် ၂၀၁၅ ရွေးကောက်ပွဲ အပါအဝင် မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုကြီးကြီးမားမားတွေမှာ အီးယူအနေနဲ့ ယုံကြည်စွာ ပူးပေါင်းဆောင်ရွက်သွားဖို့ရှိတယ်ဆိုတာကို မြန်မာပြည်သူတွေ သိရှိစေလိုပါတယ်”ဟု အီးယူသံအမတ်ကြီး မစ္စတာ ရိုလန်ကိုဘီယာက မြန်မာ့အလင်းသို့ ပြောကြားသည်။ **(မြန်မာ့အလင်း)**

# နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၄**

နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင် အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့အစည်းအဝေး (၁၃/၂၀၁၄)ကို နိုဝင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ နတ်မောက်လမ်းရှိ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန တောင်ပိုင်းရုံးခွဲ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဆွေးနွေးပြောကြားရာတွင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာ၌ အသိပညာရှင်၊ အတတ်ပညာရှင်များ လေ့ကျင့်မွေးထုတ်သည့် အဆင့်မြင့်ပညာကဲ့သို့ပင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် နည်းပညာကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းပညာများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လေ့ကျင့်မွေးထုတ်နိုင်ရေး လိုအပ်သည့်အတွက် တိုးချဲ့ဖွင့်လှစ်ရမည့် အစီအမံများ ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဒေသ၏ စီးပွားရေးလုပ်ငန်း အသီးသီးနှင့် လိုက်လျောညီထွေ ကိုက်ညီမည့် ဘာသာရပ်များဖြစ်ရေး၊ သင်တန်းနည်းပြဖြည့်တင်းရေး၊ သင်ထောက်ကူဖြည့်တင်းရေးတို့ကို တွက်ချက်ဆောင်ရွက်ရန်လိုအပ်ပါကြောင်းနှင့် မူဝါဒနှင့် ဥပဒေများကို ပညာရှင်များ၊ Stakeholder များနှင့် ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ပြောကြားရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် Vocational Training School နှင့် Vocational High School များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဒေသများ၌ ဒေသလိုအပ်ချက်များအလိုက် လူ့စွမ်းအားအရင်းအမြစ်တိုးတက်ရေးအတွက် ဖွင့်လှစ်ရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် Vocational Training Centre များကို ဒေသလိုအပ်ချက်များပေါ်မူတည်ပြီး နိုင်ငံတော်ရှိ မြေနေရာ အဆောက်အအုံများတွင် ဘာသာရပ်အမျိုးမျိုးအတွက် စုစုစည်းစည်း သင်ကြားပေးနိုင်ပါက နိုင်ငံတော်၏ လိုအပ်ချက် ဒေသလိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက လုပ်ငန်းတာဝန်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းတင်ပြပြီး စက်မှုနှင့် သက်မွေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဝန်ကြီးဌာနများမှ ပေးပို့လာသော နည်းပညာနှင့် သက်မွေးပညာရေး ဥပဒေ(မူကြမ်း) အကြံပြုချက်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ပြီး တက်ရောက်လာကြသော ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများက နည်းပညာနှင့် သက်မွေးပညာကဏ္ဍနှင့်ပတ်သက်၍ Vocational သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဆီမီးတက်ရေးအရေးပါလာမည့် ဆူဇူကီးပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များ

ဗီယက်နမ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် ကျင်းပလျက်ရှိသည့် အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်များကို နိုဝင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ အုပ်စုဒုတိယပွဲစဉ်များမှာ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲများ မဟုတ်သေးသော်လည်း အုပ်စုတက်နိုင်သည့်အသင်းများ ထွက်ပေါ်လာနိုင်သလို အုပ်စုမှ ထွက်ရနိုင်သည့်အသင်းများလည်း ထွက်ပေါ်လာနိုင်ပေသည်။

အုပ်စု ပထမနေ့ပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ ဖိလစ်ပိုင်အသင်းက သုံးမှတ်၊ အိမ်ရှင် ဗီယက်နမ်နှင့် အင်ဒိုနီးရှားအသင်းတို့က တစ်မှတ်စီ၊ လာအိုအသင်းက အမှတ်မရသေးဘဲ အုပ်စု(ခ)၌ ထိုင်းအသင်းက သုံးမှတ်၊ မြန်မာအသင်းနှင့် မလေးရှားအသင်းတို့က တစ်မှတ်စီရရှိထားကာ လက်ရှိချန်ပီယံ စင်ကာပူအသင်းမှာ အမှတ်မရသေးပေ။

အုပ်စုဒုတိယပွဲစဉ်များအဖြစ် နိုဝင်ဘာ ၂၅ ရက်တွင် အုပ်စု(က) ပွဲစဉ်များအဖြစ် ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှား၊ လာအိုနှင့် အိမ်ရှင် ဗီယက်နမ်၊ နိုဝင်ဘာ ၂၆ ရက်တွင် အုပ်စု( ခ) ပွဲစဉ်များအဖြစ် ထိုင်းနှင့် မလေးရှား၊ မြန်မာနှင့် စင်ကာပူတို့ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

နိုဝင်ဘာ ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားမည့် မြန်မာအသင်းနှင့် လက်ရှိချန်ပီယံစင်ကာပူ အသင်းတို့၏ ပွဲစဉ်မှာ နှစ်သင်းစလုံးအတွက် အုပ်စုတက်ရေး အဆုံးအဖြတ် ဖြစ်လာနိုင်ပေမည်။ ထိုင်းအသင်းကို ပွဲဦးထွက် ရှုံးနိမ့်ထားသည့် အိမ်ရှင် စင်ကာပူ အသင်းအနေဖြင့် ယခုပွဲ အနိုင်ရရှိမှသာ နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်နိုင်ပေလိမ့်မည်။ မြန်မာအသင်းအနေဖြင့်လည်း ရလဒ်ကောင်းရရှိရန်အတွက် မလေးရှားနှင့်ပွဲထက် ပိုကောင်းသည့်ခြေစွမ်းကိုပြသရန် လိုအပ်နေသည်။

**သတင်း- ညီမြတ်သော်တာ**

ပြည်တွင်းသတင်း

# အစိုးရအဖွဲ့သစ်ကာလအတွင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | ဘဏ်အတိုးနှုန်းများ ပြင်ဆင်သတ်မှတ်ခြင်း | - ဘဏ်များအနေဖြင့် ၁-၁-၂၀၁၂ ရက်နေ့မှစ၍ အပ်ငွေအပေါ် အတိုးနှုန်း တစ်နှစ်လျှင် ၈ ရာခိုင်နှုန်းထက်မနည်းစေရန်နှင့် ချေးငွေအပေါ် အတိုးနှုန်းတစ်နှစ်လျှင် ၁၃ ရာခိုင်နှုန်းထက် မကျော်လွန်စေရန် ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ |
| ၂။ | နိုင်ငံခြားငွေဝယ်ယူရောင်းချလဲလှယ်ခွင့်လုပ်ငန်း(Money Changer)များ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း | - ၂၉-၉-၂၀၁၁ ရက်နေ့တွင် ပုဂ္ဂလိကဘဏ်(၆)ဘဏ်သို့ အမေရိကန်ဒေါ်လာ၊ယူရိုနှင့် စင်ကာပူဒေါ်လာတို့အား ပြည်တွင်းသုံးကျပ်ငွေဖြင့် ဝယ်ယူခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းအား စတင်ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။<br>- နိုင်ငံခြားငွေများ ဝယ်ယူရောင်းချလဲလှယ်ပေးခွင့်လုပ်ငန်းလိုင်စင် (Money Changer Licence) ရ ဘဏ်များအနေဖြင့် နိုင်ငံခြားငွေများ ဝယ်ယူရောင်းချခြင်းတို့နှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာ (၁၀,၀၀၀)အထိနှင့် ယင်းပမာဏနှင့် ညီမျှသော ယူရိုနှင့် စင်ကာပူဒေါ်လာများကို မည်သူ့ထံမှမဆို အထောက်အထားစာရွက်စာတမ်းတင်ပြရန်မလိုဘဲ လွတ်လပ်စွာရောင်းဝယ်ခွင့်ပြုခဲ့သည်။ |
| ၃။ | နိုင်ငံခြားငွေလဲလှယ်နှုန်းတစ်မျိုးတည်း ဖြစ်စေရေး ဆောင်ရွက်ခြင်း (Exchange Rate Unification) | - ၂၀၁၂ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစ၍ နှုန်းအမျိုးမျိုးဖြစ်နေသည့် နိုင်ငံခြားငွေလဲလှယ်နှုန်းအား နှုန်းတစ်မျိုးတည်းဖြစ်စေရန် Exchange Rate Unification အားစတင်ဆောင်ရွက်ခဲ့သည်။ |
| ၄။ | မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ပေါ်ထွန်းလာစေရေးဆောင်ရွက်ခြင်း | - မြန်မာနိုင်ငံ၌ အရင်းအနှီးဈေးကွက် ပေါ်ထွန်းလာစေရေးအတွက် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေး ဥပဒေကို ၃၁-၇-၂၀၁၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။<br>- ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ကို အဖွဲ့ဝင်(၇)ဦးဖြင့်၁၉-၈-၂၀၁၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။<br>- မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက်ဖြစ်ပေါ်ရေးအတွက် ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange) အား ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဖွင့်လှစ်နိုင်ရေး ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ |
| ၅။ | အငြိမ်းစားလစာ ထုတ်ယူမှုမြန်ဆန်စေရေး e-Pension စနစ် ဆောင်ရွက်ခြင်း | - မြန်မာ့စီးပွားရေးဘဏ်မှ အငြိမ်းစားလစာများထုတ်ပေးရာတွင် အငြိမ်းစားပင်စင်စာအုပ်ဖြင့် ထုတ်ပေးနေရာမှ ပိုမိုလွယ်ကူလျင်မြန်စေရန် E-Pension စနစ် (Smart Card) ဖြင့် ၂၀၁၂ ခုနှစ် ဩဂုတ်လမှ စတင်ကျင့်သုံးဆောင်ရွက်ခဲ့သည်။<br>- ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့အထိ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၂၉၈) ခု၌ E-Pension ကတ် (၅၁၀, ၁၈၇)ကတ်အား ထုတ်ပေးပြီးဖြစ်ပါသည်။ |
| ၆။ | ပုဂ္ဂလိကအာမခံကုမ္ပဏီများအားလုပ်ငန်းဆောင်ရွက်ခွင့်ပြုခြင်း | - မြန်မာနိုင်ငံတွင်ယခင်က မြန်မာ့အာမခံလုပ်ငန်း တစ်ခုတည်းကသာ အာမခံလုပ်ငန်းအား လုပ်ကိုင်ဆောင်ရွက်ခဲ့ရာမှ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေ(၁၉၉၆) အရ အာမခံကုမ္ပဏီများကို ၂၀၁၂ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ ပုဂ္ဂလိကပိုင်၊ အများပိုင်ကုမ္ပဏီများအဖြစ် တည်ထောင်ခွင့်ပြုခဲ့ပါသည်။<br>- မြန်မာ့အာမခံလုပ်ငန်းသည် ပုဂ္ဂလိကအာမခံကုမ္ပဏီ (၁၂)ခုကိုဖွင့်လှစ်တည်ထောင်ခွင့်ပြုခဲ့ပြီး၂၀၁၄ ခုနှစ်၊ အောက်တိုဘာလကုန်အထိ အာမခံကုမ္ပဏီ(၁၁)ခု အားလုပ်ငန်းလိုင်စင်ခွင့်ပြုထုတ်ပေးခဲ့ပါသည်။ |
| ၇။ | အသေးစားငွေရေးကြေးရေးလုပ်ငန်း (Microfinance)များ လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုခြင်း | - ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၁-၁၁-၂၀၁၁ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၊ ၂၁၈ / ၂၀၁၁ ဖြင့် “မြန်မာ့အသေးစားချေးငွေလုပ်ငန်း ” အား “ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်း ”အဖြစ်သို့ ပြင်ဆင်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။<br>- ၃၀-၁၁-၂၀၁၁ရက်နေ့တွင်၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၃ ဖြင့် “အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေ ” ကို ပြဋ္ဌာန်းခဲ့ပါသည်။<br>- ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၂-၁၂- ၂၀၁၁ ရက်စွဲပါအမိန့် ကြော်ငြာစာအမှတ် ၅၈/၂၀၁၁ အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းခဲ့ပါသည်။<br>- မြန်မာ့အသေးစားငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနအဖြစ် ၁-၉-၂၀၁၄ ရက်နေ့မှ စတင်၍ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခဲ့သည်။<br>- အသေးစား ငွေရေးကြေးရေးလုပ်ငန်း (Microfinance) လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားတင်ပြလာသည့် အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်၍ လုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလကုန်အထိ လိုင်စင်ခွင့်ပြုပြီးအရေအတွက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-<br>(က) INGO (၇) ဖွဲ့<br>(ခ) NGO (၂၁) ဖွဲ့<br>(ဂ) သမဝါယမ (၇၇) ဖွဲ့<br>(ဃ) ပြည်တွင်းကုမ္ပဏီ (၉၅) ခု<br>(င) ပြည်ပကုမ္ပဏီ (၁၄) ခု<br>(စ) အစုစပ်ကုမ္ပဏီ (၁) ခု<br>စုစုပေါင်း ၂၁၅ ဖွဲ့ |
| ၈။ | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့်တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေစာရင်းများ သီးခြားဆောင်ရွက်ခြင်း | - ယခင်က နိုင်ငံတော်ဘတ်ဂျက်တစ်ခုတည်းမှ နိုင်ငံတော်တစ်ရပ်လုံး၏ ရငွေ သုံးငွေဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ခဲ့ရာမှ ၂၀၁၁-၂၀၁၂ ခု ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်မှစ၍ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် တိုင်းဒေသကြီး/ပြည်နယ်ဘဏ္ဍာရန်ပုံငွေစာရင်းများ သီးခြားစီဆောင်ရွက်ခဲ့ပါသည်။<br>- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပြည်ထောင်စုနှင့်တိုင်းဒေသကြီး/ပြည်နယ် ဘဏ္ဍာရန်ပုံငွေ ဆိုင်ရာစာရင်းများ ခွဲခြားဆောင်ရွက်နိုင်ရန် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၏ ဖွဲ့စည်းပုံအား တိုင်းဒေသကြီး/ပြည်နယ်ရုံးများပါဝင်သည့် ဖွဲ့စည်းပုံသို့ ၂၅-၈-၂၀၁၁ ရက်နေ့မှစ၍ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ |
| ၉။ | နိုင်ငံ့ဝန်ထမ်းများ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန် လစာနှင့်အပိုထောက်ပံ့ကြေးခံစားခွင့်ပြုခြင်း | - နိုင်ငံ့ဝန်ထမ်းများ၏စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်အတွက် လက်ရှိလစာအပြင်အပို ထောက်ပံ့ကြေး ၃၀၀၀၀(ကျပ်သုံးသောင်း)အား ၂၀၁၂ ခုနှစ်ဧပြီလမှစ၍ လစဉ်ခံစားခွင့်ပြုခဲ့သည်။<br>- နိုင်ငံ့ဝန်ထမ်းများ၏ စားဝတ်နေရေးနှင့် လူနေမှုအဆင့်အတန်းကို အထိုက်အလျောက်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှုန်းကို ၂၀၁၃ ခုနှစ်ဧပြီလမှစ၍ ကျပ်၂၀၀၀၀(ကျပ်နှစ်သောင်း)ကိုလည်းကောင်း၊ ဆက်လက်ပြီး ၂၀၁၄ ခုနှစ် ဧပြီလမှစ၍ကျပ် ၂၀၀၀၀(ကျပ်နှစ်သောင်း)ကိုလည်းကောင်း တိုးမြှင့်ခံစားခွင့်ပြုခဲ့သည်။ |
| ၁၀။ | ပြည်ပကြွေးမြီများ ရှင်းလင်းရေး ဆောင်ရွက်ခြင်း | - မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် နှစ်နိုင်ငံအစိုးရတို့ထံမှ ၁၉၈၈ ခုနှစ် မတိုင်မီကရယူခဲ့သောချေးငွေများအား အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ပေးဆပ်နိုင်ခြင်း မရှိခဲ့ပါသဖြင့် အစိုးရသစ်လက်ထက်တွင် ပြည်ပကြွေးမြီရှင်းလင်းခြင်းကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် ၂၀၁၁ ခုနှစ်မှစတင်ဆောင်ရွက်ခဲ့ပါသည်။<br>- အာရှဖွံ့ဖြိုးရေးဘဏ်သို့ပေးရန်ရှိကြွေးမြီအား ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဘဏ် (JBIC) မှ ပေါင်းကူးချေးငွေရယူ၍ ရှင်းလင်းခြင်းကို ၁၇-၁-၂၀၁၃ ရက်နေ့၌လည်းကောင်း၊ ကမ္ဘာ့ဘဏ်သို့ပေးရန်ရှိ ကြွေးမြီအား JBIC မှ ပေါင်းကူးချေးငွေရယူ၍ရှင်းလင်းခြင်းကို ၂၅-၁-၂၀၁၃ ရက်နေ့တွင်လည်းကောင်း ကြွေးဟောင်းမှ ကြွေးသစ်ပုံစံပြောင်းလဲဆောင်ရွက်ခဲ့ပါသည်။ ပဲရစ်ကလပ်အဖွဲ့ဝင်နိုင်ငံတစ်ခုဖြစ်သော ဂျပန်နိုင်ငံအနေဖြင့် ကြွေးမြီစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းအား ကြွေးလျှော်ပေးခဲ့ပြီး ကျန် ၄၀ ရာခိုင်နှုန်းအား ဂျပန်နိုင်ငံကူးသန်းရောင်းဝယ်ရေးဘဏ်(၃)ဘဏ်ထံမှ ပေါင်းကူးချေးငွေရယူ၍ ကြွေးဟောင်းမှကြွေးသစ်ပုံစံပြောင်းခြင်း၊ ကျန်ပဲရစ်ကလပ်အဖွဲ့ဝင်(၁၀)နိုင်ငံအနက် နော်ဝေနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ကနေဒါနိုင်ငံတို့မှ ကြွေးမြီ ၁၀၀ ရာခိုင်နှုန်းလျှော်ပေးခဲ့ပြီး ကျန် (၇) နိုင်ငံက ကြွေးမြီ ၅၀ ရာခိုင်နှုန်းအား ကြွေးလျှော်ပေးပြီး ကျန် ၅၀ ရာခိုင်နှုန်းအား ကြွေးဟောင်းမှ ကြွေးသစ်ပုံစံပြောင်းလဲခြင်းတို့ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံမှတင်ရှိနေသော ပြည်ပကြွေးမြီ စုစုပေါင်း၏ ၅၈ ရာခိုင်နှုန်းခန့်ကို ကြွေးလျှော်ပေးခြင်းကို ရရှိခံစားခဲ့ရပါသည်။<br>- မြန်မာနိုင်ငံအနေဖြင့် ပဲရစ်ကလပ်အဖွဲ့ဝင် (၁၁)နိုင်ငံနှင့် ကြွေးမြီရှင်းလင်းရာတွင် ကြွေးမြီပမာဏ အမေရိကန်ဒေါ်လာ ( ၅ , ၉၅၅) သန်းကို ကြွေးလျှော်နိုင်ခဲ့ပါသည်။ |
| ၁၁။ | လူမှုရေးခက်ခဲသော မြို့နယ်များတွင် တာဝန်ထမ်းဆောင်သော ရုံးဝန်ထမ်းများအား ဒေသစရိတ် ခံစားခွင့်ပြုခြင်း | - လူမှုရေးခက်ခဲသော မြို့နယ်(၈၇)မြို့နယ်တွင် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများကို ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ရက်နေ့မှစ၍ ဒေသစရိတ် ခံစားခွင့်ပြုခဲ့ပါသည်။<br>- ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလအထိ ဒေသစရိတ် ခံစားခွင့်ရှိသော မြို့နယ် စုစုပေါင်း(၁၁၀) ရှိပြီဖြစ်ပါသည်။ |

*ဆက်လက်ဖော်ပြပါမည်*

## ဆင်သနွေသားပေါက်လွယ်ထားသည့် တောဆင်ရိုင်းမတစ်ကောင် သေဆုံးလျက်တွေ့ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ် သံပုရာကုန်းအုပ်စု သဲချောင်းကျေးရွာ မြောက်ဘက် နှစ်မိုင်ခန့်အကွာ အထက်ဆင်သေကြိုးဝိုင်းအတွင်း နိုဝင်ဘာ ၂၂ ရက်က ဆင်သနွေသားပေါက် လွယ်ထားသည့် တောဆင်ရိုင်းမတစ်ကောင် သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း ခရိုင်သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

ဖြစ်စဉ်မှာ နေပြည်တော် သစ်တောဦးစီးဌာန မြန်မာ့သစ်လုပ်ငန်းနှင့် သက်ဆိုင်ရာမှ တာဝန်ရှိသူများက တပ်ကုန်းမြို့နယ် သဲချောင်းကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာ အထက်ဆင်သေကြိုးဝိုင်း အကွက်အမှတ်(၄၂)အတွင်း တောဆင်ရိုင်းအကောင် ၃၀ ခန့် နယ်ကျွံရောက်ရှိလာမှုကို မူရင်းနေရာသို့ ပြန်လည်ရောက်ရှိနိုင်ရေး ဆောင်ရွက်ပြီး သဲချောင်းကျေးရွာသို့ ပြန်လာစဉ် နိုဝင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကြိုးဝိုင်း အကွက်အမှတ်(၄၂) သဲချောင်းနံဘေး ခန့်မှန်းမြေပုံအညွှန်း (GT-975350) ၌ ဆင်သနွေသားငယ်လွယ်ထားသည့် တောဆင်ရိုင်းအမတစ်ကောင် ခေါင်းစိုက်၍ ဘယ်ခြေပေါင်ရင်းတွင် ဒဏ်ရာဖြင့် သေဆုံးနေသည်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစွန်ထွေးက မြန်မာ့အလင်းသို့ ပြောသည်။

ယင်းတောဆင်ရိုင်းမကို ခွဲစိတ်ကြည့်ရာတွင် သဘာဝအလျောက်သေဆုံးခြင်းမဟုတ်ဘဲ ဝဲဘက်ပေါင်လယ်နောက်ဘက်တွင် အချင်း ၁ ဒသမ ၅ လက်မ၊ အနက် ခြောက်လက်မခန့်နှင့် ယာလက်ပြင်နောက်တွင် အချင်း ၁ ဒသမ ၅ လက်မ၊ အနက် ၁ ဒသမ ၂၅ ပေခန့် ပြတ်ရှထိုးသွင်းဒဏ်ရာ ရရှိထားသည်ကို တွေ့ရှိရကြောင်း၊ ယာလက်ပြင်တွင် ရရှိသည့် ထိုးသွင်းဒဏ်ရာကြောင့် အဆုတ်နှင့်အသည်းကို ထိုးဖောက်မိသဖြင့် သေဆုံးရခြင်းဖြစ်သည်ကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ သေဆုံးသောဆင်သည်

သတင်း-တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-သစ်တောဦးစီး

အမြင့်ခုနစ်ပေ၊ အလျား ခုနစ်ပေအရွယ်ရှိပြီး အသက် ၁၅ နှစ်ခန့်ရှိကြောင်း၊ ယင်းဆင်၏ခန္ဓာကိုယ်အတွင်း ခွဲစိတ်ကြည့်ရာ ၁၃ လသားအရွယ် ဆင်သနွေသားငယ်ကိုပါ တွေ့ရှိခဲ့ကြောင်း သိရသည်။

ဒေသခံများနှင့် ဆင်ကျွမ်းကျင်သူများ၏ပြောကြားချက်အရ အဆိုပါ တောဆင်ရိုင်းများသည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် စတုံကြိုးဝိုင်းဘက်မှနေ၍ နယ်ကျွံရောက်ရှိလာသော ဆင်များဖြစ်ပြီး ယင်းဆင်အုပ်ကို သံပုံးတီးမောင်းနှင်မှုများ ရှိခဲ့ရာမှ မုဆိုးများ၏ ဘေးရန်ကြောင့် တပ်ကုန်းမြို့နယ်ဘက်သို့ စားကျက်ပြောင်းရွှေ့ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထို



သို့ စားကျက်ပြောင်းရွှေ့ကျက်စားစဉ် နိုဝင်ဘာ ၁၂ ရက်က ဒေသခံတစ်ဦး ယာခင်းထဲသို့ ဆင်အုပ်ဝင်ရောက်လာမှုကို ချောက်လှန့်စဉ် ဆင်နင်းခံရပြီး သေဆုံးမှုအပေါ် ယင်းဆင်များ မူရင်းဒေသသို့ ပြန်သွားရေးဆောင်ရွက်စဉ် နောက်မှပါလာသည့် ဆင်မုဆိုးများ၏ သတ်ဖြတ်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ယူဆကြောင်း သိရသည်။

အဆိုပါ ဆင်သေဆုံးမှုနှင့် ပတ်သက်ပြီး ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

# အရေးပေါ်လူနာပြုစုကုသမှုစနစ်များကို တစ်ဆင့်ချင်း မြှင့်တင်သွားမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံတွင် အရေးပေါ်ကုသမှုဌာနနှင့် အရေးပေါ်ကုသမှုဆိုင်ရာပညာရပ်များ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ဆင့်ချင်းမြှင့်တင်မှုများကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၇ ရက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည့်အရေးပေါ်ပြုစုကုသမှုဌာန တိုးတက်မှုပြယုဂ် ရှင်းလင်းပွဲမှ သိရသည်။

ယခုအချိန်တွင် မြန်မာနိုင်ငံ၌ အရေးပေါ်ဆေးကုသမှုနိုင်ငံတကာအဆင့်မီ တိုးမြှင့်ရန်လိုအပ်ပြီဖြစ်ကြောင်း ရန်ကုန်ဆေးတက္ကသိုလ် ၂ ခေတ္တပါမောက္ခချုပ် တာဝန်နှင့်ပါမောက္ခဌာနမှူး အရေးပေါ်ထိခိုက်ဒဏ်ရာနှင့် အရိုးအထူးကုဆရာဝန်ကြီး ဒေါက်တာဇော်ဝေစိုးက ပြောကြားသည်။

"မြန်မာနိုင်ငံမှာရှိနေတဲ့ လက်ရှိအရေးပေါ်ကုသမှုအခြေအနေက နိုင်ငံတကာအဆင့်မီတိုးမြှင့်ဖို့လိုအပ်နေပြီဖြစ်တယ်။ သင့်တော်တဲ့နည်းစနစ်၊ ပစ္စည်းကိရိယာ၊ စနစ်တကျတတ်ကျွမ်းတဲ့ အင်အားနည်းပါးနေသေးတဲ့အတွက် အရေးပေါ်နဲ့ပတ်သက်လာရင်ထိခိုက်ဒဏ်ရာရရှိသူနဲ့ သေဆုံးသူအရေအတွက်က ဂျပန်တို့ အမေရိကတို့နဲ့ ယှဉ်ရင်ဖြစ်သင့်တာထက် ပိုမိုများပြားနေတာတွေ့ရတယ်။

ဒါ့ကြောင့်အရေးပေါ်ဆေးကုသမှုနဲ့ ပညာရပ်တွေကို နိုင်ငံတကာစံနှုန်းတွေ အကောင်အထည်ဖော်ဖို့မြှင့်တင်ဖို့ကြိုးစားရမယ်။ ဒီမှာက အရေးပေါ်ဖြစ်တဲ့ လူ ၁၀၀ကို သူတို့နိုင်ငံတွေအတိုင်းကုသမှုရရင် ၂၀ ကနေ ၃၀ ရာခိုင်နှုန်းက မသေနိုင်ဘူး။ ဒီအယူအဆက ကျွန်တော့်အယူအဆမဟုတ်ဘူး။ ၂၀၁၂ ခုနှစ်ကတည်းက ကျန်းမာရေးဝန်ကြီးဌာနမှာ ဆွေးနွေးဆုံးဖြတ်ခဲ့ကြတာဖြစ်ပါတယ်။ အရေးပေါ်ပြုစုကုသမှုတိုးတက်ရေး ကော်မတီအဖွဲ့ရှိပြီး စီမံကိန်းအဆင့် ၁၊ ၂၊ ၃ အဖြစ်သတ်မှတ်ပြီး လုပ်ဆောင်ဖို့ဆုံးဖြတ်ထားတယ်။ ဒါတွေကို အကောင်အထည်ဖော်တဲ့အခါမှာ အဖွဲ့အစည်းအလိုက်လုပ်ဆောင်မှု၊ ကျွမ်းကျင်သူများပြားဖို့၊ ပစ္စည်းကိရိယာပြည့်ဝမှုရှိမှသာ ပြည်သူတွေအတွက် အမြဲအဆင်သင့်တည်ရှိနေမယ့် အရေးပေါ်ကုသမှုတွေလိုအပ်ပါတယ်။ ပဏာမအနေနဲ့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနဲ့ ပုသိမ်မြို့တွေမှာ တည်ထောင်ထားတယ်။ ဒါကနေနောက်တစ်ဆင့် တိုင်းဒေသကြီးနဲ့ပြည်နယ် ခုတင် ၂၀၀ ဆံ့ဆေးရုံတွေ၊ မြို့နယ်တွေက ခုတင် ၅၀ ဆံ့ဆေးရုံတွေအထိ တည်ထောင်သွားဖို့အစီအစဉ်ရှိပါတယ်" ဟု ပြောကြားသည်။

အရေးပေါ်ကုသပြုစုခြင်းကို ဩစတေးလျနိုင်ငံအရေးပေါ်ကုသမှု ကောလိပ်နှင့်ခွဲစိတ်ကောလိပ်နှစ်ခုမှအကူအညီဖြင့် မြန်မာနိုင်ငံရှိ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဌာန၊ ကျန်းမာရေးဦးစီးဌာနတို့မှ အထူးကုများကို ဒီပလိုမာ နှစ်နှစ်ခွဲသင်တန်းတက်ရောက်စေပြီး အရေးပေါ်အထူးကုများအဖြစ် ခန့်အပ်ထားကြောင်း စုစုပေါင်း ၂၆ ဦးရှိနေကြောင်း အရေးပေါ်ပြုစုကုသမှုဆိုင်ရာ အထူးပြုမည့်သူနာပြုများကိုလည်း သူနာပြုတက္ကသိုလ်၌ ငါးဦးမွေးထုတ်နိုင်ခဲ့ကြောင်း သိရသည်။ နောင်နှစ်များတွင် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ရန်စီစဉ်ထားကြောင်း သိရသည်။

နိုင်ငံတော်၊ ပြည်သူတွေ၊ အရပ်ဘက်အဖွဲ့အစည်းတွေ၊ မီးသတ်တွေမှာ လူနာတင်ယာဉ်တွေရှိနေပါတယ်။ ဒါကိုစနစ်တစ်ခုထည့်ပြီး တည်ထောင်ဖို့လိုအပ်ပါတယ်။ ဒါဆိုရင် နိုင်ငံတကာအဆင့်မီတဲ့ အရေးပေါ်လူနာတင်စနစ်တွေ ပေါ်ပေါက်လာပြီး နှလုံးခုန်ရပ်တန့်တဲ့ ကုသမှုတွေ၊ ပြုစုနည်းတွေနဲ့ အရေးပေါ်လူနာတင်စနစ်ပေါ်ပေါက်လာမှာဖြစ်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**မြတ်စန္ဒီသင်းဇော်**

# စတားဟန့်ခ်ပြိုင်ပွဲ၌ မြန်မာမော်ဒယ်လ် ပြုံးအလှပိုင်ရှင်ဆုဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၂၄**

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော Mr. Star Hunk International ပြိုင်ပွဲအတွင်း မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် မော်ဒယ်လ်မဟာဗလမှ Best Smile ဆုရရှိခဲ့ကြောင်း သိရသည်။

"ယှဉ်ပြိုင်ရတဲ့ အစီအစဉ်တွေက အများကြီးပါဝင်ပါတယ်။ ကျွန်တော် အကောင်းဆုံး ကြိုးစားခဲ့တယ်။ မြန်မာအကနဲ့ယှဉ်ပြိုင်ခဲ့တယ်။ အခုပြိုင်ပွဲမှာ ဆုရရှိခဲ့တဲ့အတွက် ပိုပြီးအားရှိလာတယ်။ ကျွန်တော်တို့လို အမျိုးသားမော်ဒယ်လ်တွေကိုလည်း အားပေးကြဖို့ ပြောကြားလိုပါတယ်"ဟု မဟာဗလက ပြောကြားသည်။

အဆိုပါပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြုအနေဖြင့် မဟာဗလ၊ ကျော်ကိုကိုဝေနှင့် ကောင်းစစ်သွေးတို့က သွားရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး အာဆီယံနိုင်ငံတစ်နိုင်ငံလျှင် သုံးဦးနှုန်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ရက်က စင်ကာပူနိုင်ငံတွင် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။



**သတင်း-သွန်းဝဿန်၊ ဓာတ်ပုံ-မောင်သဲဦး**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ရဲတပ်ဖွဲ့မိသားစုဝင်များ အရုဏ်ဆွမ်းလောင်းလှူ

**ဖျာပုံ နိုဝင်ဘာ ၂၄**

ဖျာပုံခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မိသားစုဝင်များ၏ မြို့မသံဃာ့ဒါနဆွမ်းလောင်းအသင်းကြီးတွင် အရုဏ်ဆွမ်းလောင်းလှူခြင်းကို နိုဝင်ဘာ ၂၁ ရက် နံနက်က ဖျာပုံမြို့ ရတနာ့သိဒ္ဓိသာသနဗိမာန်တော်ကြီး၌ လောင်းလှူခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွမ်းလောင်းပွဲတွင် ဖျာပုံခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဦးလွင်မောင်သိန်းနှင့်ဇနီး ဒေါ်ဇင်မာသက်နှင့် ဖျာပုံခရိုင်နှင့်မြို့နယ်ရဲတပ်ဖွဲ့မိသားစုဝင်များကိုယ်တိုင် လောင်းလှူခဲ့ကြသည်။

အဆိုပါ ဖျာပုံမြို့မ သံဃာ့ဒါနဆွမ်းလောင်းအသင်းကြီးသည် ဖျာပုံမြို့ပေါ်ရှိ ပရိယတ္တိ ပရိပတ္တိ ဝန်ဆောင်သံဃာ့တော်များ ဆွမ်းအာဟာရမကြောင့်မကြ ချမ်းချမ်းသာသာဖြင့် သာသနာပြုနိုင်ကြစေရန် ရည်သန်လျက် မြို့ပေါ်နှင့် ပတ်ဝန်းကျင်မှ ကျောင်းပေါင်း ၆၀ ကျော်ရှိ သံဃာတော်အပါး ၁၀၀၀ ကျော်တို့အား နေ့စဉ်အရုဏ်ဆွမ်းလောင်းလှူနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှစ၍ ပေါ်ထွန်းလာခဲ့ရာ ယခုဆိုလျှင် ၁၄ နှစ်သို့ တိုင်ခဲ့ပြီဖြစ်သည်။ မြို့မဆွမ်းလောင်းအသင်းကြီးတွင် တစ်နေ့လျှင် ဆွမ်းအလှူငွေမှာ ငွေကျပ် ၂၅၀၀၀၀ဖြစ်ကြောင်းနှင့် အလှူရှင်များအား မိမိတို့မွေးနေ့၊ လက်ထပ်မင်္ဂလာ၊ ရည်စူးကုသိုလ်ပြုအစီအစဉ်များအဖြစ် ကိုယ်တိုင်လောင်းလှူနိုင်အောင်စီစဉ်ထားရှိကြောင်းနှင့် ဆက်သွယ်လိုပါက ဖျာပုံမြို့မ ဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဒေါက်တာစံဦး ဖုန်း-၀၄၅-၄၀၂၅၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်ပွဲကျင်းပ

**မြိုင် နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့ အမှတ်(၂)ရပ်ကွက် သံပုရာခြံကိုယ်ပိုင်အထက်တန်းကျောင်း ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ သံပုရာခြံကိုယ်ပိုင်အထက်တန်းကျောင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကိုယ်ပိုင်အထက်တန်းကျောင်းအား ဦးဝင်းအေးက တည်ထောင်ပြီး ကျောင်းဖွင့်ပွဲကို မြိုင်မြို့နယ် ပညာရေးမှူး ဦးသန်းအေး၊ ဦးကြည်ဝင်း(ငြိမ်း) ကျောင်းအုပ်ဆရာကြီး ဦးဝင်းဌေးနှင့် ရပ်မိရပ်ဖဦးအောင်ခင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် မြို့နယ်ပညာရေးမှူးက ပညာရေးဆိုင်ရာများပြောကြားပြီး သံပုရာခြံ ကိုယ်ပိုင်အထက်တန်းကျောင်းအုပ်ဆရာကြီး ဦးဝင်းဌေးက ကျောင်းဖွင့်ရခြင်း ရည်ရွယ်ချက်နှင့် ပညာရေးဆိုင်ရာများကို ကြိုးစားကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြပြီး အဆိုပါကျောင်း၌ ကျောင်းဆရာဆရာမ ၂၀ ဖြင့် ကျောင်းသား ကျောင်းသူ ၃၀၀ကျော်အား သင်ကြားပြသပေးကြောင်း ပြောကြားသည်။ အခမ်းအနားသို့ ပညာရေးဝန်ထမ်းများ၊ ကျောင်းသားမိဘ၊ ရပ်မိ၊ ရပ်ဖ၊ ကျောင်းသားကျောင်းသူများတက်ရောက်ကြောင်း သိရသည်။

**စိန်မြိုင်(မြိုင်)**


**ဖခင်အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အ. ထ. က(၅)၊ စတုတ္ထတန်း(D)မှ မောင်သူရမင်းခန့်၏ဖခင်အမည်မှန်မှာ ဦးအေးဘာလှဆောင်း (BTG 213684) ဖြစ်ပါကြောင်း။

ဦးအေးဘာလှဆောင်း

**လူပျောက်ကြော်ငြာ**



အထက်ပါဓာတ်ပုံရှင် ကျွန်တော်၏ဇနီး မသက်သက်နှင်းသည် ၂၃-၁၁-၂၀၁၄ရက် နံနက် ၁၁ နာရီတွင် ရုတ်တရက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။(လက်ခံထားသူကို ဥပဒေအရ ထိရောက်စွာ အရေးယူမည်။)

**ဆက်သွယ်ရန်-၀၉-၂၅၂၄၁၀၁၄၁**

**လူပျောက်ကြော်ငြာ**



အထက်ပါ ဓာတ်ပုံရှင် မနုနုဝင်း အသက်(၂၆)နှစ်သည် နေအိမ်မှထွက်သွားရာ ပြန်လည်ရောက်ရှိမလာပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)

**ဆက်သွယ်ရန်လိပ်စာ-**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ် ကွက်၊ ကျောင်းလမ်း၊ အမှတ် ၅၂၉၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၂၅၄၁၂၁၆၆၂၊ ၀၉-၈၆၁၅၄၅၀**

**၁၉-၁၁-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ ကြော်ငြာကဏ္ဍအချပ်ပို စာမျက်နှာ(၄)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်အေးအေးရီနှင့် ဒေါ်လှလှခိုင်တို့၏ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၃၂ ဟုခေါ်တွင်သော မြေကွက်နှင့်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်ပါ ကြေညာချက်အား လက်ရှိတိုက်ခန်း ဝယ်ယူထားသူများမှ အများသိစေရန် ကန့်ကွက်ကြောင်း ကြေညာခြင်း**

လူကြီးမင်းတို့၏မိတ်ဆွေက စရန်တစ်စိတ်တစ်ဒေသပေး၍ ဝယ်ယူရာ၌ ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ကြောင်းပါရှိသဖြင့် သတင်းစာပါ အချက်အလက်ကို အောက်ပါအတိုင်း အများသိစေရန်နှင့် လူကြီးမင်းတို့သိရှိစေရန် ပြန်လည်ရှင်းလင်းလိုက်ပါသည်။

လူကြီးမင်းတို့ရောင်းချသော မြေကွက်နှင့်ပတ်သက်၍ မြေပိုင်ရှင်အနေဖြင့် ရောင်းချသူမှ မှန်ကန်သော်လည်းရောင်းချသည့် အဆောက်အအုံမှာ ကန်ထရိုက်တိုက် ငါးလွှာဖြစ်ပြီး အဆိုပါတိုက်ခန်းများ၌ ပထမထပ်ကို ဦးဟန်ရှိန် အေဂျီ ၁၆၁၂၀၈၊ ဒုတိယထပ်ကို ဒေါ်နီလာတင်အေးထွန်း ၁၀/သထန(နိုင်)၀၀၂၈၄၃၊ တတိယထပ်ကို ဒေါ်နန်းမာလာဆွေ ၁၃/လရန(နိုင်)၀၁၁၀၃၄၊ စတုတ္ထထပ်ကို ဦးရွှေစိုး ၁၂/မဂတ(နိုင်)၀၇၀၁၁၅ တို့မှ အသီးသီးဝယ်ယူထားခြင်းဖြစ်ရာ လူကြီးမင်းတို့ ကြေညာသော ကန်ထရိုက်တိုက်(ငါး)လွှာ၌ အပျောက်စနစ်ဖြင့် တိုက်ခန်းအသီးသီးကို ကျွန်ုပ်တို့ကိုယ်တိုင် ဝယ်ယူထားခြင်းဖြစ်ကြောင်း။

လူကြီးမင်းတို့ အရောင်းအဝယ်ပြုရာ၌ မြေရောင်းချခြင်းကို ကန့်ကွက်ရန် မရှိသော်လည်း မြေပေါ်ရှိ(ငါး)ထပ်အဆောက်အအုံပေါ်ရှိ အခန်းများသည် အပျောက်စနစ်ဖြင့် ကျွန်ုပ်တို့ကိုယ်တိုင် ဝယ်ယူထားခြင်းဖြစ်ရာ "အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို" ဟူသော စကားရပ်၌ ကျွန်ုပ်တို့အကျိုးထိခိုက်လာသဖြင့် ကျွန်ုပ်တို့မှ ကန့်ကွက်ပါကြောင်း။

လူကြီးမင်းကြေညာအရောင်းအဝယ်ပြုသော အဆောက်အအုံဆိုသော စကားရပ်၌ ငါးလွှာကန်ထရိုက်တိုက်ဖြစ်၍ ကျွန်ုပ်တို့ပိုင် အခန်းများအား လူကြီးမင်းတို့ အရောင်းအဝယ်ပြုရာ၌ အကျိုးခံစားခွင့်မပါကြောင်း မထိခိုက်စေဘဲ ပြန်လည်ပြင်ဆင်၍ သတင်းစာတွင် ကြေညာပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**ဦးဟန်ရှိန်**
**ဒေါ်နီလာတင်အေးထွန်း**
**ဒေါ်နန်းမာလာဆွေ**
**ဦးရွှေစိုး**
**အမှတ် ၃၂၊ သမ္မာဒိဋ္ဌိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**အများသိစေရန် ကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မေတ္တာလမ်း၊ မြေကွက်အမှတ် ၈၈၆ဟု ခေါ်တွင်သော မြေကွက်၏ ခြေရင်းဘက်အခြမ်း မြေအကျယ်ပေ(၂၅×၆၀)ရှိ မြေကွက်နှင့် ၎င်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မြင့်မြင့်စိန်က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး လက်ရှိအချိန်ထိနေထိုင် အကျိုးခံစားလျက်ရှိပါသည်။ ယခုအခါ ဒေါ်မြင့်မြင့်စိန်က အဆိုပါမြေနှင့် စပ်လျဉ်း၍ မြေဂရန် အမည်ပေါက် လျှောက်ထားရယူရန်ရှိပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၀ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်စိန် ၁၂/ဥကတ(နိုင်)၀၁၆၄၉၂၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဇော်ဟိန်း (စဉ်-၃၂၁၀၄)** LL.B, B.D.S, D.I.L

**ဒေါ်ဝေဝေအောင် (စဉ်-၃၂၇၈၁)** LL.B, D.B.L, D.I.L

**အထက်တန်းရှေ့နေများ**

**အမှတ် ၁၃၉၇(က)၊ ရွှေပြည်သာ ၂လမ်း၊ (၃၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်**



ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ကျောက်ပန်းတောင်းမြို့နယ်တွင် တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေးအတွက် ထောက်ပံ့ချေးငွေများပေးအပ်

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၂၄**

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူဖြစ်စေရန်နှင့် ပြည်တွင်း စားသုံးမှုဖူလုံရေး အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်သော တစ်ပိုင်တစ်နိုင် ဆိတ်မွေးမြူရေး လုပ်ငန်းအတွက် ပံ့ပိုးချေးငွေပေးအပ်ပွဲကို မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ နိုဝင်ဘာ ၂၁ ရက် နံနက် ၁၀ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးစပါးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဝင်းက အမှာစကားပြောကြားရာတွင် တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအတွက်ပေးအပ်သော ထောက်ပံ့ချေးငွေများကို မွေးမြူရေးလုပ်ငန်းများအတွက်သာ အမှန်တကယ် အသုံးချသွားကြရန်နှင့် လိုအပ်သည့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း သက်ဆိုင်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပေါင်းစပ်၍ အကူအညီရယူသွားကြရန်၊ ချေးငွေများကိုလည်း တာဝန်ယူ၊ တာဝန်ခံမှုဖြင့် အချိန်နှင့်တစ်ပြေးညီ တာဝန်သိသိ ပြန်လည်ပေးဆပ်သွားကြရန် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ မြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှဦးစီးမှူး ဒေါက်တာကျော်ဝင်းက ဆိတ်များတွင် ရာသီအလိုက် ဖြစ်ပွားတတ်သော ရောဂါများနှင့် ကနဦးရောဂါလက္ခဏာများ အကြောင်းကိုလည်းကောင်း၊ ရောဂါဖြစ်ပွားလာပါက အလွယ်ကူဆုံးနှင့် အဆောတလျင် လုပ်ဆောင်သင့်သည့် အချက်များ၊ ဆက်သွယ်ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး တောင်သူတစ်ဦးချင်းထံ မွေးမြူရေးထောက်ပံ့ချေးငွေများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ပေးအပ်ကြသည်။

အဆိုပါ ဆိတ်မွေးမြူရေးထောက်ပံ့ ချေးငွေများကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ထုတ်ချေးပေးခြင်းဖြစ်ပြီး ကြက်ပြစ်ကျေးရွာအုပ်စု ကြက်ပြစ်ကျေးရွာမှ အိမ်ထောင်စု ၈၈ စုအတွက် အိမ်ထောင်တစ်စုလျှင် ဆိတ် ၁၀ ကောင်နှုန်း မွေးမြူနိုင်ရန်အတွက် ငွေကျပ် သုံးသိန်းစီ ထုတ်ချေးပေးခြင်းဖြစ်ကြောင်းသိရပြီး အတိုးနှုန်းမှာ တစ်ရာလျှင် တစ်ကျပ်ပြားငါးဆယ်နှုန်းဖြင့် ချေးငွေကာလ ရှစ်လအတွင်း အရင်း/အတိုး အပြေအကျေ ပြန်လည်ပေးဆပ်သွားကြရမည် ဖြစ်ကြောင်း သိရသည်။ **နေအောင်(iprd)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၄-၁၁-၂၀၁၆

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၁၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၀၉၀၀ |

**စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၉၃၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၂၅ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၁၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၅ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၀-၁၀၄၈ |
| ဥရောပ | တစ်ယူရို | ၁၂၆၅-၁၂၈၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၈၂-၇၈၆ |
| ထိုင်း | တစ်ဘတ် | ၃၀-၃၀.၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၅၇၆ |
| တရုတ် | တစ်ယွမ် | ၁၆၅-၁၇၀ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၂ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နွေဆန် | တစ်အိတ် | ၁၆၈၀၀-၁၇၀၀၀ |
| မိုးဆန်သစ် (မနောသုခ) | တစ်အိတ် | ၁၅၃၀၀-၁၅၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၄၀၀၀-၂၇၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၄၃၀ |
| ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၇၅-၄၂၅ |
| ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၄၀၀-၁၉၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၉၀၀ |
| အာလူး(ရှမ်း) | တစ်ပိဿာ | ၅၇၀-၇၁၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၃၅၀-၂၄၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၄၀၀၀-၅၁၀၀ |
| သကြား | တစ်ပိဿာ | ၈၉၀-၉၃၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ ဆိုင်-စေ့ငုတင်ပြသည်။

# နွေစပါးရာသီ၌ ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၀၀၀၀ အကျိုးတူပူးပေါင်းစိုက်ပျိုးမည်

**နေပြည်တော် နိုဝင်ဘာ ၂၄**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုး ပညာပေးရေးဌာနခွဲမှ ဦးဆောင်ကျင်းပသည့် ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးရာသီအကျိုးတူ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရဘိန်းကျေးရွာအုပ်စု ရေပြာကျေးရွာအခြေခံပညာ မူလတန်းကျောင်းခန်းမ၌ နိုဝင်ဘာ ၂၁ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ဆွေးနွေးပွဲ၌ ပုလဲသွယ်စပ်မျိုးစပါးကို တောင်သူများနှင့် MAPCO ကုမ္ပဏီတို့ အကျိုးတူစိုက်ပျိုးရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးရေးနှင့်သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို ကွင်းဆင်းကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး ကုမ္ပဏီမှပုလဲသွယ်စပ်မျိုးစပါးတစ်ဧကတွင် ရှစ်ကီလိုကွန်ပေါင်း ဓာတ်မြေဩဇာတစ်အိတ်၊ ပုလဲဓာတ်မြေဩဇာ တစ်အိတ်နှင့် စိုက်ပျိုးစရိတ်အဖြစ် ငွေကျပ် ၅၀၀၀၀ ပံ့ပိုးပေးသွားမည်ဖြစ်ကာ သီးနှံပေါ်ချိန်တွင် ပံ့ပိုးပေးထားသော သွင်းအားစုနှင့် စုစုပေါင်း ငွေကျပ် ၁၃၁၅၀၀ ကို စပါးတစ်တင်းလျှင် ၄၀၀၀ နှုန်းဖြင့် ခုနှိမ်ပြီး ကျန်စပါးများကို ကာလပေါက်ဈေးဖြင့် ဝယ်ယူမည်ဖြစ်ကြောင်း တောင်သူများဘက်မှ အခက်အခဲအကျပ်အတည်းနှင့် မရှင်းလင်းသည်များကို အပြန်အလှန်ဆွေးနွေးမေးမြန်းခဲ့ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက်ဖြည့်ဆည်းဆောင်ရွက်ပေးရန် သဘောတူညီမှုရခဲ့ကြသည်။

ယခု ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးရာသီတွင် နေပြည်တော်ကောင်စီနယ်မြေ၌ နွေစပါးဧက ၁၃၀၀၀ စိုက်ပျိုးရန် လျာထားသတ်မှတ်ထားပြီးဖြစ်ရာ အဆိုပါဧက ၁၃၀၀၀ အနက်မှ ဧက ၁၀၀၀၀ ကို ပုလဲသွယ်စပ်မျိုးစပါး အသုံးပြု၍ တောင်သူများနှင့် မြန်မာ့လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းကုမ္ပဏီလီမိတက်MAPCO တို့ အကျိုးတူ ပူးပေါင်းစိုက်ပျိုးသွားမည်ဖြစ်ပြီး အကျိုးတူစိုက်ပျိုးရန် လျာထားသည့် မြို့နယ်များမှာ ပျဉ်းမနားမြို့နယ်၌ ဧက ၉၅၀၊ လယ်ဝေးမြို့နယ်၌ ဧက ၃၇၆၀၊ ဒက္ခိဏသီရိမြို့နယ်၌ ဧက ၉၀၀၊ ဇမ္ဗူသီရိမြို့နယ်၌ ဧက ၅၆၀၊ ပုဗ္ဗသီရိမြို့နယ်၌ ဧက ၁၆၀၊ ဥတ္တရသီရိမြို့နယ်၌ ဧက ၁၀၀၊ ဇေယျာသီရိမြို့နယ်၌ ဧက ၂၇၀၀ နှင့် တပ်ကုန်းမြို့နယ်၌ ဧက ၈၇၀ တို့ဖြစ်ကြောင်း သိရသည်။

**ကိုပေါက်(ဥက္ကာမြေ)**




## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ရှမ်းပြည်နယ်၊ တောင်ကြီးနှင့် ကလောမြို့ တိုးချဲ့မြို့ရေပေးရေးစီမံကိန်းတွင် ဆောင်ရွက်မည့် Civil Work လုပ်ငန်းများအား တင်ဒါစနစ်ဖြင့် လုပ်ငန်းအပ်နှံလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

(က) တောင်ကြီးမြို့တိုးချဲ့ရေပေးရေးစီမံကိန်း Civil Work လုပ်ငန်းများ (1) Lot

(ခ) ကလောမြို့တိုးချဲ့ရေပေးရေးစီမံကိန်း Civil Work လုပ်ငန်းများ (1) Lot

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Financial Proposal)များကို ၂၅-၁၂-၂၀၁၄ ရက် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပြီး တင်ဒါဖွင့်ပွဲအား ၂၅-၁၂-၂၀၁၄ရက် မွန်းလွဲ ၁ နာရီတိတိတွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၂၅-၁၁-၂၀၁၄ရက်မှ စ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရုံးအမှတ် (၁၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၄၀၇၊ ၄၀၉၂၁၅ တို့တွင် ဆက်သွယ်ရယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

Mr.Paul Blake & Mrs.Magda Blake တို့၏
အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပါပြီ။
Think in English
Think in English
ကလေးများအတွက် စကားပြော၊ လူကြီးများအတွက် စကားပြောနှင့် IELTS စာမေးပွဲပြင်ဆင်မှုသင်တန်းများအတွက် ကျောင်းသားများ ဆက်လက်လက်ခံနေပါပြီ။
ဖုန်း 09425026102 နှင့် 09256095451 သို့ ဆက်လိုက်ပါ။ Info@thinkinenglish.co
အမှတ်(၃)၊ ဦးဝိစာရလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ (ရွှေဘုန်းပွင့်ဘုရားအနီး)

**ပဲခူးကောလိပ်**

**၁၉၈၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကျောင်းသား/ကျောင်းသူဟောင်းများ၏**

## စတုတ္ထအကြိမ်မြောက် မိတ်ဆုံစားပွဲဖိတ်ကြားလွှာ

ကွဲကွာနေသော သူငယ်ချင်းများပြန်လည်ဆုံတွေ့နိုင်ရန် ရည်ရွယ်၍ ၁၉၈၆ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ကျောင်းသား ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်ကြပါရန် ခင်မင်ရင်းနှီးစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**အချိန်** - ညနေ ၄နာရီမှ ၇နာရီအထိ

**နေ့ရက်** - ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၆ရက်(စနေနေ့)

**နေရာ** - မြို့တော်ခန်းမ၊ သနပ်ဖက်ဈေးအနီး၊ တပ်မ(၇၇)လမ်း၊ ပဲခူးမြို့

**ဆက်သွယ်ရန်** -
အောင်မြင့်သူ ဖုန်း-၀၉-၅၃၀၂၆၁၆
အောင်မျိုးထွန်း ဖုန်း-၀၉-၄၀၁၅၂၆၆၇၃
ဦးသာ ဖုန်း-၀၉-၉၇၄၀၄၃၂၆၉
ဇော်လွင်ဦး ဖုန်း-၀၉-၅၃၀၁၀၈၃

(ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်)

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ် ၃၇၀-A၊ ဦးပိုင်အမှတ် ၁၄/စ၊ ဧရိယာ ၃ ဒသမ ၄၇ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီးအတွင်းရှိ အကွက်အမှတ် ၆၊ အကျယ်အဝန်း ပေ(၂၀×၆၀) နှင့် အကွက်အမှတ် ၇၊ အကျယ်အဝန်းပေ(၂၀×၆၀)ရှိသော မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူ ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစန်းအောင် ၁၄/ဘကလ(နိုင်) ၁၈၉၆၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးစိန်ဝင်း (စဥ်-၆၀၈၂)**

**B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်**

**အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

## ကချင်ပြည်နယ်
## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## Open Tender ခေါ်ယူခြင်း

၁။ ကချင်ပြည်နယ်၊ မိုးညှင်းခရိုင်အတွင်းရှိ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းများဆောင်ရွက်သွားရန် Open Tender ဖိတ်ခေါ်အပ်ပါသည်။

(က) ရွှေဘို-မြစ်ကြီးနားလမ်း
(၁) ကတ္တရာလမ်းခင်းခြင်း(၅မိုင် ၆ ဖာလုံ)၊
(၂) မြေသားတာဘောင်မြှင့်တင်ခြင်း(၁ မိုင် ၂ဖာလုံ)နှင့် ကတ္တရာခင်းခြင်း။
(၃) ၅ပေ၊ ၁၀ပေ၊ ၂၀ပေ ကွန်ကရစ်တံတား ၁၂ စင်းတည်ဆောက်ခြင်း။

(ခ) မိုးညှင်းမြို့ရှောင်လမ်း
(၁) ၅ပေ၊ ၁၀ပေ၊ ၂၀ပေ ကွန်ကရစ်တံတား ၁၇စင်း တိုးချဲ့ တည်ဆောက်ခြင်း။

(ဂ) မိုးညှင်း-ဘီလူး-အုန်းစံဆိုင်-ကျောက်ဖြူ-နန့်မွန်းလမ်း
(၁) ၅ပေ ကွန်ကရစ်တံတား ငါးစင်း တည်ဆောက်ခြင်း။

(ဃ) မိုးကောင်း(ပါဟုတ်)-ကာမိုင်းလမ်း
(၁) ၅ပေ ၊၁၀ပေ ကွန်ကရစ်တံတား သုံးစင်း တည်ဆောက်ခြင်း။

(င) မိုးညှင်း-နမ္မား-မြို့သစ်ကလေး-ဟိုပင်လမ်း
(၁) ၁၀ပေ ကွန်ကရစ်တံတား တစ်စင်း တည်ဆောက်ခြင်း

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၂၅-၁၁-၂၀၁၄ရက်မှ စတင်၍ ရုံးချိန်အတွင်း အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး(အင်ဂျင်နီယာမှူးကြီးရုံး)၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်တွင် လာရောက်ဝယ်ယူနိုင်ပြီး အောက်ပါအတိုင်း တင်ဒါတင်သွင်းရမည် ဖြစ်ပါသည်။

(က) **တင်ဒါတင်သွင်းရမည့်နောက်ဆုံးရက်၊အချိန်** - ၉-၁၂-၂၀၁၄ ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ

(ခ) **တင်ဒါဖွင့်မည့်ရက်၊ အချိန်** - ၉-၁၂-၂၀၁၄ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အတွင်းရေးမှူး(တင်ဒါစိစစ်ရေးကော်မတီရုံး) (ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ကချင်ပြည်နယ်

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အတွင်းရေးမှူး၊ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီရုံး (ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ကချင်ပြည်နယ်၊ ဖုန်း-၀၇၄-၂၂၃၃၂၊ ၀၇၄-၂၂၃၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

# ချောင်းဆုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး ကားလမ်းများ အဆင့်မြှင့်တင်နေ

သတင်း-မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ချောင်းဆုံ နိုဝင်ဘာ ၂၄**

ချောင်းဆုံမြို့နယ်က ဘီလူးကျွန်းပေါ်၌ တည်ရှိသည်။ ချောင်းဆုံမြို့ကိုအခြေပြုကာ ကျေးရွာများကို ဖြတ်သန်းဖောက်လုပ်ထားသည့်ကျွန်းပတ် မော်တော်ကားလမ်းရှိသည်။ လမ်းအစိတ်အပိုင်းအများအပြားကို ယခုအခါ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှလမ်းများ ပြုပြင်ခြင်းနှင့် ကတ္တရာ ထပ်ပိုးလွှာများတင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ချောင်းဆုံမြို့နယ်တွင် ကလို့-ရွာလွတ်-ချောင်းဆုံ- နတ်မှော်လမ်းသည် အရှည် ၁၅ မိုင် လေးဖာလုံရှိပြီး ချောင်းဆုံ-မုရစ်ကလေး-ကမာကေးလမ်းသည် အရှည် ၁၀ မိုင် ငါးဖာလုံရှိသည်။ တစ်ဖန် ချောင်းဆုံ-မုဒွန်း-ဘိုးနက်-သင်္ကောလမ်းသည် အရှည် ကိုးမိုင်ရှိရာ ယင်းလမ်းများအားလုံးမှာ ကတ္တရာလမ်းများဖြစ်သည်။

"၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်းမှာ သတ်မှတ်ထားတဲ့ လမ်းလုပ်ငန်းတွေဖြစ်တဲ့ လမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်းစတဲ့ ဆောင်ရွက်မှုတွေပြီးစီးအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အချို့လမ်းအစိတ်အပိုင်းတွေ ရာခိုင်နှုန်းအတော်များများ ပြီးစီးနေပြီဖြစ်ပါတယ်" ဟု အင်ဂျင်နီယာ ဦးနေခနကပြောသည်။

ကလို့- ရွာလွတ် - ချောင်းဆုံ- နတ်မှော်လမ်းတွင် လမ်းချဲ့ခြင်း၊ ထပ်ပိုးလွှာခင်းခြင်း၊ လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အပြီးပြုလုပ်နေသည်။ မိုင် ၅/၃ နှင့် မိုင် ၁၄/၂ အဝေးလမ်းလုပ်ငန်းများကို ပေ ၂၁၇၈၀ ကျော်အထိ ပြုလုပ်ပြီးဖြစ်သည်ကို တွေ့ရသည်။

ဆက်လက်ပြီး ချောင်းဆုံ- မုရစ်ကလေး- ကမာကေးလမ်းသည်အရှည် ၁၀မိုင် ငါးဖာလုံရှိရာ လမ်းအစိတ်အပိုင်းသို့ ကတ္တရာထပ်ပိုးလွှာခင်းခြင်းဖြင့်လုပ်ငန်းများ ပြုလုပ်လျက်ရှိပြီး ကားလမ်းဖြတ်တံတားများ အနက် တံတားအမှတ် ၁/၁၀ ကို သံကူကွန်ကရစ် တံတားအဖြစ် တည်ဆောက်မည်ဖြစ်သည်။ ယင်းလမ်းပိုင်းပေါ်ရှိ အခြားတံတားကိုးစင်း၌ ရေထွက်ပေါက်များပြုလုပ်လျက်ရှိရာ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

တစ်ဖန်ချောင်းဆုံ - သင်္ကော - မုဒွန်း- ဒေါင်းဥလမ်းသည် အရှည်ကိုးမိုင်ရှိရာ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် အကျယ် ၁၈ ပေရရှိရန်လမ်းချဲ့သော လုပ်ငန်းများ ဆောင်ရွက်နေရာ ယင်းလမ်း၏မိုင် ၇/၃ နှင့် ၈/၀ အကြားကတ္တရာ ထပ်ပိုးလွှာခင်းခြင်းမှာ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ဘီလူးကျွန်းပေါ်တွင် ရွာပေါင်း ၇၈ရွာရှိရာ ကျေးရွာချင်းဆက်လမ်းများ၊ ကျွန်းပတ်လမ်းများ၊ ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းဖြင့် တိုးတက်ဖွံ့ဖြိုးမှု များဆက်သွယ်သွားလာမှုနှင့်ကုန်သွယ်မှုများ လျင်မြန်လာမည်ဖြစ်သည်။

# ရှမ်းနှစ်သစ်ကူးပွဲတော် သီပေါမြို့နယ်၌ကျင်းပ

**သီပေါ နိုဝင်ဘာ ၂၄**

ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအစဉ်အလာမပျက် ၂၁၀၉ ရှမ်းနှစ်သစ်ကူးပြောင်းပွဲ မင်္ဂလာအခမ်းအနားကို ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ပန်စောက်မိန်းကျေးရွာအုပ်စု ထွတ်လန်းကျေးရွာ ရွာဦးဘုန်းတော်ကြီးကျောင်းဝင်း၌ တန်ဆောင်မုန်းလကွယ်နေ့ နိုဝင်ဘာ ၂၁ ရက် ည ၁၂နာရီက ကျင်းပသည်။

## ကြိုဆို

အခမ်းအနားတွင် ပွဲတော်ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုင်းကာလိန်ဝမ်းနှင့် ရပ်မိရပ်ဖများက ရှမ်းနှစ်သစ်ကူး မင်္ဂလာစကားများ ဆုတောင်းခွန်းခြွေကြပြီး ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက မီးပုံပွဲကျင်းပကာ မီးပုံပတ်လည်တွင် မင်္ဂလာရှမ်းတေးသီချင်းများသီဆို၍ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ ကောက်သစ်ကောက်ညှင်းပေါင်းများ ဝေငှကျွေးမွေးခြင်းနှင့် ရိုးရာယဉ်ကျေးမှု အဆိုအကများဖြင့် ရှမ်းနှစ်သစ်မင်္ဂလာအခါသမယကို စည်ကားသိုက်မြိုက်စွာ ကြိုဆိုကျင်းပကြသည်။

အလားတူရှမ်းနှစ်သစ်ကူး မင်္ဂလာအခမ်းအနားကို ရှမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီကကြီးမှူးပြီး မြို့ဟောင်း ဝိန်းကောင်ကျေးရွာ၌လည်း ကျင်းပကြောင်း သိရသည်။

**စိုင်း(သီပေါ)**



# အလင်းအိမ် ရပ်ရွာအခြေပြုသတင်းအချက်အလက်စင်တာ ဖွင့်လှစ်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ကျေးလက်ဒေသများတွင် နေထိုင်သည့် ပြည်သူလူထုနှင့် တစ်နိုင်ငံလုံးရှိ ကျောင်းနေအရွယ်ကလေးများ ဒစ်ဂျစ်တယ်နည်းပညာနှင့် အင်တာနက်မိုဘိုင်းဆက်သွယ်အသုံးပြုမှု ပိုမိုရင်းနှီးလာစေရန် ရည်ရွယ်၍ တယ်လီနောမြန်မာ၏ ပထမဆုံးသော အလင်းအိမ်ရပ်ရွာအခြေပြု သတင်းအချက်အလက်စင်တာကို နိုဝင်ဘာ ၂၀ ရက်က နေပြည်တော် လယ်ဝေးမြို့၌ စတင်ဖွင့်လှစ်ခဲ့သည်။

ရပ်ရွာအခြေပြု သတင်းအချက်အလက်စင်တာ ဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ တယ်လီနောမြန်မာ၏ အမှုဆောင်အရာရှိချုပ် Mr.Petter Furbergက "လူထုအဖွဲ့အစည်းတွေကို စွမ်းရည်မြှင့်တင်ပေးဖို့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ပိုမိုရင်းနှီးမှုရှိလာစေဖို့ ခြေလှမ်းတစ်ခုဖြစ်ပါတယ်" ဟု ပြောသည်။

တယ်လီနော မြန်မာသည် မြန်မာအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MIDO) နှင့် ပူးပေါင်းပြီး စင်တာပေါင်း ၂၀၀ ကို မြန်မာနိုင်ငံအနှံ့ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်ကို ၂၀၁၄ ခုနှစ် ဇွန်လတွင် လက်မှတ်ရေးထိုးခဲ့သည်။

"ပြည်သူလူထုအတွက် သတင်းအချက်အလက်နဲ့ ဗဟုသုတတွေကို လွယ်ကူစွာရနိုင်မယ့် အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ဆက်သွယ်ဖို့ ချိတ်ဆက်မှုမရနိုင်တဲ့ နေရာတွေမှာရှိတဲ့ ကျေးလက်နေပြည်သူတွေကို ဆက်သွယ်မှုရရှိနိုင်စေဖို့ အလင်းအိမ်က တစ်ခုချင်းစီ ပံ့ပိုးပေးသွားမှာပါ" ဟု မြန်မာအိုင်စီတီဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့မှ အမှုဆောင်ဒါရိုက်တာ ဦးနေဘုန်းလတ်က ပြောသည်။

တယ်လီနော မြန်မာအနေဖြင့် စင်တာများအတွင်း ချိတ်ဆက်ဆောင်ရွက်ရန်ပစ္စည်းများနှင့် နည်းပညာများကို ပံ့ပိုးပေးသွားမည်ဖြစ်ပြီး မြန်မာအိုင်စီတီ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့်ပူးပေါင်းကာ စွန့်ဦးတီထွင်သူ လုပ်ငန်းရှင်များကို သင်တန်းပေးခြင်း၊ စင်တာများရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ဒုတိယမြောက်စင်တာကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်**

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဖျာပုံမြို့၊ (၅)ရပ်ကွက်၊ ပထမလမ်းနေ ဦးခင်မောင်၏သား မောင်မျိုးမင်းသန်း(ခ) မောင်မျိုးဝင်းသိန်း ၅/အရတ(နိုင်)၀၀၀၇၃၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**မောင်မျိုးမင်းသန်း(ခ)မောင်မျိုးဝင်းသိန်း ၅/အရတ (နိုင်)၀၀၀၇၃၄**

စာအုပ်စာပေ
လူ့မိတ်ဆွေ

**မောင်အားသစ်ခိုင် (ခ) ဖိုးရွှေသား**
ရက်(၁၀၀)ပြည့်မွေးနေ့နှင့် အမည်ပေးကင်ပွန်းတပ် ရက်မြတ်မင်္ဂလာဆုတောင်း

၂၅-၁၁-၂၀၁၄ ရက်နေ့တွင် ရက်ပေါင်း(၁၀၀)ပြည့်မြောက်ပါသော သားငယ် **မောင်အားသစ်ခိုင်(ခ)ဖိုးရွှေသား** သည် နောင်နှစ်ပေါင်းများစွာတိုင်အောင် လောကီလောကုတ္တရာအကျိုးနှစ်ဖြာပြည့်စုံပြီး ဘုန်း၊ လက်ရုံးပြည့် သားကောင်းရတနာအဖြစ် ခွန်အားသစ်များနှင့် ခိုင်မာလှပသောဘဝလမ်းကို ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေသော၀်.. ထာဝစဉ် အေးမြ ချိုမြိန်သော မေတ္တာများဖြင့် လွှမ်းခြုံဆုတောင်းပေးလိုက်ပါတယ်။

နှစ်ဘက်သော ဘိုးဘိုး၊ ဘွားဘွားများ၊
ဖေဖေ ဒုတိယဗိုလ်မှူးကြီး မင်းထွဋ်ခိုင် နှင့် မေမေ ဒေါ်သီလာစိုး
မမကြီး မငြိမ်းချမ်းဆုဝေ (ခ) ဖိုးရွှေချမ်း၊ ဘဘ၊ ကြီးကြီး၊ တီတီ၊ ဦးဦး နှင့် မမများ

**ဖခင်အမည်မှန်**
ပြင်ဦးလွင်မြို့၊ စာပန်းအိမ်ကိုယ်ပိုင်အထက်တန်းကျောင်း နဝမတန်း(G)မှ ကျောင်းဝင်အမှတ်(က/၃၉၂၆) မနန်းစုရည်နန္ဒာ၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပါအတိုင်း ဦးစိုင်းသန်းစိန် ၁၃/လရန(နိုင်)၀၆၂၇၂၆ ဖြစ်ပါကြောင်း။ **စိုင်းသန်းစိန် ၁၃/လရန(နိုင်)၀၆၂၇၂၆**

**ဖခင်အမည်မှန်**
အထက(၃)ဗဟန်းG-10,Bတွင် ပညာသင်ကြားနေသော မသီတာဝင်း၏ဖခင်အမည်မှန်မှာ ဦးအစိုးကူးမာရ် ၁၂/ရကန(နိုင်)၀၈၂၆၄၄ ဖြစ်ပါသည်။
**ဦးအစိုးကူးမာရ်**



ရွှေသြဇာ

June Industry Ltd.မှဖြန့်ချီသော စိမ်းပြာရေညှိ ထုတ်ကုန်များအား သတ်မှတ်ထားသော အရေအတွက်နှင့်အညီ ဝယ်ယူ၍ ၂၀၁၅ ခုနှစ် လုပ်ငန်းသုံးပြက္ခဒိန်တစ်ခုစီအား (၁-၁၁-၂၀၁၄)မှစ၍အရောင်းကိုယ်စားလှယ်ဆိုင်များတွင်ထုတ်ယူနိုင်မည် ဖြစ်ပါကြောင်း ကြိုတင်သတင်းကောင်းပါးအပ်ပါသည်။




(ပြက္ခဒိန်လက်ကျန်ရှိသည်အထိသာ ဖြစ်ပါသည်။)

▸Ygn: + 95 9 730 12000, 730 13000, 730 14000 ▸Mdy: + 95 2 24490, 39985, 39725, 36122

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းတောင်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အိမ်အမှတ်(၁၀)၊ မြေတိုင်းရပ်ကွက်အမှတ် (၂၇စီ²)၊ မြေကွက်အမှတ် (၂၀၅)ပေါ်တွင် ဆောက်လုပ်မည့် (၈½)ထပ်တိုက် အဆောက်အအုံ၏ အကျယ်အဝန်း (၂၈×၄၅)ပေရှိ (တတိယထပ်/လေးလွှာ) အခန်းကို တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ (မြေရှင်/အခန်းပိုင်ရှင်) ဒေါ်နီနီဝင်း ၉/မနတ(နိုင်)၀၇၁၉၀၇ ထံမှ ကြိုပွိုင့်စနစ်ဖြင့် ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဦးကျော်မောင်မောင်မင်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၁)**
**အမှတ်(၃၄)၊ မြေညီထပ်၊ စမ်းချောင်းလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၅၁၄၆၉၁၅**

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ်(၃၇၀-A)၊ ဦးပိုင်အမှတ်(၁၄/စ)၊ ဧရိယာ (၃ ဒသမ ၄၇) ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီးအတွင်းရှိ အကွက်အမှတ် (၁၉)၊ အကျယ်အဝန်းပေ(၂၀×၆၀) နှင့် အကွက်အမှတ် ၂၀၊ အကျယ်အဝန်းပေ (၂၀×၆၀)ရှိသော မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစန်းအောင် ၁၄/ဘကလ(နိုင်)၁၈၉၆၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**ဥပဒေအကျိုးဆောင်**
**အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

**အများသိစေရန် အသိပေးကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ်(၃၇၀-A)၊ ဦးပိုင်အမှတ်(၁၄/စ)၊ ဧရိယာ (၃ ဒသမ ၄၇) ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီးအတွင်းရှိ အကွက်အမှတ် (၁)၊ အကျယ်အဝန်းပေ(၂၀×၆၀) နှင့် အကွက်အမှတ် ၇၄၊ အကျယ်အဝန်းပေ (၂၀×၆၀)ရှိသော မြေကွက်နှစ်ကွက်နှင့် ယင်းမြေကွက်များဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား တရားဝင်ဝယ်ယူပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဦးစန်းအောင် ၁၄/ဘကလ(နိုင်)၁၈၉၆၉၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိန်ဝင်း (စဉ်-၆၀၈၂)**
**B.A, H.G.P, C.B.L, D.B.L, D.M.L**
**ဥပဒေအကျိုးဆောင်**
**အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅**

နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

## ဥရောပ ချန်ပီယံလိဂ် အုပ်စုပွဲစဉ်များ (သီဟ)

**ချန်ပီယံလိဂ် အုပ်စု(င)** နိုဝင်ဘာ ၂၅/၂၆

| | | | |
|---|---|---|---|
| CSKA မော်စကို | - | ရိုးမား | ည ၁၁း၃၀ |
| မန်စီးတီး | - | ဘိုင်ယန်မြူးနစ် | နံနက် ၂း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(စ)** နိုဝင်ဘာ ၂၆

| | | | |
|---|---|---|---|
| ပီအက်စ်ဂျီ | - | အိုင်းယက်စ် | နံနက် ၂း၁၅ |
| အေပိုးလ် | - | ဘာစီလိုနာ | နံနက် ၂း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဆ)** နိုဝင်ဘာ ၂၆

| | | | |
|---|---|---|---|
| ရှော့လ်ကေး | - | ချယ်လ်ဆီး | နံနက် ၂း၁၅ |
| စပို့တင်း | - | မာရီဘော | နံနက် ၂း၁၅ |

**ချန်ပီယံလိဂ် အုပ်စု(ဇ)** နိုဝင်ဘာ ၂၅/၂၆

| | | | |
|---|---|---|---|
| BATE ဘိုရီဆော့ | - | ပေါ်တို | ည ၁၁း၃၀ |
| ရှက်တာဒိုးနက် | - | ဘီလ်ဘာအို | နံနက် ၂း၁၅ |

**အုပ်စု(င) ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ဘိုင်ယန်မြူးနစ် | ၄ | ၄ | ၀ | ၀ | ၁၂ |
| ၂ | ရိုးမား | ၄ | ၁ | ၁ | ၂ | ၄ |
| ၃ | CSKA မော်စကို | ၄ | ၁ | ၁ | ၂ | ၄ |
| ၄ | မန်စီးတီး | ၄ | ၀ | ၂ | ၂ | ၂ |

**အုပ်စု(စ) ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ပီအက်စ်ဂျီ | ၄ | ၃ | ၁ | ၀ | ၁၀ |
| ၂ | ဘာစီလိုနာ | ၄ | ၃ | ၀ | ၁ | ၉ |
| ၃ | အိုင်းယက်စ် | ၄ | ၀ | ၂ | ၂ | ၂ |
| ၄ | အေပိုးလ် | ၄ | ၀ | ၁ | ၃ | ၁ |

**အုပ်စု(ဆ) ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၄ | ၂ | ၂ | ၀ | ၈ |
| ၂ | ရှော့လ်ကေး | ၄ | ၁ | ၂ | ၁ | ၅ |
| ၃ | စပို့တင်း | ၄ | ၁ | ၁ | ၂ | ၄ |
| ၄ | မာရီဘော | ၄ | ၀ | ၃ | ၁ | ၃ |

**အုပ်စု(ဇ) ရပ်တည်မှု**

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရမှတ် |
|---|---|---|---|---|---|---|
| ၁ | ပေါ်တို | ၄ | ၃ | ၁ | ၀ | ၁၀ |
| ၂ | ရှက်တာဒိုးနက် | ၄ | ၂ | ၂ | ၀ | ၈ |
| ၃ | BATE ဘိုရီဆော့ | ၄ | ၁ | ၀ | ၃ | ၃ |
| ၄ | ဘီလ်ဘာအို | ၄ | ၀ | ၁ | ၃ | ၁ |

# လီဗာပူးတို့ရင်ခုန်စရာဖြစ်ပြီး ဂျူဗင်တပ်စ်တို့အနိုင်ရှာဖွေမယ့် ချန်ပီယံလိဂ်

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅)ကို နိုဝင်ဘာ ၂၇ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ စောင့်ကြည့်ရမယ့်အသင်းတွေကတော့ ဂျူဗင်တပ်စ်နဲ့ လီဗာပူးတို့ဖြစ်ပြီး ဘယ်လိုအားထုတ်မှုတွေနဲ့ ဘယ်လိုရလဒ်တွေထွက်ပေါ်အောင်ကြိုးစားကြမယ်ဆိုတာက စိတ်ဝင်စားစရာကောင်းနေပါတယ်။

**မယ်လ်မိုနှင့် ဂျူဗင်တပ်စ်**

အုပ်စု (A)မှာ နောက်တစ်ဆင့်တက်ဖို့ အတိမ်းအစောင်းမခံတော့တဲ့ ဂျူဗင်တပ်စ်ဟာ ဒီပွဲမဖြစ်မနေ အနိုင်ကစားတော့မှာဖြစ်ပါတယ်။ အုပ်စု (A) မှာ နောက်တစ်ဆင့်တက်ဖို့အတွက် အိုလံပီယာကို့စ်နဲ့ ခြောက်မှတ်ချင်းတူနေတဲ့အတွက် ဂျူဗင်တပ်စ်အတွက် ဒီပွဲစဉ်ဟာ ခြေကုန်ထုတ်မှရပါလိမ့်မယ်။ ဒါပေမယ့် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းစွမ်းရည်ကျဆင်းမှုက စိုးရိမ်စရာကောင်းနေတဲ့ ဂျူဗင်တပ်စ်အတွက် အနိုင်ဆိုတဲ့ရလဒ်ကို အကောင်အထည်ဖော်ဖို့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် မယ်လ်မိုတို့က ခြေစွမ်းပိုင်းအားနည်းချက်ရှိတဲ့အတွက် ဂျူဗင်တပ်စ်တို့ စိုးရိမ်စရာတော့မရှိပါဘူး။ ဒီပွဲမှာ ဂျူဗင်တပ်စ်တို့နိုင်ပွဲရအောင်ရှာဖွေပြီး နောက်တစ်ဆင့်တက်ဖို့ ဟန်ပြင်မှာဖြစ်ပါတယ်။

**လူဒိုဂိုရက်စ်နှင့် လီဗာပူး**

ဘူလ်ဂေးရီးယားကလပ် လူဒိုဂိုရက်စ်တို့က ပြည်တွင်းလိဂ်မှာ ခြေစွမ်းပြနေပြီး တန်းစီဇယားမှာ အဆင့်နှစ်နေရာရပ်တည်နေပေမယ့် ချန်ပီယံလိဂ်အုပ်စု (B) မှာတော့ နောက်တစ်ဆင့်တက်ဖို့ အခြေအနေမကောင်းနိုင်တော့တဲ့ အနေအထားဖြစ်ပါတယ်။ လီဗာပူးတို့လည်း လေးပွဲကစားသုံးမှတ်သာရထားတာမို့ မျှော်လင့်ချက်မှုန်ဝါးနေပါတယ်။ လေးပွဲကစားပြီးအချိန်မှာ နှစ်ဂိုးသာသွင်းယူထားနိုင်တဲ့ လီဗာပူးတိုက်စစ်စွမ်းရည်ကလည်း စိတ်ပျက်စရာပါပဲ။ ဒီပွဲမှာ ဂုဏ်သိက္ခာအရ လီဗာပူးဟာ အနိုင်ကစားဖို့ပြင်ဆင်လာမှာဖြစ်ပေမယ့် အနိုင်ရလဒ်ကို ခက်ခက်ခဲခဲရယူမှ ရပါလိမ့်မယ်။

**အန်ဒါလက်ချ်နှင့် ဂါလာတာစာရေး**

အုပ်စု(D)မှာ ဘယ်လ်ဂျီယံကလပ် အန်ဒါလက်ချ်ရော တူရကီကလပ် ဂါလာတာစာရေးတို့ပါ နောက်တစ်ဆင့်တက်ရေး အခြေအနေမကောင်းတော့ပါဘူး၊ ဒီပွဲမှာ ဘယ်အသင်းပဲဖြစ်ဖြစ် နိုင်နိုင်ရှုံးရှုံးအရေးမပါတော့ပေမယ့် အိမ်ရှင်တို့က ဂါလာတာစာရေးကို အသာစီးရအောင်ကစားပါလိမ့်မယ်။ ဂါလာတာစာရေးဟာ ခံစစ်ပိုင်းလျော့နည်းနေပြီး တိုက်စစ်ပိုင်းကလည်း ကျဆင်းနေတာမို့ ဒီပွဲဟာ ဂါလာတာစာရေးအတွက် မျှော်လင့်ချက်မရှိနိုင်ပါဘူး။ ပထမအကျော့မှာ သရေပွဲဖြစ်ထားတဲ့အတွက် ဒီပွဲမှာ ပြတ်သားတဲ့ရလဒ်ကိုနှစ်သင်းစလုံးက အပြိုင်ပုံဖော်ကြမှာ ဖြစ်ပါတယ်။

**အာဆင်နယ်နှင့် ဒေါ့မွန်**

ပထမအကျော့မှာ အာဆင်နယ်တို့ တစ်ဂိုး-ဂိုးမရှိရှုံးခဲ့လို့ အခုပွဲအိမ်ကွင်းမှာ ရှုံးကြွေးပြန်ဆပ်ဖို့က အာဆင်နယ်တို့ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ဒေါ့မွန်တို့ရဲခံစစ်ပိုင်းက ခိုင်မာတောင့်တင်းနေတာမို့ အာဆယ်နယ်တိုက်စစ်မှူးတွေ ဘယ်လိုကျော်ဖြတ်မလဲဆိုတာတာ စိတ်ဝင်စားစရာပါ။ တိုက်စစ်ရော၊ ခံစစ်ပါ အားသာချက်ရှိနေတဲ့ ဒေါ့မွန်ကို စိတ်တိုင်းကျတာအမှန်ပါပဲ။

**မိုးမြင့်လင်းလက်**

## လီဗာပူးရှုံးပွဲကြုံ

ပရီမီယာလိဂ်ပွဲစဉ် ၁၂ လက်ကျန်ပွဲအဖြစ် နိုဝင်ဘာ ၂၃ ရက် ညပိုင်းက ခရစ္စတယ်ပဲလေ့စ်နှင့် လီဗာပူးတို့ယှဉ်ပြိုင်ကစားခဲ့ရာ ခရစ္စတယ်ပဲလေ့စ်က သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရခဲ့သည်။ ပွဲစပြီး နှစ်မိနစ်အကြာ ရစ်ကီလမ်းပတ်က လီဗာပူးအတွက် ဦးဆောင်ဂိုးသွင်းနိုင်သော်လည်း လက်ဒလေနှင့်ဂျက်ဒီနယ်တို့က ဂေးလီအဖွင့်ဂိုးအပြီး နောက်ကျဂိုးများသွင်းပေးခဲ့သည်။

လီဗာပူးအသင်းသည် ယင်းပွဲရှုံးနိမ့်ခဲ့၍ ငါးပွဲဆက်တိုက်အနိုင်မရဘဲ ထိပ်ဆုံးရောက်ချယ်လ်ဆီးနောက်မှ ၁၈ မှတ်ကွာ၍ လိုက်နေရသည်။ ဟားလ်စီးတီးနှင့်စပါးတို့ပွဲတွင် စပါးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ခဲ့သည်။ စပါးက ယင်းပွဲအနိုင်ရလိုက်သဖြင့် အာဆင်နယ်နှင့် အမှတ်တူရပ်တည်လျက်ရှိသည်။ ဟားလ်စီးတီးအသင်းသည် ၁၁ ပွဲကစားရာတွင် တစ်ပွဲသာအနိုင်ရသေးသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## ပတ်ကွီယို မေဝဲသားအားစိန်ခေါ်

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပတ်ကွီယိုအနေဖြင့် တနင်္ဂနွေနေ့က မကာအို၌ ၎င်း၏ WBOဝယ်တာဝိတ်တန်း ချန်ပီယံခါးပတ်ကို ကာကွယ်လိုက်ပြီးနောက် ကမ္ဘာ့ဝိတ်တန်းချန်ပီယံငါးဆုရ ဖလွိုက်မေဝဲသားအား စိန်ခေါ်လိုက်ပြီဖြစ်သည်။

ကမ္ဘာ့ဝိတ်တန်းချန်ပီယံဆုရှစ်ဆုရ ပတ်ကွီယိုသည် ရှုံးပွဲမရှိ အမေရိကန်စိန်ခေါ်သူ ခရစ်အယ်လ်ဂျီရီအား ၁၂ ချီပွဲတွင် ခြောက်ကြိမ်တိုင် အလဲထိုးချနိုင်ခဲ့သည်။ ယင်းပြိုင်ပွဲအပြီး ပတ်ကွီယိုက သူ့အနေဖြင့် မေဝဲသားနှင့် ထိုးသတ်သွားလိုကြောင်း စိန်ခေါ်လိုက်သည်။ ပတ်ကွီယိုနှင့်မေဝဲသားတို့သည် ကမ္ဘာတွင် အကောင်းဆုံးလက်ဝှေ့သမားများဖြစ်ကြသည်။ သို့သော်လည်း ယင်းတို့နှစ်ဦး ယှဉ်ပြိုင်ထိုးသတ်မှုမရှိသေးဟု ဆိုသည်။ ပတ်ကွီယိုသည် ၆၄ ပွဲတွင် ၅၇ ပွဲအနိုင်ရရှိထားသည့် လက်ဝှေ့သမားဖြစ်သည်။


ပြည်လမ်းမှ ၂ မိနစ် လမ်းလျှောက်ရုံအကွာအဝေးတွင်ရှိသော
ဓမ္မာရုံလမ်း ဓနသူခ Condominium
တိုက်ခန်းများ အရောင်း ဖွင့် လှစ်နေပါပြီ









PNT ပြည်ငြိမ်းသူ ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
အမှတ်(17-H)၊သဃ္ဃာဝတီလမ်း၊၇-မိုင်၊မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel- 01-660728 (ext-801 ~ 808),09-8601659, 09-73030549,09-8601709,09-420301853

# ရတနာပုံဒင်္ဂါး

မောင်သာ
(ရှေးဟောင်းသုတေသန)

လွန်ခဲ့သော ၁၄၉ နှစ်ခန့် မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက် ခရစ်သက္ကရာဇ် ၁၈၆၅ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် နံနက်အရုဏ်မတက်မီ တစ်ချက်တီးအချိန်တွင် မန္တလေးရတနာပုံနန်းမြို့တော် သစ်တပ်အတွင်းမှ အမြောက်သံသုံးချက်ထွက်ပေါ်လာသည်နှင့် မြန်မာ့သမိုင်းတွင်ငွေကြေးစနစ် တစ်ခေတ်ဆန်းခဲ့ပေသည်။ ထိုနေ့က အခါတော် အမြောက်သံဆုံးသည်နှင့် သစ်တပ်အတွင်းရှိ ရတနာပုံဒင်္ဂါးစက်ရုံကို စတင်လည်ပတ်ပြီး ပြည်သူများသုံးစွဲနိုင်ရန် ဒင်္ဂါးများကို စတင်ထုတ်လုပ်ခဲ့သည်။

ကျပ်သုံးဒင်္ဂါးတော်များကို ခတ်လုပ်တော်စေ၍ တိုင်းကြီး ပြည်ကြီး အင်္ဂါရပ်နှင့်အညီခရိုင်နိုင်ငံတော်အတွင်း အနှံ့အပြားသုံးစွဲကြရသည်ဟု ဦးမောင်မောင်တင်ပြုစုသော ရွှေနန်းသုံးဝေါဟာရအဘိဓာန်တွင် ဖော်ပြထားပါသည်။

ရတနာပုံဒင်္ဂါးစက်ရုံသည် နန်းတော်သစ်တပ်အတွင်း ပဟိုရ်စင်မြောက်ဘက်၌ အုတ်အင်္ဂတေတို့ဖြင့်ဆောက်လုပ်ထားသော အဆောက်အအုံကြီးတစ်ခုဖြစ်ပြီး မင်းတုန်းမင်း(၁၈၅၂-၁၈၇၈)လက်ထက်၁၈၆၅ ခုနှစ် အောက်တိုဘာလတွင် ဆောက်လုပ်ပြီးစီး၍ ဒင်္ဂါးများထုတ်လုပ်ရန်စက်များ တပ်ဆင်ခဲ့သည်။ ဒင်္ဂါးသွန်းစက်များကို အင်္ဂလိပ်ကုန်သည် ဝီလျံဝါလစ်က ပြင်သစ်နိုင်ငံမှ မှာယူတင်သွင်းတပ်ဆင်ပေးခဲ့သည်။ စက်ရုံကို ငွေအရည်ကျိုခန်း၊ ငွေပြားကြိတ်ခန်း၊ ငွေပြားပျော့ဆေးစိမ်ခန်း၊ အပြားညီစေရန် သံလုံးဖြင့်ဖိကြိတ်ခန်း၊ ဒင်္ဂါးပြားအပေါက်ဖောက်ခန်း၊ ဖောက်ပြီးဒင်္ဂါးတို့ကိုထောင့်ဖိခန်း၊ ဒင်္ဂါးပျော့ခန်း၊ ဆေးကြောခန်း၊ ပွတ်တိုက်ခန်း၊ ဒင်္ဂါးတံဆိပ်ရိုက်နှိပ်ခန်းနှင့် ချိန်တွယ်ခန်း စသည့်အခန်းကြီးငယ်များဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ ဒင်္ဂါးများကိုမထုတ်မီ ၁၈၆၅ ခုနှစ် ဇူလိုင်လတွင် ယောအတွင်းဝန်ဦးဘိုးလှိုင်က ကာလကတ္တားဒင်္ဂါးစက်ရုံ၏ စီမံအုပ်ချုပ်ပုံစည်းမျဉ်းဥပဒေများ၊ ငွေစင်ဖြစ်အောင်ပြုလုပ်နည်း၊ ငွေဒင်္ဂါးတစ်ကျပ်သားတွင် ရောနှောရသည့် သတ္တုအမျိုးအစား စသည်ဖြင့် ဒင်္ဂါးစက်ရုံနှင့်ပတ်သက်၍ သိရှိသင့်သမျှတို့ကို ကာလကတ္တားဒင်္ဂါးစက်ရုံမှ တောင်းခံပေးရန် အင်္ဂလိပ်အစိုးရသို့စာဖြင့် အကြောင်းကြားခဲ့သည်။

မင်းတုန်းမင်းသည် အင်္ဂလိပ်တို့ သိမ်းယူထားပြီးဖြစ်သော အောက်မြန်မာပြည်နှင့် ကူးသန်းရောင်းဝယ်ရေး အဆင်ပြေစေရန်နှင့် နိုင်ငံတော်အတွင်း ငွေကြေးသုံးစွဲမှု တစ်ပြေးညီဖြစ်စေရန် ရည်ရွယ်လျက် ရတနာပုံဒင်္ဂါးစက်ရုံကို ထူထောင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံဒင်္ဂါးစက်ရုံကို ကင်းဝန်မင်းကြီး လန်ဒန်မြို့သို့ရောက်ရှိခဲ့စဉ်က ကြည့်ရှုခဲ့သည့် အင်္ဂလိပ်ဒင်္ဂါးစက်ရုံပုံစံအတိုင်း တည်ဆောက်စေခဲ့ခြင်းလည်းဖြစ်ပေသည်။ ရတနာပုံဒင်္ဂါးစက်ရုံမှ ရွှေ၊ ငွေ၊ ကြေးနီ၊ သံဖြူနှင့် ခဲဒင်္ဂါးများ ထုတ်လုပ်ခဲ့သည်။ ဒေါင်းတံဆိပ်ကျပ်သုံးငွေဒင်္ဂါးများကို မင်းတုန်းမင်း နန်းတက်နှစ်ဖြစ်သောသက္ကရာဇ် ၁၂၁၄ ခုနှစ်တွင် ခတ်နှိပ်၍ သွန်းလုပ်ခဲ့သည်။

ငွေဒင်္ဂါးများကိုတစ်ကျပ်သုံးဒင်္ဂါး၊ ငါးမူးစေ့၊ မတ်စေ့၊ မူးစေ့၊ ပဲစေ့များထုတ်လုပ်ခဲ့သည်။ ပဲစေ့နှစ်စေ့သည် တစ်မူး၊ တစ်မူးနှစ်စေ့သည် တစ်မတ်၊ တစ်မတ်နှစ်စေ့သည် ငါးမူးတစ်စေ့၊ ငါးမူးနှစ်စေ့သည် တစ်ကျပ် တန်ဖိုးသင့်ကာ ငွေကြေးစနစ်ကို ပြောင်းလဲသုံးစွဲခဲ့သည်။ ဗြိတိသျှတို့ အောက်မြန်မာပြည်တွင် သုံးစွဲနေသော ၁၆ ပဲ - ၁ ကျပ် ငွေကြေးစနစ်သို့ ပြောင်းလဲခဲ့ခြင်းဖြစ်ပေသည်။ ငွေဒင်္ဂါး



များနည်းတူ ရွှေဒင်္ဂါးများကိုလည်း ငါးမူးစေ့၊ မတ်စေ့၊ မူးစေ့၊ ပဲစေ့များထုတ်လုပ်ခဲ့သည်။ ရွှေဒင်္ဂါးများထုတ်လုပ်ရာတွင် ငါးမူးစေ့ကို အမြင့်ဆုံးတန်ဖိုးထုတ်ခဲ့သည်။

ကျပ်သုံး ရွှေဒင်္ဂါးများနှင့်ငွေဒင်္ဂါးများကို တစ်ဖက်တွင်ဥဒေါင်းရုပ်၊ တစ်ဖက်တွင် ဒိ သုံးဒင်္ဂါးဟူသော စာတန်းကို ပန်းနွယ်များရံကာသွန်းထားသည်။ ပန်းနွယ်များ၏ အပေါ်တွင် ရတနာပုံနေပြည်တော်ဟူသော စာလုံးများကို ဒင်္ဂါးအနားသားအောက်ခြေတွင် ခတ်နှိပ်ထားပါသည်။ ဒေါင်းရုပ်ကို နေမင်းအမှတ်အသားအဖြစ်လည်းကောင်း၊ သာကီဝင်မင်းတို့အမှတ်လက္ခဏာအဖြစ် လည်းကောင်း ရည်ရွယ်သွန်းလုပ်ခဲ့သည်ဟု ဆိုကြပါသည်။ ရွှေ၊ ငွေတို့ဖြင့် ပြုလုပ်ထားသော ငွေကြေးကိုသာ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးဟု ခေါ်ဆိုခဲ့ပြီး ကြေး၊ သံ၊ ခဲတို့ဖြင့်ပြုလုပ်ထားသည့် ငွေကြေးများကို ဒင်္ဂါးဟု မခေါ်ဘဲကြေးပိုက်ဆံ၊ သံပိုက်ဆံ၊ ခဲပိုက်ဆံဟုသာ ခေါ်ဝေါ်ခဲ့ပါသည်။ စက်ရုံဖွင့်စက သံနှင့်ခဲပိုက်ဆံများထုတ်လုပ်ခဲ့သော်လည်း ပွန်းပဲ့မှုများသဖြင့် နောက်ပိုင်းတွင် မထုတ်လုပ်တော့ပါချေ။

ဒင်္ဂါးစက်ရုံကို မြန်မာလူမျိုးများပင် အုပ်ချုပ်ကြီးကြပ်လုပ်ကိုင်ခဲ့ပြီး စက်ရုံ၏ကုန်ထုတ်စွမ်းအားသည် တစ်ရက်လျှင် ကျပ်တစ်သောင်းမှ တစ်သောင်းငါးထောင်အထိ ရှိခဲ့သည်။ တစ်ကျပ်သုံးဒေါင်းတံဆိပ်ပါ ငွေဒင်္ဂါးများသည် ထိုစဉ်က အိန္ဒိယနိုင်ငံတွင်သုံးစွဲလျက်ရှိသော ငွေဒင်္ဂါးများနှင့် အလေးချိန်၊ အရည်အသွေးတူညီစွာ ပြုလုပ်ထားသဖြင့် ကူးသန်းရောင်းဝယ်ရေး၊ ကုန်သွယ်ရေးလုပ်ငန်းများအဆင်ပြေ ဖြောင့်ဖြူးခဲ့ပေသည်။ ဒင်္ဂါးစက်ရုံကို ၁၈၆၅ ခုနှစ်မှ သီပေါမင်းပါတော်မူသည့် ၁၈၈၅ ခုနှစ်အထိ နှစ် ၂၀ခန့် လည်ပတ်ခဲ့ရာ ကျပ်သုံးငွေဒင်္ဂါးပေါင်း ၂၆၄ သိန်းကျော် ထုတ်ဝေနိုင်ခဲ့ပါသည်။

ထိုအချိန်တွင်အောက်မြန်မာပြည်၌ အင်္ဂလိပ်ဒင်္ဂါးများကိုသုံးစွဲလျက်ရှိရာ အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့သိမ်းပိုက်ချိန်တွင် နိုင်ငံတော်ငွေကြေးလည်ပတ်မှုအတွင်း ဒင်္ဂါးပြားများကိုသုံးစွဲကြရာတွင် ရတနာပုံဒင်္ဂါးနှင့် ဗြိတိသျှအစိုးရဒင်္ဂါးဟူ၍ နှစ်မျိုးဖြစ်လာခဲ့သည်။ အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကိုသိမ်းယူပြီးစ ကနဦးပိုင်းတွင် ပြည်သူများအား ဒေါင်းဒင်္ဂါးများကို အခြေမပျက်ဆက်လက်သုံးစွဲစေခဲ့သော်လည်း နောက်ပိုင်းတွင် ဒေါင်းဒင်္ဂါးများကို ဖျက်သိမ်းရန်စီစဉ်ခဲ့ကြသည်။ အောက်မြန်မာပြည်ရှိ ဘဏ်များနှင့် ငွေတိုက်များတွင် ဒေါင်းဒင်္ဂါးများကို လက်ခံခြင်းမပြုရန်၊ အထက်မြန်မာပြည်တွင် အစိုးရရုံးများသို့ ပေးသွင်းငွေများကို ဒေါင်းဒင်္ဂါးဖြင့် လက်ခံနိုင်သော်လည်း ဒေါင်းဒင်္ဂါးများကို ဗြိတိသျှဒင်္ဂါးများဖြင့် လုံးဝလဲလှယ်ပေးခြင်းမပြုရန်၊ ဝင်လာသမျှ ဒေါင်းဒင်္ဂါးများအားလုံးကို အထက်မြန်မာပြည်မှာပင် အကုန်သုံးစွဲပြီး အောက်မြန်မာပြည်သို့ ပေးပို့ခြင်းလုံးဝမရှိစေရန် ဗြိတိသျှအစိုးရက တိကျစွာအမိန့်ထုတ်ခဲ့သည်။

ထိုအမိန့်ကြောင့် ငွေကြေးသုံးစွဲမှုတွင် ပြဿနာများ ရှုပ်ထွေးလာတော့သည်။ အချို့နေရာများတွင် ဒေါင်းဒင်္ဂါးကို တန်ဖိုးတစ်မူးလျှော့ကာ လက်ခံကြသည်။ အချို့နေရာများတွင် ဒေါင်းဒင်္ဂါးကို လက်မခံခြင်းများပင်ရှိလာတော့သည်။

မဟာဝန်ရှင်တော်မင်းကြီး ဘားနဒ်က ဒေါင်းဒင်္ဂါးများကို အရည်ကျိုဖျက်သိမ်းလိုသည့် သဘောထားရှိခဲ့သည်။ ဒေါင်းဒင်္ဂါးများကို ဗြိတိသျှငွေနှင့် တန်ဖိုးတူလဲလှယ်ခွင့် ကိုးလ၊ ၁. ၅ ပဲလျှော့ကာ လဲလှယ်ခွင့် နှစ်နှစ်၊ အစိုးရထံအခွန်အခများ ပေးသွင်းပါက ဗြိတိသျှငွေဖြင့် တန်ဖိုးတူ ၂၁ လ ခွင့်ပြုပြီး ၁၈၈၉ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် ဒေါင်းဒင်္ဂါးများကို တရားဝင်ငွေကြေးအဖြစ်မှ လုံးဝရပ်စဲသည့် အမိန့်ထုတ်ပြန်ရန် အိန္ဒိယအစိုးရထံမှ ခွင့်ပြုချက်တောင်းခံခဲ့သည်။ သို့သော်လည်း ဗြိတိသျှအစိုးရက ဒေါင်းဒင်္ဂါးများကို ရုပ်သိမ်းလိုက်လျှင် အထက်မြန်မာပြည်ရှိ အစိုးရငွေတိုက်များတွင် သုံးမရသော ငွေများဖြင့် ပြည့်နေလိမ့်မည်ဟုသုံးသပ်ကာ ဝန်ရှင်တော်မင်းကြီး၏တင်ပြချက်ကို သဘောမတူခဲ့ချေ။ ထို့ကြောင့် အထက်မြန်မာပြည်ငွေတိုက်များသို့ ဝင်လာသမျှ ဒေါင်းဒင်္ဂါးများကိုစုဆောင်း၍ ကာလကတ္တား ဒင်္ဂါးစက်ရုံသို့ အလျဉ်းသင့်သလိုပို့ဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။

ရတနာပုံဒေါင်းဒင်္ဂါးများကို အစိုးရသို့ပေးသွင်းခွင့်၊ အစိုးရငွေဖြင့်လဲလှယ်ခွင့်တို့ကို ၁၈၉၂ ခုနှစ် မတ်လ ၃၁ ရက်အထိသာ ခွင့်ပြုကြောင်း အပြီးသတ်အမိန့်ထုတ်လိုက်ခြင်းဖြင့် မြန်မာဒေါင်းဒင်္ဂါးများသည် နိုင်ငံတော်၏ တရားဝင်ငွေကြေးအဖြစ်မှ လုံးဝရပ်စဲခဲ့ရပေသည်။

ဗြိတိသျှအစိုးရသည် မြန်မာဒေါင်းဒင်္ဂါးများမည်မျှ ရုပ်သိမ်းရရှိခဲ့ကြောင်း မထုတ်ပြန်ခဲ့သော်လည်း သီပေါမင်းပါတော်မူချိန်တွင် ဒေါင်းဒင်္ဂါးပေါင်း တန်ဖိုးငွေ ၂၈၇၅၅၆၂၅ ကျပ်ရှိခဲ့သည်ဟု ခန့်မှန်းခဲ့ကြသည်။ ဗြိတိသျှတို့က ဒေါင်းဒင်္ဂါးများကို ရုပ်သိမ်းခဲ့သော်လည်း ပျောက်ဆုံး၊ ပျက်စီးမှုများရှိသကဲ့သို့ ကျေးလက်တောရွာများတွင် ကလေးငယ်များအား အဆင်တန်ဆာအဖြစ် ဆွဲပေးခြင်း၊ ဘုရားစင်များတွင်လှုပအောင်ကပ်ထားခြင်း၊ လှေသင်္ဘောများ၏ဦးတွင် ဒင်္ဂါးများကို ရိုက်ထားခြင်း စသည့် အခြားနည်းလမ်းများဖြင့် အသုံးပြုခြင်းများကြောင့် ဒေါင်းဒင်္ဂါးများကို အပြည့်အဝရုပ်သိမ်းရရှိနိုင်မည် မဟုတ်ဟု ဝန်ရှင်တော်မင်းကြီးကယူဆခဲ့ပြီး ထုတ်လုပ်ခဲ့သမျှ ဒင်္ဂါးများ၏ တစ်ဝက်လောက်သာရရှိမည်ဟု ခန့်မှန်းခဲ့ပေသည်။

မင်းတုန်းမင်းလက်ထက်မှစ၍ သီပေါမင်းပါတော်မူသည်အထိ နှစ်ပေါင်းနှစ်ဆယ်အတွင်း မြန်မာနိုင်ငံအတွင်း လည်ပတ်သုံးစွဲခဲ့သည့် ငွေဒင်္ဂါးများသည် ၁၈၉၂ ခုနှစ် မတ်လ ၃၁ ရက်တွင်လည်းကောင်း၊ ကြေးပိုက်ဆံများသည် ၁၈၈၉ ခုနှစ် စက်တင်ဘာလ ၃၀ ရက်တွင်လည်းကောင်း တရားဝင်ငွေကြေးများအဖြစ်မှ အပြီးအပိုင်ဖျက်သိမ်းခြင်း ခံခဲ့ရပေသည်။ မည်သို့ပင်ဆိုစေကာမူ ရတနာပုံခေတ်၏ နောက်ဆုံးအချိန်များတွင် ခေတ်မီငွေဒင်္ဂါးစက်ရုံကို ထူထောင်ကာ ဗြိတိသျှတို့နှင့် တန်းတူသော ငွေကြေးစနစ်ကို စီမံခဲ့သည့် မင်းတုန်းမင်း၏ ဆောင်ရွက်ချက်သည် မြန်မာနိုင်ငံကို ခေတ်မီတိုးတက်အောင် ကြံဆောင်ခဲ့သော လုပ်ငန်းတစ်ရပ်အဖြစ် မှတ်တမ်းတင်ရမည်ဖြစ်ပေသည်။ ယခုအခါတွင် ရတနာပုံဒေါင်းဒင်္ဂါးများသည် ရှားပါးသော သမိုင်းမှတ်တမ်းဝင် ရှေးဟောင်းပစ္စည်းများစာရင်းဝင်နေပြီ ဖြစ်ပါသည်။

အင်္ဂလိပ်မြန်မာ ဒုတိယစစ်အပြီး အောက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းယူပြီးသည့်နောက်တွင် မြန်မာနိုင်ငံ၏

*စာမျက်နှာ ၁၆ သို့*

**တက္ကသိုလ်များ မန္တလေး၊ ရက္ခဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏**

**အာစရိယပူဇော်ပွဲဖိတ်ကြားလွှာ**

မန္တလေးတက္ကသိုလ် ရက္ခဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ (၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနှင့် ရတနာပုံတက္ကသိုလ် ရက္ခဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ (Y.B.F)တို့ ပူးပေါင်းကျင်းပသော တက္ကသိုလ်များ မန္တလေး ရက္ခဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကြီးကို မန္တလေးမြို့တွင် အောက်ဖော်ပြပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူများအားလုံး စုံညီစွာတက်ရောက်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

**နေ့ရက်** ➢ ၂၉-၁၂-၂၀၁၄ ရက် (တနင်္လာနေ့)၊ **အချိန်** ➢ ညနေ ၅:၀၀ နာရီတိတိ၊ **နေရာ** ➢ Oriental House (၂၇ လမ်းနှင့် ၆၄ လမ်းထောင့်၊ မန္တလေးမြို့)

အောက်ဖော်ပြပါ ကျောင်းသား/ကျောင်းသူဟောင်းများထံ ဆက်သွယ်၍ အလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါက်တာဒေါ်ခင်ဝင်းမူ | (၁၉၇၀ Intake) | ၀၉-၅၁၈၂၈၀၁ | ၉။ | ဒေါက်တာခင်ပုလဲ | (၁၉၈၃ Intake) | ၀၉-၄၀၂၅၇၅၆၉၅ |
| ၂။ | ဦးတင်ကိုကိုကြီး | (၁၉၇၄ Intake) | ၀၉-၂၀၀၄၇၄၇ | ၁၀။ | ဦးလှဘုန်းကျော် | (၁၉၈၃ Intake) | ၀၉-၄၃၁၀၁၁၁၂ |
| ၃။ | ဒေါက်တာခင်ဆွေလှဲ | (၁၉၇၄ Intake) | ၀၉-၂၀၀၂၇၈၂ | ၁၁။ | ဦးသိုက်စိုး | (၁၉၈၄ Intake) | ၀၉-၂၀၁၈၆၈၀ |
| ၄။ | ဒေါက်တာဒေါ်ခင်ဆွေမြင့် | (၁၉၇၆ Intake) | ၀၉-၂၀၀၉၄၉၄ | ၁၂။ | ဒေါက်တာနီဝင်းမို့မို့ | (၁၉၈၅ Intake) | ၀၉-၉၁၀၀၁၄၂၅ |
| ၅။ | ဒေါက်တာဒေါ်မကျော့ခိုင် | (၁၉၈၀ Intake) | ၀၉-၂၀၁၄၉၃၇ | ၁၃။ | ဒေါက်တာအေးမြင့်မိုး | (၁၉၉၄ Intake) | ၀၉-၂၀၀၄၃၃၃ |
| ၆။ | ဦးကျော်ကြည်မင်း | (၁၉၈၂ Intake) | ၀၉-၂၀၂၀၁၂၁ | ၁၄။ | ဦးတင်စိုးဝင်း | (၁၉၉၄ Intake) | ၀၉-၃၀၀၀၀၀၃၄ |
| ၇။ | ဦးကိုကိုလွင် | (၁၉၈၂ Intake) | ၀၉-၂၅၉၀၂၇၄၈၅ | ၁၅။ | ဒေါ်လှိုင်နွယ်သင်း | (၂၀၀၀ Intake) | ၀၉-၂၀၅၁၀၃၅ |
| ၈။ | ဒေါက်တာဒေါ်ပြုံးရီ | (၁၉၈၂ Intake) | ၀၉-၂၀၁၇၃၂၀ | ၁၆။ | ကိုရဲမြင့်သွင်(ခ)ကိုငယ် | (၂၀၀၄ Intake) | ၀၉-၂၀၃၆၇၂၆ |

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3809 BEIBEN Truck (8×4) L ယာဉ်လက်ဝယ်ရှိသူ Myanmar Wan Bao Mining Copper Ltd.မှ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်၏ တိမ်လွှာချမ်းအေးကုမ္ပဏီလီမိတက်၏ သွင်းကုန်လိုင်စင်မူရင်း (လိုင်စင်အမှတ် MQIL 113-145254 04/11/2013) စာရွက်စာတမ်းအထောက်အထားများ ခရီးသွားရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးနေလင်းအောင်**

**ဖုန်း-၀၉-၉၇၄၇၅၈၂၉၄**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ယ/၃၁၉၇၃ Honda Wave, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသိန်း ၆/မအရ(နိုင်)၀၃၇၈၄၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၅၁၆၉ NATTAGO-125 ယာဉ်လက်ဝယ်ရှိသူ ဦးမောင်စိန် ၁၀/သဖရ(နိုင်)၀၀၇၀၁၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၃ယ/၈၇၅၉၉ Honda Sonic-125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုးအောင် ၃/ဘအန(နိုင်)၀၉၃၃၇၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၉၅/၁၉၄၃၉ ယာဉ်လက်ဝယ်ရှိသူ မန်းရွှေစက်တော်ဘုရားဂေါပကအဖွဲ့၊ မင်းဘူးမြို့က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း ကညန၊ ခရိုင်ရုံး(မင်းဘူး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3812, BEIBEN, Fire Fighting Truck ယာဉ်လက်ဝယ်ရှိသူ Myanmar Wan Bao Mining Copper Ltd.မှ (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၃ယ/၅၂၇၄၂ Honda Dream, C 100 P, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးနိုင် ၆/မအရ(နိုင်)၀၆၉၉၂၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

**ပြည်တွင်းသတင်းနှင့် ဆောင်းပါး**

# နှမ်းစပါးသီးနှံ ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးရေးကွင်းဆင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၂၄**

နေပြည်တော် ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကျောက်ချက်အုပ်စု အိုင်စောက်ကျေးရွာတွင် ၂၀၁၄-၂၀၁၅ ခုနှစ် နှမ်းစပါးစိုက်ပျိုးမည့် တောင်သူများနှင့် (Mapco) မြန်မာ့လယ်ယာစီးပွားရေး အများပိုင်ကော်ပိုရေးရှင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့်အစီအစဉ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျေးရွာဘုန်းတော်ကြီးကျောင်း၌ နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် သီးနှံကာကွယ်ရေး၊ မြေအသုံးချရေး၊ မျိုးစေ့တာဝန်ခံများ၊ ခရိုင်၊ မြို့နယ်မှဝန်ထမ်းများ၊ ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် နှမ်းစပါးစိုက်ပျိုးသူ တောင်သူ ၇၅ ဦး တက်ရောက်ကြသည်။

ဆွေးနွေးပွဲအခမ်းအနားတွင် တိုင်းဒေသကြီးဦးစီးမှူး ဦးတင်ဦးကြိုင်နှင့် တာဝန်ရှိသူများက GAP စနစ်နှင့် ပုလဲသွယ်စပ်မျိုးစပါး ရာနှုန်းပြည့် ပြောင်းလဲစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ဆွေးနွေးပြီး (Mapco)ကုမ္ပဏီ နှမ်းစပါး ကန်ထရိုက်စနစ် စိုက်ပျိုးရေးတာဝန်ခံ ဦးစိုးမြင့်က လုပ်ငန်းဆောင်ရွက်နိုင်ရန် ပံ့ပိုးမည့်အစီအစဉ်များ၊ နှစ်ဦးနှစ်ဖက် လိုက်နာရန်အချက်များကို ဆွေးနွေးကြကြောင်း သိရသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ကွင်းဆင်းအဖွဲ့များသည် မွန်းတည့်ခွင်ကျေးရွာတွင် တောင်သူများနှင့် တွေ့ဆုံပွဲကျင်းပပြီး နေပြည်တော်ကောင်စီနယ်မြေ မြို့နယ် ရှစ်မြို့နယ်တွင် နှမ်းစပါးစိုက်ဧက ၁၀၀၀၀ ကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

---

*စာမျက်နှာ ၁၅ မှ*

အကျယ်အဝန်းသည် မူလဧရိယာ၏ သုံးပုံတစ်ပုံမျှသာ ရှိတော့သည့်အပြင် ဆန်ရေစပါးအထွက်များသည့် မြစ်ဝကျွန်းပေါ်ဒေသနှင့် သားငါးပုစွန်ပေါများလှသည့် မြန်မာ့ပင်လယ်ပြင်သည်လည်း အင်္ဂလိပ်တို့လက်အောက်သို့ ရောက်ရှိသွားခဲ့ရပေသည်။ နိုင်ငံတော်၏ ရေလမ်းထွက်ပေါက်လည်း ပိတ်ဆို့သွားခဲ့သည်။ ပိုင်နက်နယ်မြေကျုံ့သွားသည်နှင့်အမျှ အခွန်တော် ဘဏ္ဍာတော်သည်လည်း လျော့နည်းခဲ့ရပေသည်။ ထိုအချိန်တွင် မင်းတုန်းမင်းအနေဖြင့် ကျန်ရှိနေသော မြန်မာနိုင်ငံတော်အထက်ပိုင်းကို ထပ်မံအသိမ်းပိုက်မခံရစေရန်၊ မြန်မာတို့၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေရန် ခေတ်မီဖွံ့ဖြိုးစေမည့် လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပေသည်။ အနောက်နိုင်ငံများသို့ ပညာတော်သင်များ စေလွှတ်ကာ ခေတ်မီအတတ်ပညာများကို သင်ယူစေခြင်းနှင့်အတူ အမြောက်စက်ရုံ၊ သင်္ဘောစက်ရုံ၊ မဲနယ်စက်ရုံ အစရှိသည့် စက်ရုံအလုပ်ရုံများ တည်ထောင်လည်ပတ်ခဲ့သည်။ စက်ရုံပေါင်းများစွာအနက် ရတနာပုံဒင်္ဂါးစက်ရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်ခဲ့ပေရာ ဒင်္ဂါးစက်ရုံမှ သွန်းလုပ်ခဲ့သော ရတနာပုံဒင်္ဂါးများသည် မြန်မာ့သမိုင်း၏ မှတ်တမ်းသင်္ကေတတစ်ခုပင် ဖြစ်ပါတော့သည်။

---

# ကျောက်ဖြူ၌ မိုးစပါးစံကွက်ရိတ်သိမ်း

**ကျောက်ဖြူ နိုဝင်ဘာ ၂၄**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ် ခရိုင်အဆင့် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၆ ရက်က တောင်သူဦးကျော်သိန်းဦး၏ လယ်မြေကွင်းအမှတ် (၄၉၆) ဆင်းသွယ်လတ်စပါး မိုးစပါးဧက ၅၀ ရိတ်သိမ်းပွဲ ကျင်းပသည်။

အခမ်းအနားသို့ ခရိုင်စိုက်ပျိုးရေးမှူးနှင့် ဝန်ထမ်းများ၊ ဖိတ်ကြားထား သူများတက်ရောက်သည်။ အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မိုးဝင်းက အထွက်နှုန်းမိတ်ဖက်ဆိုင်ရာ အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆင်းသွယ်လတ်စပါးတစ်ဧကအထွက်နှုန်းတင်း ၁၁၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

(၁၅၇)

---

# စက်မှုလယ်ယာစနစ်ဖြင့် စိုက်ပျိုးထားသည့် လယ်မြေများသို့ တောင်သူများသွားရောက်လေ့လာ

**ဂန့်ဂေါ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်၌ စက်မှုလယ်ယာစနစ်ဖြင့် မြေယာဖော်ထုတ်ခြင်းနှင့် ခေတ်မီစက်ကိရိယာများအသုံးပြု၍ စိုက်ပျိုးခြင်းတို့ကို၂၀၁၄ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လယ်မြေဧက ၁၅၀ ဖော်ထုတ်စိုက်ပျိုးကာ ဆင်းသုခနှင့် ရတနာတိုးစပါးမျိုးများကို စိုက်ပျိုးထားသည်။ ထို့ပြင် အထွက်ကောင်းမျိုးများဖြစ်သည့် ဗီယက်နမ် ပုလဲသွယ်စပါး၊ ဆင်းသုခစပါးမျိုးများကို ဒေသတွင်း မျိုးစပါးဖြန့်ဖြူး နိုင်ရန် မျိုးစပါးစံပြကွက်အဖြစ် တောင်ခရန်းရေလှောင်တမံဒေသ တောင်ခင်ရန်းကျေးရွာ ကွင်းအမှတ်(၃၂)၌ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် စိုက်ပျိုးထားပြီး ဗီယက်နမ်ပုလဲသွယ်မျိုးစပါး စံပြကွက်တွင် စပါးစံကွက်ရိတ်သိမ်းရာ တစ်ဧကအထွက်နှုန်း အခြောက်တင်း ၂၀၈ ဒသမ ၃၈ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ မျိုးစပါးစံပြကွက်နှင့် စက်မှုလယ်ယာစနစ်ဖြင့် ဖော်ထုတ်စိုက်ပျိုးသည့်ဒေသ တောင်ခင်ရန်းကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ် စိုက်ပျိုးရေး ညှိနှိုင်းမှုကော်မတီနှင့် ရပ်ကွက်/ကျေးရွာ ၇၅ အုပ်စုမှ တောင်သူများ အထွက်တိုးစပါးစိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးရေးတို့အတွက် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် ဆွေးနွေးပွဲသို့ လာရောက်ကြသူများသည် တောင်သူဦးစံရှား၏ စက်မှုလယ်ယာစနစ်ဖြင့် လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးထားသည့် လယ်မြေဧက ၃၀ တွင် စိုက်ပျိုးထားသော ဆင်းသုခနှင့် ရတနာတိုးစပါးခင်း အောင်မြင်ဖြစ်ထွန်းမှုကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

---

# အမျိုးသားမြေယာအသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲ ပုသိမ်မြို့၌ကျင်းပ

**ပုသိမ် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော အမျိုးသားမြေယာ အသုံးချမှု မူဝါဒ(မူကြမ်း)အပေါ် အကြံပြုဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရောရှွေဝါခန်းမ၌ ကျင်းပသည်။

ဧရာဝတီတိုင်းဒေသကြီး သစ်တော/သတ္တုဝန်ကြီး ဦးစိုးမြင့်က အမှာစကားပြောကြားရာတွင် တောင်သူလယ်သမားများ မြေယာမူခင်းနှင့် အငြင်းပွားမှုပြဿနာ ချုပ်ငြိမ်းစေရန် သားစဉ်မြေးဆက် ခိုင်မာသောမြေယာပိုင်ဆိုင်မှုနှင့် လုပ်ပိုင်ခွင့်များရရှိစေရေး အတွက် နိုင်ငံတော်မှ နည်းဥပဒေနှင့်အညီ မြေယာအသုံးချမှု မူဝါဒ(မူကြမ်း)ကို အတည်ပြုနိုင်ရန်အတွက် မိမိတို့၏ခံစားချက်များနှင့် လိုက်လျောညီထွေရှိသည်/ မရှိသည်ကို လွတ်လပ်ပွင့်လင်းစွာ ဝေဖန်ဆုံးဖြတ်ခွင့်၊ အကြံပြုဖြည့်စွက်ခွင့် ရရှိနိုင်ပါကြောင်း ပြောကြားသည်။ သစ်တောဦးစီးဌာန သဘာဝတောနှင့် စိုက်ခင်းလုပ်ငန်းဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်လွင်က အမျိုးသားမြေယာအသုံးချမှုမူဝါဒ(မူကြမ်း)ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့တက်ရောက်လာသူများက အပြန် အလှန်ဆွေးနွေးညှိနှိုင်း၍ အတည်ပြုချက် ရယူကြသည်။

**ပုသိမ်-လှကြည်**

---

# ပုလဲသွယ်စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော် နတ်တလင်းမြို့နယ် သစ်ချိုခြံတွင်ကျင်းပ

**နတ်တလင်း နိုဝင်ဘာ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် သစ်ချိုခြံတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြတ်အိန္ဒြေကုမ္ပဏီတို့ပူးပေါင်း၍ စပ်မျိုးစပါးမျိုးစေ့များကို ဈေးနှုန်းချိုသာစွာရရှိစေရန်နှင့် စပ်မျိုးစပါးမျိုးစေ့ထုတ် နည်းပညာများကို ဝန်ထမ်းနှင့်တောင်သူများထံ ပြန့်ပွားစေရန်ရည်ရွယ်လျက် ပုလဲသွယ်စပ်မျိုးစပါး ဧက ၁၆၀ မျိုးစေ့ထုတ်ရန် စိုက်ပျိုးထားရာ အကွက်အမှတ် (A) ရှိ မျိုးစေ့ထုတ် ငါးဧက၌ အဖိုလိုင်းနှင့်အမလိုင်းဝတ်မှုန်ကူးပွဲတော်ကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ဝတ်မှုန်ကူးပွဲတော်သို့ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးလှမြင့်၊ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်လွင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့မှ ဦးစီးမှူးများ၊ မြို့နယ်ဦးစီးမှူးများ၊ စခန်းတာဝန်ခံများ၊ စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းခွင်မှ ဝန်ထမ်းစုစုပေါင်း ၁၂၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**


## မတ္တရာ အထက မြတ်ဆရာပူဇော်မည်

မတ္တရာ အထကတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ဆရာကြီး၊ ဆရာမကြီးများအား တပည့်များမှ (၁၇)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၃၀-၁၂-၂၀၁၄ ရက် နံနက် ၁၀ နာရီတွင် အမှတ်(၁) အထက မတ္တရာမြို့ အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ဆရာကြီး ဆရာမကြီးများအားလုံး အပူဇော်ခံကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

တပည့်ကျောင်းသူ ကျောင်းသားများအားလုံးလည်း မပျက်မကွက် တက်ရောက်ဂါရဝပြုကြပါရန်နှင့် ကန်တော့ငွေနှင့် ကန်တော့ပစ္စည်းများကို (၁) ဦးကျော်ဇော တရားလွှတ်တော်ရှေ့နေ မတ္တရာမြို့ ဖုန်း-၀၂-၇၉၀၅၃၊ (၂) ဒေါက်တာတင်ဝင်း ဆေးရုံအုပ်ကြီး(ငြိမ်း) မန္တလေး ဖုန်း-၀၉-၂၀၁၃၃၉၂၊ (၃) ဆရာမကြီး ဒေါ်ရီ အမှတ်(၁)အထက မတ္တရာမြို့ ဖုန်း-၀၂-၇၉၈၁၈၊ (၄) ဆရာကြီးဦးမြစိန် ပညာရွှေပြည်နည်းပြ မတ္တရာမြို့ ဖုန်း-၀၂-၇၉၁၈၇၊ (၅) ဆရာမဒေါ်စန်းစန်းကြီး အထက်တန်းပြ အမှတ်(၁)အထက မတ္တရာမြို့ ဖုန်း-၀၂-၇၉၈၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများ သွားလာရေးအဆင်ပြေစေရန် အကြိုအပို့ကားများ စီစဉ်ထားပါသည်။ မန္တလေးမြို့ ဦးထွန်းမြိုင် ဖုန်း-၀၂-၃၃၉၇၀၊ အောင်ကြီးကဖေးစုရပ်မှ အကြိုကားများ ၃၀-၁၂-၂၀၁၄ ရက် နံနက် ၈ နာရီတွင် အမှတ်(၁)အထက မတ္တရာမြို့သို့ ထွက်ခွာမည်ဖြစ်ပါသည်။ အကြိုအပို့တာဝန်ခံ စာရေးကြီးဦးအောင်ကျော် ဖုန်း-၀၉-၄၀၂၆၈၉၀၇၅နှင့် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3806၊ BEIBEN 1926, Truck (4×2)L ယာဉ်လက်ဝယ်ရှိသူ Myanmar wanbao Mining Copper Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ဝန်ထမ်းအလိုရှိသည်
**(ပြည်တွင်း၌သာခန့်ထားရန်)**

ဘွဲ့ရဖြစ်ရမည်။
အင်္ဂလိပ်စာ အရေးအဖတ်၊ ပြောနိုင်ရမည်။
E-mail & Internet ကျွမ်းကျင်ရမည်။
Travels & Tours လုပ်ငန်းအတွေ့အကြုံရှိသူကိုဦးစားပေးမည်။

လျှောက်ထားသူသည် မကြာမီကရိုက်ထားသော ဓာတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်မိတ္တူ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ အခြားအထောက်အထားစာရွက်များ၊ နေရပ်လိပ်စာ အပြည့်အစုံရေး၍ ကြော်ငြာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း ဖုန်း-၀၉-၃၁၀၉၅၈၉၇ သို့ ဆက်သွယ်၍ ရုံးချိန်အတွင်းလူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

**မြေချပါမစ်မူရင်းအားပယ်ဖျက်ပြီးကြောင်း**
## အသိပေးကြေညာခြင်း

ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် ၇၇၈/ခ၊ မြေကွက်တည်နေရာအမှတ် ၇၇၈/ခ၊ ဧရာဝတီလမ်း၊ ဒလမြို့နယ် ဦးသန်းထွန်းအမည်ပေါက်မြေချပါမစ်အား အမည်ပေါက် ဦးသန်းထွန်းထံမှ ၅-၁-၂၀၀၈ရက်တွင် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးမျိုးမင်းသန့် ၁၂/သကတ(နိုင်)၁၂၂၁၈၇ မှ မြေချပါမစ်နှင့် အရပ်ကတိစာချုပ်တို့ ပျောက်ဆုံးကြောင်းတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီဆောင်ရွက်ရာ ကန့်ကွက်သူမရှိသဖြင့် ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ခွင့်ပြုပြီးဖြစ်၍ မူလထုတ်ပေးထားသည့် ဦးသန်းထွန်း အမည်ပေါက် မြေချပါမစ်(မူရင်း)အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် စက်မှုဇုန်(၁)၊ မြေကွက်အမှတ် ၁၉၈/၁၊ မြေကွက်တည်နေရာအမှတ် ၁၉၈/၁၊ စက်မှုဇုန်(၁)၊ ဒဂုံဆိပ်ကမ်း၊ Myanmar Unique Diesel Co., Ltd. အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် Myanmar Unique Diesel Co., Ltd. ထံမှ အစည်းအဝေးမှတ်တမ်း(၂/၂၀၁၃)ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဦးမောင်မောင်မြင့် ၁၂/မဂတ(နိုင်)၀၀၅၁၈၂ မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အရောင်းမြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားပါမည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မောင်းအမြန်အလိုရှိသည်

ကားကြီး/ကားသေး (Auto/Manual) မောင်းနိုင်ရမည်။

ယာဉ်မောင်းလိုင်စင် (၂)နှစ်အထက် ရှိရမည်။

**ဖုန်း-၀၉-၇၃၁၉၈၁၈၄၊ ၀၉-၄၂၁၀၀၆၅၃၂**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/3805 BEIBEN 1926 Truck (4x2) L ယာဉ်လက်ဝယ်ရှိသူ Myanmar Wanbao Mining Copper Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈င/၇၇၃၄ ယာဉ်လက်ဝယ်ရှိသူ ဦးတေဇာမင်း ၉/ခမစ(နိုင်)၀၁၉၇၅၇ က ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြင်ဦးလွင်)**

# ဗုဒ္ဓစွယ်တော်ပင့်ဆောင်ပွဲနှင့် နှစ်ကျိပ်ရှစ်ဆူဘုရားများ အပူဇော်ခံလှည့်လည်

ဇီးကုန်း နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့ မြသိန်းတန်စေတီတော် ဓမ္မာရုံတော်အတွင်း အပူဇော်ခံထားရှိသော ဗုဒ္ဓမြတ်စွယ်တော်ဖွင့်ပွဲ အခမ်းအနားနှင့် မြို့တွင်းလှည့်လည်ပွဲကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့် ဇနီး၊ မြို့နယ်ဌာနဆိုင်ရာများ၊ ပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ၊ ဘုရားဖူးလာပြည်သူများက နမောတဿသုံးကြိမ်ရွတ်ဆိုပြီး နာယက ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူကာ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။ အစီအစဉ်အရ ဗုဒ္ဓမြတ်စွယ်တော်အား မင်္ဂလာဆင်တော်ပေါ်ကို ဝန်ကြီးချုပ်နှင့် တက်ရောက်လာသူများက လက်ဆင့်ကမ်းပင့်ဆောင်ခဲ့သည်။

ဆက်လက်၍ မြို့တွင်းသို့ လှည့်လည်ပင့်ဆောင်ပူဇော်ခံခဲ့ရာတွင် သာသနာ့အလံကိုင်အဖွဲ့ မဟာစည်တော်နှစ်ကျိပ်ရှစ်ဆူဘုရား ၂၈ ဆူ၊ ဒေဝါဝင်း၊ ရာဇာဝင်း၊ ဓမ္မစကြာဝတ်အသင်းအဖွဲ့များ၊ ပြည်သူများက အကအလှများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

**ကိုလွင်(ဆွာ)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဆွေးနွေးဟောပြော

ဖြူး နိုဝင်ဘာ ၂၄

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးတို့၏ ပူးပေါင်းစီစဉ်မှုတို့ဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဆွေးနွေးဟောပြောပွဲကို ဖြူးမြို့ အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁)စပယ်ခန်းမ၌ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန်း၊ မြို့နယ်ဥပဒေအရာရှိဦးသိန်းစိုးနှင့်တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူး ဒေါ်အုန်းကျင်၊ အထက(၁)ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ တက်ရောက်ကြသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြောဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဥပဒေအရာရှိ ဦးသိန်းစိုး၊ မြို့နယ်လဝကဦးစီးမှူး ဦးသက်ခိုင်နှင့် မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာဇော်လွင်တို့က လူကုန်ကူးမှု အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

**ဖြူး-မြင့်ဦး**





# မိတ္ထီလာကန်လယ် ရေစက်ရုံအမှတ် (၂) အား ပြောင်းရွှေ့တည်ဆောက်မည်

မိတ္ထီလာ နိုဝင်ဘာ ၂၄

မိတ္ထီလာကန်လယ်တံတားအနီး ကပ်လျက် တံတားသစ်တစ်စင်း ထပ်မံ တည်ဆောက်လျက်ရှိသောကြောင့် ကန်လယ်တံတားအနီး တည်ဆောက်ထားရှိသည့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ရေစက်ရုံအမှတ် (၂) အား မိုးကောင်းအန္တကူ ရေလယ်ဘုရားအနောက်ဘက် ကန်ပတ်လမ်းတွင်ပြောင်းရွှေ့တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ရေစက်ရုံ အမှတ်(၂)ကို မိုးကောင်းအန္တကူရေလယ်ဘုရား အနောက်ဘက် ကန်ပတ်လမ်းအနီးမှာ ပြန်လည်တည်ဆောက်သွားမှာပါ။ ဒီနေ့ ရေစက်ရုံ အမှတ် (၂) အဆောက်အအုံကို စနစ်တကျ ဖျက်သိမ်းနေတာပါ။ လက်ရှိနေရာက ကန်လယ်တံတားအသစ် တည်ဆောက်မယ့်နေရာမှာ ရောက်နေတာဆိုတော့ အဆင်မပြေဘူးလေ။ ပြောင်းရွှေ့ တည်ဆောက်ပြီးစီးရင်တော့ ပုံမှန်အတိုင်း သောက်သုံးရေပေးဝေရေးလုပ်ငန်းကို ဆက်လက်လုပ်ကိုင်သွားမှာပါ" ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မိတ္ထီလာကန် ပတ်ဝန်းကျင်၌ ရေစက်ရုံများတည်ဆောက်ကာ မြို့နေဒေသခံ ပြည်သူများအား နေ့စဉ် သောက်သုံးရေ ပေးဝေရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ယခုအခါ ရေသန့်စက်ရုံကြီး နှစ်ခု တည်ဆောက်ကာ မိတ္ထီလာကန်ရေအား သန့်စင်၍ သောက်သုံးရေပေးဝေရေးလုပ်ငန်းများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# ပုံတောင်ပုံညာတောင်တန်းလမ်းချဲ့ထွင်

ဂန့်ဂေါ နိုဝင်ဘာ ၂၄

ယခင်က လမ်းကျဉ်းမြောင်းသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ မကြာခဏ ဖြစ်ပွားလေ့ရှိသော မုံရွာ- ပုလဲ- ဂန့်ဂေါ- ဟားခါးလမ်း၏ လမ်းပိုင်းတစ်နေရာဖြစ်သည့် ပုံတောင်ပုံညာတောင်တန်းလမ်းအား ချဲ့ထွင်လျက်ရှိသဖြင့် လမ်းများကျယ်ဝန်းလာပြီး မော်တော်ယာဉ်များ မောင်းနှင်သွားလာရာတွင် အဆင်ပြေလွယ်ကူချောမွေ့လာကြောင်း သိရသည်။

"ယခင်က ပုံတောင်ပုံညာတောင်တန်းလမ်းဟာ ကျဉ်းမြောင်းတဲ့အပြင် လမ်းကောင်းမွန်မှုလည်း မရှိခဲ့တော့ နာရီပေါင်းများစွာ အချိန်ယူဖြတ်သန်းမောင်းနှင်ခဲ့ရတယ်။ မိုးရာသီမှာဆိုရင် တောင်စောင်းကန္တာ့စေးတွေ လမ်းပေါ်ကို စီးကျလာလို့ လမ်းချော်ပြီး ကားတွေ ရှေ့တိုးမရ၊ နောက်ဆုတ်မရနဲ့ ယာဉ်ကြောပိတ်ဆို့မှုတွေ ခဏခဏကြုံတွေ့ရတယ်။ အခုတော့ လမ်းတွေက ဘောလုံးကစားလို့ တောင်ရနေပြီ။ ကားမောင်းရတာ အများကြီး အဆင်ပြေလာတယ်" ဟု ဂန့်ဂေါမြို့ အခြေစိုက် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းတစ်ခုမှ ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။

ယခုအခါ ပုံတောင်ပုံညာတောင်တန်းလမ်းအား တာပေါင် ပေ ၄၀ အကျယ်အထိ ချဲ့ထွင်လျက်ရှိပြီး လမ်းကွေ့နေရာများတွင် လမ်းတာပေါင် ပေ ၅၀ အကျယ်ရရှိအောင် ချဲ့ထွင်လျက်ရှိသော ယင်းလုပ်ငန်းများကို စက်ယန္တရားကြီးများဖြင့်လည်းကောင်း၊ ကျောက်မိုင်းခွဲ၍လည်းကောင်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရသည်။ ယင်းလမ်းတွင် အချို့နေရာများ၌ ၂၄ ပေအကျယ် ကတ္တရာလမ်းခင်းခြင်းနှင့် လမ်းအလွန်မတ်စောက်သောနေရာတစ်ခုတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေကြောင်း သိရသည်။ ထို့အပြင် ကျောက်စီရေထုတ်ပြွန်၊ ကျောက်စီရေမြောင်းနှင့် မြေထိန်းနံရံတွဲလျက် တည်ဆောက် နေမှုများကိုလည်း တွေ့ရသည်။ ခင်အေးချောင်းကူးတံတားနှင့် ကျွဲကိုင်းချောင်းကူးတံတားတို့ကိုလည်း ကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ပြီးစီးနေသည်ကို တွေ့ရပြီး ခင်အေးချောင်းကူးတံတားမှာ အရှည် ပေ ၆၀၊ အကျယ် ၂၄ ပေ၊ ကျွဲကိုင်းချောင်းကူးတံတားမှာ အရှည် ပေ ၁၅၀၊ အကျယ် ၂၄ ပေ အတိုင်းအတာရှိကြောင်း သိရသည်။ လယ်ဓမ္မချောင်းကူး တံတားကိုလည်း အရှည်ပေ ၇၀၊ အကျယ် ၁၂ ပေ အတိုင်းအတာရှိ တစ်လွှာ တစ်ထပ် ဘေလီတံတားအဖြစ် တည်ဆောက်သွားရန် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

၁၉၆၂ ခုနှစ် ဇွန် ၁ ရက်မှစတင်၍ ၁၄ ပေခန့်အကျယ် ပုလဲ-ဂန့်ဂေါလမ်းအဖြစ် တပ်မတော်သားများနှင့် အကျဉ်းသားများက လူအင်အားကိုသာ အများဆုံးအသုံးပြု၍ ဖောက်လုပ်ခဲ့ကြောင်း သိရပြီး ၂၀ မိုင်ခန့် ခရီးကို ခက်ခဲစွာမောင်းနှင်သွားလာရသည့် ပုံတောင်ပုံညာတောင်တန်းလမ်းသည် ယခုအခါ ကျယ်ဝန်းကောင်းမွန်လာပြီဖြစ်၍ မော်တော်ယာဉ်များ မောင်းနှင်သွားလာရာတွင် အဆင်ပြေချောမွေ့လာလျက်ရှိကြောင်း သိရသည်။

"သစ်ပင်တွေ ဝါးပင်တွေ စိမ်းစိမ်းစိုစိုရှိနေသေးတဲ့ ပုံတောင်ပုံညာတောင်တန်းလမ်းကို ဖြတ်သန်းတဲ့အခါ အရင်က လမ်းကြမ်းတော့ ရှုခင်း အရသာခံဖူးတယ်လို့တောင် မမှတ်မိပါဘူး။ အခုလို လမ်းတွေကောင်းလာတော့ သဘာဝပတ်ဝန်းကျင်ရှုခင်းအလှတွေကို ကြည့်ရှုခံစားလို့ရလာပါပြီ" ဟု ခရီးသွား အမျိုးသမီးတစ်ဦးက ပြောကြားခဲ့သည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**


## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ လုပ်ငန်းသုံးစက်ကိရိယာများ၊ ရုံးသုံးစက်ကိရိယာများ၊ Driving Licence Online Service ဆောင်ရွက်ရန် Hardware များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လုပ်ငန်းသုံးစက်ကိရိယာများ (၆)မျိုး
(ခ) ရုံးသုံးစက်ကိရိယာများ (၉)မျိုး
(ဂ) Driving Licence Online Service ဆောင်ရွက်ရန် Hardware များ (၄)မျိုး

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၈-၁၂-၂၀၁၄ ရက် ၁၆:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနများတွင် သတင်းစာကြော်ငြာထည့်သည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ရုံးအမှတ်(၂၉)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၀၅၃၆၂၊ ၀၆၇-၄၀၅၁၆၅**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(ဒုတိယအကြိမ်)

၁။ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ အမှတ်(၃၈) အကြီးစားစက်ရုံ(မလွန်)မှ 90HP Tractor (95)Unit ထုတ်လုပ်ရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား စက်ရုံအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Component Parts | 70 Items |
| (ခ) | Bonnet & Roof Ass'y | 1 Item |
| (ဂ) | Forelgn Component Parts | 69 Items |
| (ဃ) | Auxillary Materials | 6 Items |
| (င) | Raw Materials | 3 Items |

၂။ တင်ဒါအား ၂၆-၁၁-၂၀၁၄ရက်တွင် စတင်ခေါ်ယူပြီး တင်ဒါပိတ်ရက်မှာ ၅-၁၂-၂၀၁၄ ရက် ၁၅:၃၀နာရီ ဖြစ်ပါသည်။ တင်ဒါပုံစံများအား အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ ထုတ်လုပ်ရေးဌာန၊ ရုံးအမှတ်(၄၁) နေပြည်တော်တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းပြီး တင်ဒါများ လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံ တရားဝင်ဝယ်ယူထားသူများထံမှ တင်ဒါကိုသာ လက်ခံပါမည်။

**(အသေးစိတ်သိရှိလိုပါက စုံစမ်းရန်ဖုန်း-၀၆၇-၄၀၈၃၆၀)**
**အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း**

## အိတ်ဖွင့်ဈေးနှုန်းလွှာတင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်ရှိ အင်းဝဆိုင်ခန်းများအား ဖွင့်လှစ်ရောင်းချရေးအတွက် အိတ်ဖွင့်(တင်ဒါ)များ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို ရန်ကုန်တက္ကသိုလ် စီမံရေးရာဌာန(AE-5)တွင် ၂၅-၁၁-၂၀၁၄ရက် နံနက် ၁၀:၀၀နာရီမှ ၂၄-၁၂-၂၀၁၄ရက် မွန်းလွဲ ၁:၀၀နာရီအထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်မှာ ၂၆-၁၂-၂၀၁၄ရက် ၁၃:၀၀နာရီတိတိ ဖြစ်ပါသည်။

၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာအတိုင်း ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ဆိုင်ခန်းနေရာချထားရေးနှင့်ကြီးကြပ်ရေးကော်မတီ**
**ရန်ကုန်တက္ကသိုလ်**
**ဖုန်း-၅၃၂၃၁၀၊ ၅၃၅၇၅၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဥဿာမြို့သစ်၊ မဇင်းတိုးချဲ့၊ မဇင်းရပ်ကွက်ရှိ မြေကွက်အမှတ် ၆၁၀၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဒေါ်ရီ (ဘ) ဦးတင်မောင် ၇/ပခန(နိုင်)၁၅၄၁၄၇ အမည်ပေါက်စလစ်နှင့် မြေကွက်အမှတ် ၆၁၁ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဦးစိုး(ခ)ဦးစိုးပု (ဘ) ဦးအေးမောင် ၇/ပခန(နိုင်)၀၅၃၄၉၅ အမည်ပေါက်စလစ်ထွက်ရှိထားသော မြေကွက်နှစ်ကွက်အား အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သူ (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ၊ စဥ်-၃၃၉၅၀**
**မဟာစေတီဘုရားဝင်းအရှေ့ဘက်မုခ်၊ ဆိုင်ခန်းအမှတ် (ဂ/၈၊ ၉၊ ၁၀)၊ မဇင်းရပ်ကွက်၊ ပဲခူးမြို့၊**
**ဖုန်း-၀၉-၄၂၈၁၉၄၇၆၉၊ ၀၉-၇၃၆၁၃၅၃၈**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ဈ)မှ မချိုဇင်ဦး၏ ဖခင်အမည်မှန်မှာ ဦးထွန်းရင် ၅/ကဘလ(နိုင်) ၀၇၅၂၃၃ ဖြစ်ပါသည်။

**ဦးထွန်းရင်**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ဈ)မှ မသက်သက်ဦး၊ နဝမတန်း(ဆ)မှ မသဲသဲဦး၏ ဖခင်အမည်မှန်မှာ ဦးချစ်စရာ ၅/ကဘလ(နိုင်)၀၉၂၀၀၂ ဖြစ်ပါသည်။

**ဦးချစ်စရာ**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မောင်ရဲကျော်အောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းရှောင် ၅/ကဘလ(နိုင်)၁၃၃၇၇၄ ဖြစ်ပါသည်။

**ဦးဝင်းရှောင်**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ခ)မှ မစံပယ်ဖြူအောင်၏ဖခင်အမည်မှန်မှာ ဦးဇော်နိုင်ဦး ၅/ကဘလ(နိုင်)၂၀၀၅၂၉ ဖြစ်ပါသည်။

**ဦးဇော်နိုင်ဦး**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်း အထက တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်သက်နိုင်ဝင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် ၅/ကဘလ(နိုင်)၁၃၃၆၉၃ ဖြစ်ပါသည်။

**ဦးအောင်နိုင်**

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ ဇီးကုန်းအထက တက္ကသိုလ်ဝင်တန်း(ဃ)မှ မောင်အေးမျိုးလွင်၏ ဖခင်အမည်မှန်မှာ ဦးမြဦး ၅/ကဘလ(နိုင်)၀၃၃၆၅၁ ဖြစ်ပါသည်။

**ဦးမြဦး**

# မြန်မာ့လက်ဝှေ့စနစ်ဖြင့် နိုင်ငံတကာချန်ပီယံများယှဉ်ပြိုင်မည့်ပွဲ အခမဲ့ကြည့်ရှုနိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် နိုင်ငံတကာ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို ရန်ကုန်မြို့ ကရဝိက်ဥယျာဉ် မျှော်စင်ကျွန်း၌ ဒီဇင်ဘာ ၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး ရိုးရာလက်ဝှေ့ချစ်သူများအတွက် အခမဲ့ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

လေးချီနှင့် ငါးချီစိန်ခေါ်ပွဲများကို ထိုးသတ်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ရွှေခါးပတ်ချန်ပီယံဟောင်း ဝမ်ချိုင်း၏ သားဖြစ်သူ မြဝတီကလပ်မှ လွှမ်းချိုင်းနှင့် ဒို့ရိုးရာကလပ်မှ နိုင်ရဲလင်းတို့က လည်းကောင်း၊ ဝါဆိုကလပ်မှ ရှမ်းလေးနှင့် ဒို့ရိုးရာကလပ်မှ စောမင်းအောင်က လည်းကောင်း၊ မုဒုံသားကလပ်မှ ရဲမာန်ဟိန်းနှင့် ဝါဆိုကလပ်မှ သားနဂါးတို့ကလည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် သန်းဇော်ဌေး (တီအန်တီကလပ်)နှင့် မွန်ပြည်နယ်အောင်လံဆုရှင် ရွှေသောင်ရင်းကလပ်မှ ကျော်ဇင်လတ်တို့က လည်းကောင်း လေးချီစိန်ခေါ်ပွဲများကို ထိုးသတ်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ငါးချီစိန်ခေါ်ပွဲများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရွှေတံဆိပ်ဆုရှင် တောင်ကလေးကလပ်မှ ရဲသွေးနီနှင့် ကရင်ပြည်နယ်နေ့အခမ်းအနားအတွင်း ဗိုလ်စွဲခဲ့သူ မြဝတီကလပ်မှ ဒေါင်းဖြူလေးတို့က ပွဲဦးထွက် စိန်ခေါ်ပွဲယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ဒုတိယငါးချီပွဲတွင် ထိုင်းနိုင်ငံ မွေ့ထိုင်းလက်ဝှေ့အကျော်အမော် ရယ်ဒယ်နှင့် မြန်မာ့လက်ဝှေ့ပညာရှင် ကျားပေါက်တို့က လည်းကောင်း၊ မြန်မာလက်ဝှေ့ကို ပထမဆုံးယှဉ်ပြိုင်ထိုးသတ်မည့် ၂၀၁၃ ဗန်ကောက် မွေ့ထိုင်းချန်ပီယံ ဆောင်းထရမ်နှင့် မြန်မာလက်ဝှေ့ပညာရှင် ထက်အောင်ဦးတို့က လည်းကောင်း ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နောက်ဆုံးပွဲစဉ်အဖြစ် ထွန်းထွန်းမင်းနှင့် ယှဉ်ပြိုင်ထိုးသတ်ရန်အတွက် စောငမန်းနှင့် သရေကျခဲ့ဖူးသူ အမေရိကန်နိုင်ငံသား ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်မှ ဆိုင်းရပ်စ်တို့မှာ လေးဆိုင်းတွင် အမှတ်ဖြင့် ဆုံးဖြတ်ကာ အကြိတ်အနယ် အရှုံးအနိုင်ပေါ်သည်အထိ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း သိရသည်။

"အလွတ်ပွဲဖြစ်ပေမယ့် နောက်ဆုံးပွဲက အမှတ်ပြည့်ယှဉ်ပြိုင်ထိုးသတ်ရမှာပါ။ ပွဲစဉ်တိုင်းမှာ မြန်မာ့ရိုးရာလက်ဝှေ့နည်းစနစ်အတိုင်း အမှတ်ပေးမှာဖြစ်ပြီး ခေါင်းတိုက်မှုတွေလည်း အသုံးပြုသွားမှာပါ။ ပွဲကို အခမဲ့ကြည့်ရှုနိုင်အောင် စီစဉ်ပေးထားပါတယ်။ ပွဲမစတင်ခင်မှာ လက်ဝှေ့အကျော်အမော်တွေဖြစ်တဲ့ သမန်းကျား၊ ရွှေဝါထွန်း၊ ရွှေဓူဝံ၊ ဝမ်ချိုင်းတို့က လက်ဝှေ့သရုပ်ပြမှုတွေ ပြုလုပ်ပေးသွားမယ်"ဟု မြန်မာမီဒီယာဂရုဖ်မှ ဦးဝဏ္ဏက ပြောကြားသည်။




မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီးကို အဲကမ္ဘောဇက ပံ့ပိုးကူညီခြင်းဖြစ်ပြီး မြန်မာမီဒီယာဂရုဖ်မှ စီစဉ်ပေးခြင်းဖြစ်သည်။ အခမဲ့ကြည့်ရှုနိုင်သည့်အပြင် စကိုင်းနက် ရုပ်သံလိုင်းမှ တိုက်ရိုက်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်း - ညဏမိုးမြင့်၊ ဓာတ်ပုံ -မောင်သဲဦး**

# နိုင်ငံခြားသားဗုဒ္ဓဘာသာဝင်များ စုပေါင်း၍ မူလတန်းကျောင်းဆောင်သစ်လှူဒါန်း

**ကလော နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် ငုတ်ကျေးရွာအုပ်စု နန်းရုပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အလျားပေ ၁၂၀၊ အနံပေ ၃၀၊ အမြင့် ၁၂ ပေရှိ တစ်ထပ်အုတ်ကျောင်းဆောင်သစ်ကို အမေရိကန်နိုင်ငံမှ ခေတ္တလာရောက်၍ ကလောမြို့ မဟာစည်သာသနာ့ရိပ်သာတရားစခန်းတွင် တရားအားထုတ်နေကြသော ဗုဒ္ဓဘာသာဝင်နိုင်ငံခြားသားများက စုပေါင်းလှူဒါန်းခဲ့ကြကြောင်း သိရသည်။

Myanmar Schools Project Foundation Building schools in Myanmar အဖွဲ့ဝင် အမေရိကန်နိုင်ငံသား Mr.Roger Brain, Mr.Stevl Ahstrong, Mr.Rich Stewart, Mis. Shalron Try , Mis. Joy Davey တို့ စုပေါင်းဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး အဆိုပါ ကျောင်းဆောင်သစ်ကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၂၂ ရက်က အဆိုပါ ကျောင်းဆောင်သစ် စာသင်ခန်း၌ ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်လွှဲအပ်ပွဲတွင် ရှမ်းပြည်နယ် ကလောအမှတ်(၂) မဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်စိုးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက အလှူရှင်များအား အထိမ်းအမှတ်အလံများ၊ ဂုဏ်ပြုမှတ်တမ်းများ ဒေသထွက်ရိုးရာဝတ်စုံများ ပြန်လည်လက်ဆောင်ပေးအပ်ခဲ့သည်။ ထို့နောက် အလှူရှင်နိုင်ငံခြားသားများကလည်း ကျောင်းသား ကျောင်းသူများအား စာအုပ်စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ကျောင်းဆောင်သစ်လွှဲအပ်ပွဲသို့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်ပညာရေးမှူးနှင့် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **ဇော်သိန်းရည်**

# လူထုကျန်းမာရေးလုပ်သားသင်တန်းဆင်းနှင့် တာဝန်အပ်နှင်းပွဲကျင်းပ

**လပွတ္တာ နိုဝင်ဘာ ၂၄**

လပွတ္တာခရိုင် လပွတ္တာမြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မာလင် (မြန်မာ)တို့ ပူးပေါင်း၍ စေတနာ့ဝန်ထမ်းလူထုကျန်းမာရေးလုပ်သား (ပုံမှန်) သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ပွဲနှင့် တာဝန်အပ်နှင်းပွဲကို လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၂၀ ရက်က ကျင်းပသည်။

တာဝန်အပ်နှင်းပွဲတွင် မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးတိုးတိုးထွန်းက ကျေးလက်ကျန်းမာရေးစေတနာ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ကြမည့် သင်တန်းသားများသည် သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးလက်ကျန်းမာရေးကော်မတီများ၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး သက်ဆိုင်ရာနယ်မြေ ကျန်းမာရေးဝန်ထမ်းများ၏ အလုပ်တာဝန်ပိုင်းဆိုင်ရာ ညွှန်ကြားကြီးကြပ်မှုအောက်တွင် တာဝန်ထမ်းဆောင်ကြရန်၊ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ကျေးလက်ပြည်သူအားလုံးကို ဆွေမျိုးရင်းချာကဲ့သို့ သဘောထားပြီး စာနာစိတ်အပြည့်ဖြင့် ပြုစုစောင့်ရှောက်ပေးကြရန်၊ ကျန်းမာရေးဌာနက ခွင့်ပြုထားသည့် လုပ်ပိုင်ခွင့်အတိုင်းအတာအတွင်းမှသာ လုပ်ကိုင်ဆောင်ရွက်ကြရန်၊ မိမိသင်ယူတတ်မြောက်ခဲ့သော ရောဂါကာကွယ်နှိမ်နင်းရေးဆိုင်ရာ အသိပညာများကို ဖြန့်ဝေပေးခြင်းလုပ်ငန်းများ၊ ဒေသဆိုင်ရာ ကျန်းမာရေး လုပ်ငန်းများတွင် ထိရောက်တက်ကြွစွာ ဆောင်ရွက်ပေးကြရန် တိုက်တွန်းအမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာသန်းသန်းဌေးက လူထုကျန်းမာရေး လုပ်သားများအနေဖြင့် ဆောင်ရွက်ရမည့် တာဝန်နှင့် ဝတ္တရားများကို လမ်းညွှန်မှာကြားပြီး မြို့နယ်ကျန်းမာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ ဆက်လက်၍ မာလင်(မြန်မာ)အဖွဲ့မှ စေတနာ့ဝန်ထမ်း လူထုကျန်းမာရေးလုပ်သားများအား ကျန်းမာရေးလုပ်သားဆေးပုံးများကို ပေးအပ်ခဲ့သည်။ **(ခရိုင် ပြန်/ဆက်)**

# တိုင်းမျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့ ကနီမြို့နယ်တွင် ကွင်းဆင်းကုသ

**ကနီ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် ကနီမြို့ပေါ်ရပ်ကွက်များနှင့် ကနဲ၊ တဇယ်ချောင်နှင့် မြို့အနီးဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံကျေးလက်ပြည်သူများအား တိုင်းမျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့က နိုဝင်ဘာ ၂၀ ရက်က ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

အဆိုပါ မျက်စိကွင်းဆင်း ကုသဆောင်ရွက်ရေးအဖွဲ့တွင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းမျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်ဌေးဌေးရီ၊ ကျန်းမာရေးမှူး ဦးဇော်နိုင်ထွန်း၊ ဦးမြတ်မင်းထွန်းနှင့် ကျန်းမာရေးသူနာပြုဆရာမများပါဝင်ပြီး မျက်စိလာရောက်စမ်းသပ်သူနှင့် မျက်စိဝေဒနာရှင် ၁၅၂ ဦးကို ကွင်းဆင်းကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ကနီမြို့နယ်တွင် မျက်စိအထူးကုဆရာဝန်မရှိသဖြင့် မျက်စိရောဂါများဖြစ်ပွားပါက မုံရွာမြို့အထိ သွားရောက်ဆေးကုသရကြောင်းနှင့် ယခုကဲ့သို့ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့က ကွင်းဆင်းဆေးကုသပေးသဖြင့် ဒေသခံများအတွက် များစွာအဆင်ပြေကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ကျိုက်မရောမြို့နယ်တရားတော်ရုံး၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၃**

ဒေါ်စန်းရီ **နှင့်** ၁။ ဦးမြင့်ဦး
၂။ ဦးမျိုးဇော်ဦး

**တရားလို** **တရားပြိုင်များ**

အမှတ် ၅၁၁၊ ပထမထပ်၊ ကန်တော်သာလမ်း၊ စံပြဈေးအနီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ(ယခုနေရပ်လိပ်စာမသိ) (၂)တရားပြိုင်ဦးမျိုးဇော်ဦး သိစေရမည်။

သင့်အပေါ်၌ တရားလိုက ချေးယူထားသော ရှမ်းရွှေ ၄.၅ကျပ်သား (သို့မဟုတ်) ရှမ်းရွှေ ၄.၅ ကျပ်သား၏ ကာလတန်ဖိုးညီမျှသောငွေကျပ် ၂၈၂၅၀၀၀/-ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၃ရက် (၁၃၇၆ခုနှစ် နတ်တော်လဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသား ပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(အောင်ကျော်သူ)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကျိုက်မရောမြို့နယ်တရားရုံး**

**အမည်ပြောင်း** ဦးနေလင်းထွန်း၏သား မကွေးတိုင်းဒေသကြီးချောက်မြို့နယ် အထက(စလေ) ပဉ္စမတန်း(A)မှ မောင်ပိုင်ဖြိုးသော်အား မောင်ဟိဏ်းဝဿန်ဇော်ဟု ပြောင်းလဲခေါ်ပါရန်။

**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ဇမ္ဗူသီရိမြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၄၂**

ဒေါ်ရီလဲ့ဝင်း **နှင့်** ဦးကျော်ဇင်ဦး

**တရားလို** **တရားပြိုင်**

ဇမ္ဗူသီရိမြို့နယ်၊ မြို့မဈေး၊ ရွှေပြည့်ငွေပြည့် သက်နှင်းဆိုင်၊ C-ရုံ(၄၇)နေ ဦးကျော်ဇင်ဦး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ရီလဲ့ဝင်းက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၀ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိ သူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် တင်သွင်းရမည်။

၂၀၁၄ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန္ဒာသိန်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၁)**
**ဇမ္ဗူသီရိမြို့နယ်တရားရုံး**

**အိုး၊ ဝိုင်၊ မိုဒန် မိသားစုဝင်များနှင့် အများသိစေရန်**

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ တိုက်အမှတ်၁၁၉၊ ဒုတိယထပ်၊ အခန်း(၃)နေ မဥမ္မာဆွေ ၁၂/ဗတထ(နိုင်)၀၃၉၀၉၂သည် ဖခင် ဦးမြသိန်း ၁၂/ဗတထ(နိုင်) ၀၃၉၀၈၂ နှင့် မိခင် ဒေါ်ဟဝါဘီဘီ ၁၂/ဗတထ(နိုင်) ၀၃၉၀၈၃ (ဘ) ဦးအီဗရာဟင် ယူစွပ်ဖ်မိုဒန်တို့မှ ထွန်းကားသော သားသမီး (၁)မဥမ္မာဆွေ၊ (၂)ကိုမြအေး ၁၂/ဗတထ(နိုင်) ၀၃၉၀၈၄၊ (၃)မနွယ်နီဆွေ ၁၂/ဗတထ(နိုင်) ၀၃၉၀၈၅၊ (၄)မနီမာဆွေ ၁၂/ဗတထ(နိုင်) ၀၃၉၀၉၃၊ (၅)မောင်မြင့်သိန်း ၁၂/ဗတထ(နိုင်) ၀၃၉၀၉၄၊ (၆) မောင်လှသိန်း ၁၂/ဗတထ (နိုင်)၀၃၉၀၉၅၊ (၇)မသိင်္ဂီထွန်း ၁၂/ဗတထ(နိုင်)၀၄၂၂၁၆ ပေါင်းခုနစ်ဦးအနက် သမီးတစ်ဦး ဖြစ်ပါသည်။ ဒေါ်ဟဝါဘီဘီမှာ ဦးမြသိန်း၏ တစ်ဦးတည်းသောဇနီးဖြစ်ပြီး (၃-၃-၂၀၁၄)ရက်က ကွယ်လွန်ခဲ့ရာ သူ့တွင်မိဘများမှဆင်းသက်သော အမွေပုံပစ္စည်းများ ကျန်ရစ် ပါသည်။ ပစ္စည်းအချို့မှာ သူ့မွေးချင်းအမွေဆိုင်မောင်နှမများနှင့် ခွဲဝေရခြင်းမရှိသေးပါ။ သူ့မွေးချင်း များ၊ ခင်ပွန်းနှင့်သားသမီးများအားလုံးတို့မှာ စွန္နီအစ္စလာမ်ဘာသာဝင်များဖြစ် ကြသည့်အလျောက် အစ္စလာမ်ဥပဒေနှင့်အညီ အမွေပုံကိုခွဲဝေယူကြရမည်ဖြစ်ရာ မဥမ္မာဆွေသည်လည်း မိခင် ဒေါ်ဟဝါဘီဘီပိုင် ပစ္စည်းများပေါ်တွင် အမွေခံစားခွင့်ရှိပါသည်။ သို့သော် မဥမ္မာဆွေသည် မိမိ၏အမွေဝေစုကို စွန့်လွှတ်ကြောင်းနှင့် ဖခင်အပါအဝင် ကျန်မောင်၊ အစ်ကို၊ ညီမ၊ အစ်မအားလုံးတို့က စွန့်လွှတ်ခြင်းကိုလက်ခံကြောင်း (၂၁-၁၁-၂၀၁၄)ရက်စွဲပါ စွန့်လွှတ်စာချုပ်ကို ချုပ်ဆိုစွန့်လွှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မိခင် ဒေါ်ဟဝါဘီဘီ၏ ကျန်ရစ်သော အမွေပုံပေါ်တွင်လည်းကောင်း၊ မိခင်၏ မွေးချင်းအမွေဆိုင်မောင်နှမများကြားတွင် ပေါ်ပေါက်သော အမွေခွဲဝေမှု၊ အငြင်းပွားမှုနှင့် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ မကြီး ၅၃/၂၀၁၄ ဦးအောင်မြင့်(ခ)ဝိုင်၊အိုး၊ မိုဒန်နှင့် ဦးအောင်ထွန်း (ပါ-၁၁) အမှု အပါအဝင် မည်သည့်အမှုအခင်းတွင်မှ တောင်းဆိုသူအဖြစ်လည်းကောင်း၊ ခုခံသူအဖြစ် လည်းကောင်း ပါဝင်ပတ်သက်မှုရှိမည်မဟုတ်ပါကြောင်းနှင့် အမှုများတွင်ထည့်သွင်းခြင်း မပြုပါရန် ဥပဒေအရထည့်သွင်းစွဲဆိုရန် လိုအပ်ပါကလည်း စွန့်လွှတ်ခြင်း၏ သက်သေအဖြစ် ဤစာချုပ်ကို အသုံးပြုနိုင်မည်ဖြစ်ပါကြောင်း အတိအလင်းကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**(ထွန်းဝင်း)**
**အထက်တန်းရှေ့နေ(စဉ်-၆၄၀၉)**

**တစ်ဦးတည်းဖြစ်ကြောင်း** မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ ပထမနှစ်အောင်မြင်ခဲ့သော မဆုပြည့်အောင် ၈/မကန(နိုင်)၂၅၀၄၅၇၏ဖခင် ဦးအောင်ကျော်နှင့် ဦးအောင်ကျော်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးအောင်ကျော်(ခ)ဦးအောင်ကျော်ဦး ၈/မကန(နိုင်)၀၃၁၈၆၁**

# ပြည်တွင်းနှင့်ကိုက်ညီသည့် ရွှေဈေးကွက်ပေါ်ပေါက်ရေးလုပ်ဆောင်မည် မြန်မာ့တွင်းထွက်သယံဇာတတူးဖော်ရေး ပွင့်လင်းမြင်သာစေရန် လုပ်ဆောင်နေ

**ရန်ကုန် နိုဝင်ဘာ ၂၄**

နိုင်ငံတကာ ရွှေဈေးကွက်အား မျက်ခြည်မပြတ်လေ့လာကာ ပြည်တွင်းနှင့်ကိုက်ညီသည့် ရွှေဈေးကွက်ပေါ်ပေါက်ရေးအတွက် စုပေါင်းဆောင်ရွက်အဖြေရှာမည်ဖြစ်ကြောင်း နိုဝင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ Park Royal ဟိုတယ်၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းမှ နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးမှ သိရသည်။

ပြည်တွင်း၌ ရွှေသယံဇာတ ထွက်ရှိမှု အားရဖွယ်အခြေအနေတွင်ရှိပြီး ရွှေလုပ်ငန်းဖြင့် နိုင်ငံအတွင်း ရွှေဈေးကွက်တစ်ခုကိုဖော်ဆောင်နိုင်မှသာ ရွှေသယံဇာတ လေလွင့်ဆုံးရှုံးမှုများကို ကာကွယ်နိုင်မည်ဖြစ်သည်။

"ရွှေက အခြားကုန်စည်တွေလို မဟုတ်ပါဘူး။ အလွန်ထိလွယ်ရှလွယ်တယ်။ ကမ္ဘာ့ဒေါ်လာဈေးနဲ့လည်း အများကြီးသက်ဆိုင်တယ်။ ရွှေဈေး အတက်အကျအတွက် အချက်ငါးချက်လောက်ရှိပါတယ်။ ဒေါ်လာဈေးအတက်အကျနဲ့ ဆိုင်သလို၊ ရာသီဥတုနဲ့လည်းဆိုင်တယ်။ မိုးတွင်းဆို ရွှေထွက်နည်းလို့ ဈေးတက်တယ်။ နောက်တစ်ခုက တိုင်းပြည်စီးပွားရေးနဲ့လည်း ဆိုင်တယ်။ ကမ္ဘာ့ရွှေဈေးကိုလည်း ကြည့်ရတယ်။ အခုနောက်ပိုင်းမှာ ဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ လုပ်ငန်းရှင်အသင်းနဲ့ ပူးပေါင်းပြီး ဈေးတွေကို အတက်အကျ တည်ငြိမ်မှုရှိအောင် ဆောင်ရွက်တယ်။ ရွှေဈေးအတက်အကျက နိုင်ငံရေးအခြေအနေနဲ့လည်း သက်ဆိုင်တယ်။ ကျွန်တော်တို့အနေနဲ့ ရွှေကို နိုင်ငံတကာမှာ တရားဝင်ရောင်းဝယ် ဖောက်ကားနိုင်အောင် အကောင်အထည်ဖော်နေပါတယ်။ ပြည်တွင်းမှာလည်း စနစ်ကျတဲ့ ရွှေဈေးကွက် ဖော်ဆောင်ရေးကို ဆောင်ရွက်တယ်။ ဥပမာပြောရရင် ပြီးခဲ့တဲ့အပတ်အတွင်း ရွှေဈေးက ခုနစ်သိန်းကျော်သွားတယ်။ အခုအချိန်မှာ ခြောက်သိန်းခြောက်သောင်းဝန်းကျင် ပြန်ဖြစ်လာတယ်။ အားလုံးက ဈေးအများကြီးမလှုပ်ခတ်အောင် စုပေါင်းပြီး လုပ်ဆောင်ကြရတာ။ ခိုင်မာမှန်ကန်တဲ့ ဈေးကွက်ဖြစ်လာဖို့ မဝေးတော့ဘူး"ဟု မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးသူတော်က ပြောကြားသည်။

> **သယံဇာတတူးဖော်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေး နိုင်ငံတော်ကဆောင်ရွက်လျက်ရှိ. . .**

ရွှေဈေးနှုန်းများ ရုတ်တရက် မြင့်တက်ခြင်း၊ အလွန်အမင်းကျဆင်းခြင်းတို့ မဖြစ်ပွားစေရန်အတွက် ဈေးနှုန်း ထိန်းညှိခြင်းကိုဆောင်ရွက်ပေးရကြောင်း၊ ယခင်က သက်ဆိုင်ရာက တာဝန်ယူထိန်းညှိသော်လည်း ယခုနောက်ပိုင်းတွင် ရွှေလုပ်ငန်းရှင်များအသင်းက အများဆုံး တာဝန်ယူ ထိန်းညှိပေးလာသည့်အတွက် အဆင်ပြေလာကြောင်း၊ တွင်းထွက်သယံဇာတ တူးဖော်မှုကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမဖြစ်စေရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိခြင်းကြောင့် ရွှေသယံဇာတ တူးဖော်ရာတွင်လည်း ပွင့်လင်းမြင်သာသည့် ဆောင်ရွက်ချက်များ ပိုမိုလိုအပ်လာကြောင်း သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံသည် ကမ္ဘာ့တွင်းထွက်သယံဇာတ တူးဖော်ရေးများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေးအဖွဲ့ဝင်နိုင်ငံ ဖြစ်ခွင့်ရရေးအတွက် ဖေဖော်ဝါရီလအတွင်းမှ စတင်ကာ ဆောင်ရွက်နေကြောင်း ရွှေသတ္တုအပါအဝင် သတ္တုတူးဖော်ရေး လုပ်ငန်းများအားလုံး အရည်အသွေးပြည့်မီမှသာ ဒေသတွင်းလူမှုဘဝ မြင့်မားလာမည်ဖြစ်ပြီး လုပ်ငန်းရှင်များသည်လည်း နိုင်ငံတကာအဆင့်မီ စံနှုန်းပြည့်လုပ်ငန်းများ ဖြစ်လာမည်ဖြစ်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က ပြောကြားသည်။

ရွှေလုပ်ငန်းရှင်များ စုပေါင်းကာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်းထားသည်မှာ ၁၂နှစ်ရှိပြီဖြစ်ပြီး ရွှေထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းအားလုံးတွင် စုစည်းဆောင်ရွက်ခြင်းဖြင့် မြန်မာ့ရွှေလုပ်ငန်းတစ်ခုလုံးတိုးတက်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရွှေလုပ်ငန်းရှင်များအသင်း၏ (၁၂)ကြိမ်မြောက် အသင်းသားစုံညီ အစည်းအဝေးအတွင်း ရွှေလုပ်ငန်းရှင်များအသင်းအတွင်းရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။

**သတင်း-ခင်ရတနာ**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**





# စည်းကမ်းချိုးဖောက်သော အင်ဂျင်နီယာနှင့် ကန်ထရိုက်များအား ထိရောက်စွာအရေးယူမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်မြို့တွင်းနှင့် ဆင်ခြေဖုံးမြို့နယ်များ၌ အချို့သော ကန်ထရိုက်တာများနှင့် အင်ဂျင်နီယာများသည် အဆောက်အအုံများကို သွားရောက်ကာ ကိုယ်တိုင်ကြီးကြပ်ခြင်းမရှိဘဲ တရားဝင်လိုင်စင်ကို အလွဲသုံးစားပြုပြီး လက်မှတ်ရေးထိုး၍ လိုင်စင်ကြေးရယူဆောင်ရွက်နေသည့်အတွက် အဆောက်အအုံအရည်အသွေးကျဆင်းနေကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(အဆောက်အအုံ)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ရန်ကုန်မြို့တော်ရဲ့ ဆင်ခြေဖုံးမြို့နယ်တွေမှာ လွန်ခဲ့တဲ့နှစ်များက အထပ်မြင့်အဆောက်အအုံတွေ ဆောက်လုပ်ခွင့်ပြုခဲ့ပါတယ်။ ဒီလိုဆောက်လုပ်ခွင့်ပြုတဲ့ တစ်ချိန်တည်းမှာပဲ အဆောက်အအုံတွေကို သတ်မှတ်စံချိန်စံညွှန်းနဲ့အညီ ဆောက်လုပ်နိုင်တဲ့အင်ဂျင်နီယာတွေ ငွေကြေးအရင်းအနှီးမှန်မှန်ကန်ကန် မြှုပ်နှံလုပ်ကိုင်နိုင်တဲ့ ကန်ထရိုက်တာတွေ အများအပြားလိုအပ်လာပါတယ်။ ဒီအတွက်လည်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကန်ထရိုက်တာတွေနဲ့ အင်ဂျင်နီယာတွေကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း ဥပဒေနဲ့အညီ လိုင်စင်တွေထုတ်ပေးခဲ့ပါတယ်။ သို့သော်လည်း အချို့ကန်ထရိုက်တာတွေနဲ့ အင်ဂျင်နီယာတွေက အဆောက်အအုံတွေကို ကိုယ်တိုင်သွားရောက်ကြီးကြပ်ခြင်းမရှိဘဲ လက်မှတ်ရေးထိုးကာ လိုင်စင်ကြေးရယူဆောင်ရွက်နေတာတွေ ရှိနေပါတယ်။ ဒီလိုလုပ်ဆောင်တဲ့အတွက် အဆောက်အအုံအရည်အသွေးတွေဟာလည်း ကျဆင်းနေတာတွေ တွေ့ရပါတယ်။ တချို့အဆောက်အအုံတွေမှာဆို အရပ်ပန်းရန်အဆင့်လောက်နဲ့ ကြီးကြပ်သူနဲ့လောက်သာ ဆောက်လုပ်နေတာတွေအများအပြားတွေ့ရပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအင်ဂျင်နီယာဌာန(အဆောက်အအုံ)အနေဖြင့် ယင်းကဲ့သို့ ဆောင်ရွက်နေသော ကန်ထရိုက်တာများနှင့် အင်ဂျင်နီယာများကို တည်ဆဲဥပဒေအရ စည်းကမ်းချိုးဖောက်မှုဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-သက္က**


## ပုလဲရတုမင်္ဂလာဆုတောင်းလွှာ

ချစ်ဖေဖေ **ဦးဝင်းနိုင်**နှင့် ချစ်မေမေ **ဒေါ်ခင်သန္တာသန်း**တို့၏ ၂၅-၁၁-၂၀၁၄ရက်တွင် ကျရောက်သော နှစ် (၃၀)ပြည့် ပုလဲရတုမင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ရတုအဆက်ဆက်တိုင်အောင် ဘဝလမ်းခရီး တစ်လျှောက် သာယာဖြောင့်ဖြူး၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့ ပြည့်စုံစွာဖြင့် ချစ်သောမိသားစုနှင့်အတူ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ချစ်သားသမီးများ - မောင်အောင်စည်သူ-မမကြောဖြူခိုင်(ပုံ့ပုံ့)**
**Ambry King (Gean Collection)**
**ဗိုလ်ကြီးဖြိုးမောင်မောင်-မစန္ဒီဖုန်းမြတ်(ပို့ပို့)**
**မခိုင်ရတီသင်း(ပန်ပန်) 2nd year Hotel and Tourism Management (MCC.i)**

**ချစ်မြေးများ - စည်သူမင်းမြတ် (G-1) အထက (၃) ပဲခူး**
**မသုဖုန်းမြတ်စံ(သုသု)**

## မိခင်အမည်မှန်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ အထကခွဲ(သုခဝတီ)အဋ္ဌမတန်းမှ မခင်ရတနာစိုးနှင့် ပဉ္စမတန်းမှ မောင်နိုင်လင်းထက်တို့၏ မိခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဒေါ်မူနီမား ဖြစ်ပါကြောင်း။

**ဒေါ်မူနီမား**
**၁၀/မလမ(နိုင်)၁၈၄၆၃၇**

## ယာဉ်မှတ်ပုံစာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၈၄၆၈ Shwe Pyi Dagon Jeep S/W (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမြင့်အောင် ၁၀/မလမ(နိုင်)၀၂၀၈၅၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## အောင်လံဆရာတော် အရှင်စန္ဒိမာ၏ (၁၀)ရက်အဓိဋ္ဌာန် အထူးတရားစခန်းပွဲ ယောဂီအသစ်များအတွက် ကျင်းပမည်

အောင်လံမြို့၊ စက်ရုံရပ်ကွက်၊ တိုက်ခွဲအမှတ် ၃၂၊ သဲအင်းဂူဝိပဿနာ ဓမ္မရိပ်သာ၏ မူလပဓာန နာယက (သောတာပတ္တိမဂ်ရှုဖွယ်ကျမ်းပြု) အောင်လံဆရာတော် အရှင်စန္ဒိမာသည် ယောဂီအသစ်များအတွက် ၁၀ရက်အဓိဋ္ဌာန် အထူးတရားစခန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင် ကျေးရွာရှိ တိုက်ခွဲအမှတ် ၃၂၊ သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ (ရန်ကုန်ရိပ်သာကြီး)တွင်ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ တရားစခန်းဝင်မည့် ယောဂီများသည် တရားစခန်းပွဲ ပထမရက်မတိုင်မီ (တစ်ရက်)ကြိုတင်၍ အိပ်ရာလိပ်၊ ထီး၊ လက်နှိပ်ဓာတ်မီး စသည့် အသုံးအဆောင်ပစ္စည်းများ၊ မှတ်ပုံတင်စိစစ်ရေးကတ်(မူရင်း)တို့နှင့်အတူ လာရောက်ရန်ဖြစ်ပါသည်။ ယောဂီများအနေဖြင့် လူဦးရေကန့်သတ်ထားပါသဖြင့် ၁၅-၁၂-၂၀၁၄ ရက် မွန်းလွဲ ၁း၀၀နာရီတွင် လူကိုယ်တိုင် မှတ်ပုံတင်(မူရင်း)နှင့် လာရောက်စာရင်းပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ထားသည့် အချိန်ထက်စော၍သော်လည်းကောင်း၊ နောက်ကျ၍သော်လည်းကောင်း လာရောက်ခြင်းမပြုကြပါရန် မေတ္တာရပ်ခံပါသည်။ အကယ်၍ မဝင်ရောက်ဖြစ်ပါက ကြိုတင်အကြောင်းကြားပါရန်နှင့် အမှန်တကယ်ဝင်လိုသော ယောဂီများ နစ်နာမှုမရှိစေရေးအတွက် လိုက်နာဆောင်ရွက်ကြရန် ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** - ၂၁-၁၂-၂၀၁၄ ရက် ညနေ ၄း၀၀နာရီအရောက် လာရောက်သတင်းပို့ရန်။
- ၂၁-၁၂-၂၀၁၄ ရက်မှ ၁-၁-၂၀၁၅ ရက် နံနက် ၇း၀၀နာရီအထိ

(နယ်မှလာရောက်သူများအနေဖြင့် ၂၀-၁၂-၂၀၁၄ ရက်ထက်မစော၊ ၂၁-၁၂-၂၀၁၄ ရက်ထက် နောက်မကျစေရ)

ယောဂီများအနေဖြင့် တရားစခန်းဝင်ခွင့်ရရှိရန်အတွက် ဖုန်း-၀၉-၄၅၀၀၆၅၃၇၆၊ ၀၉-၁၇၇၈၂၅သို့ ဆက်သွယ်စုံစမ်းပါ။ နိုင်ငံခြားတိုင်းပြည်များမှ ယောဂီများ Email:theinngu32@ gmail.com, Website:www.theinngu32.org သို့ ဆက်သွယ်စုံစမ်းရန်ဖြစ်ပါသည်။

**မှတ်ချက်** ။ ။ ယောဂီအသစ်များသာ လက်ခံပါသည်။

**ရန်ကုန်ဥပဋ္ဌာကအဖွဲ့**

## (၄၇)ကြိမ်မြောက် အလောင်းတော်ကဿပဖူးမြော်ရန်

အလောင်းတော်ကဿပ ရဟန္တာအရှင်မြတ်ကြီးအား (၄၇)ကြိမ်မြောက် ထမနဲဆွမ်းနှင့် ဆီမီး၉၀၀၀ကပ်လှူပူဇော်ပွဲ ခရီးစဉ် ၃၀-၁-၂၀၁၅ ရက်သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လိုက်ပါဖူးမြော်လိုသူများသည် အလောင်းတော်ကဿပ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အကျိုးတော်ဆောင်အဖွဲ့ အတွင်းရေးမှူးဦးမောင်မောင်ဌေး အမှတ် ၈၂၁၊ မဟာဗန္ဓုလလမ်းနှင့် ၁၀ လမ်းထိပ်၊ အမှတ် (၄)ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၂၃၀၀၀၇၄၊ ၀၁-၂၂၆၀၂၄၊ ၀၉-၇၃၀၀၂၄၇၃၊ ၀၉-၂၅၄၁၁၂၃၁၇သို့ ဆက်သွယ်နိုင်ပါသည်။

**ရာသီဖွင့်ခရီးစဉ်** - ၁-၁-၂၀၁၅ ရက်
**တပေါင်းပွဲတော်ခရီးစဉ်** - ၂၈-၂-၂၀၁၅ ရက်
**ရာသီပိတ်ခရီးစဉ်** - ၁-၄-၂၀၁၅ ရက်

## ဖခင်အမည်မှန်

ပေါင်မြို့နယ်၊ ရင်းငြိမ်၊ အထက၊ နဝမတန်း(C)မှ ခွန်ထက်ဝေဦး၏ ဖခင်အမည်မှန်မှာ ခွန်စံမြင့်ဖြစ်ပါသည်။

**ခွန်စံမြင့်**
**၁၀/ပမန(နိုင်)၁၃၆၈၀၃**

## အမည်ပြောင်း

စစ်တွေမြို့၊ မောလိပ်ရပ်ကွက်နေ အထက(ခွဲ)မောလိပ်၊ စတုတ္ထတန်း(A)မှ ဦးကျော်သိန်းထွန်း၏သမီး မပြည့်လှမိုးအား မဆုလာဒ်မွန်ဟု ပြောင်းလဲခေါ်ပါရန်။

## အမည်ပြောင်း

စစ်တွေမြို့၊ မင်းဝံ အထက၊ ပဉ္စမတန်း(A)မှ ဦးကျော်ဝေမြင့်၏သမီး မအေးချမ်းသူအား မမြင့်မော်အေးဟု ပြောင်းလဲခေါ်ပါရန်။

**မမြင့်မော်အေး**

## အမည်ပြောင်း

အထက(၄)၊ စစ်တွေ၊ နဝမတန်း(A)မှ ဦးဝင်းတင်၏သား မောင်စောဘုန်းဆွေအား မောင်စည်သူအောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

# အထူးကုဆရာဝန်ကြီးများအဖွဲ့ လူနာနစ်ထောင်ကျော်ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်

**ငါန်းဇွန် နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များက ကြီးမှူး၍ အထူးကုဆရာဝန်ကြီးများ အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများကို နိုဝင်ဘာ ၂၂ ရက်က ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်တွင် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန မန္တလေးခုတင်(၃၀၀) သင်ကြားရေးဆေးရုံကြီး၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဆေးရုံကြီး၊ အရိုးရောဂါအထူးကုဆေးရုံကြီး၊ ဗဟိုအမျိုးသမီးဆေးရုံကြီးနှင့် ကျောက်ဆည်ခရိုင် တိုင်းရင်းဆေးဌာနမှ သမားတော်များနှင့် တာဝန်ရှိသူများ စုစုပေါင်း ၉၀ ပါဝင်ခဲ့ကြသည်။

အထူးကုဆရာဝန်ကြီးများနှင့် သမားတော်များအဖွဲ့သည် ငါန်းဇွန်မြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ကုသမှုခံယူကြသူ သွားနှင့်ခံတွင်းလူနာ ၁၈၂ ဦး၊ မျက်စိလူနာ ၆၉၅ ဦး၊ ကလေးလူနာ ၄၀၊ အရိုးနှင့်အကြောရောဂါလူနာ ၃၉၂ဦး၊ သားဖွားမီးယပ်လူနာ ၆၂ ဦး၊ ခွဲစိတ်လူနာ ၄၀၊ အထွေထွေလူနာ ၂၉၅ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းလူနာ ၁၀၀ နှင့် တိုင်းရင်းဆေးလူနာ ၂၀၃ ဦးတို့ကို ကုသပေးခဲ့ကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဝင်များက ဆေးကုသမှုကို ပါဝင်ကူညီဆောင်ရွက်ခဲ့သည်။

ကျန်းမာရေးစစ်ဆေးမှုပြီးစီး၍ အထူးကုဆေးရုံကြီးများသို့ လွှဲပြောင်းကုသကြရမည့် လူနာများမှာ မျက်စိလူနာ ၁၈၆ ဦး၊ ကလေးလူနာ ၂၇ ဦး၊ အရိုးနှင့်အကြောရောဂါလူနာ ၃၀၊ သားဖွားမီးယပ်လူနာခြောက်ဦး၊ ခွဲစိတ်လူနာ ၄၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါလူနာ ၂၉ ဦးနှင့် အထွေထွေရောဂါလူနာ ၁၈ ဦးရှိကြောင်း သိရသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ဘုန်းတော်ကြီးသင်ပညာရေးကျောင်း အဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**တာချီလိတ် နိုဝင်ဘာ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၏ ပညာရေးမြှင့်တင်နိုင်ရန်အတွက် ပြည်နယ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုကြီးကြပ်ရေးအဖွဲ့က လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောင်မင်္ဂလာတောရကျောင်းဓမ္မာရုံ၌ နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မြို့နယ်ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အောင်မင်္ဂလာတောရဘုန်းတော်ကြီးသင်ပညာရေး ကျောင်းမှ ကျောင်းအုပ်ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး ပြည်နယ်ဘုန်းတော်ကြီးကျောင်းပညာသင်ကြားမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားမှုလုပ်ငန်းစဉ်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းမိန့်ကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် ကျောင်းသင်ပညာရေးလက်လှမ်းမမီနိုင်သော ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာတတ်မြောက်၍ ကိုယ်ကျင့်တရားကောင်းမွန်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်းနှင့် သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးတင့်က ပညာရေးဆိုင်ရာများရှင်းလင်း လျှောက်ထားတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ၁၅ ကျောင်းအတွက် လိုအပ်မည့် ကျောင်းသုံးစာရေးကိရိယာများ၊ ပရိဘောဂများ၊ သင်ကြားမှုစနစ်ကျစေရန် ဆရာ ဆရာမများ၊ ရုံးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ ကျောင်းစာကြည့်တိုက်များနှင့် စာမေးပွဲဖြေဆိုရန်နည်းလမ်းများနှင့်စပ်လျဉ်းပြီး ဆရာတော်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆွေးနွေးခဲ့ကြသည်။ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ၂၀၁၂-၂၀၁၃ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၄၇၅ ဦး၊ ၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်တွင် ၆၅၂ ဦး ပညာသင်ကြားပေးနိုင်ခဲ့ပြီး ယခု ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ၁၁၁၇ ဦး ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(iprd)**

# ကျွန်းလှမြို့နယ်၌ ကျေးရွာချင်းဆက်ချောင်းကူးတံတားများ တည်ဆောက်မည်

**ကျွန်းလှ နိုဝင်ဘာ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် ကျေးလက်နေပြည်သူများ ရာသီမရွေးသွားလာရေးလွယ်ကူချောမွေ့စေရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့် လမ်းများတိုးချဲ့အဆင့်မြှင့်တင်ခြင်းနှင့် ကျေးရွာချင်းဆက်ချောင်းကူးတံတားများ တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။



ကျွဲတဲ-အင်လှ- လိပ်စင်းတောင်ကျေးရွာလမ်းပိုင်းတွင် လမ်းချဲ့ခြင်း၊ တာပေါင်မြှင့်ခြင်းနှင့် ကျေးရွာချင်းဆက်ချောင်းကူးတံတားများအား ဒီဗိုင်းမန္တလေးကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ချောင်းကူးတံတားများဆောက်လုပ်ရာတွင် ကျွဲတဲ-အင်လှကျေးရွာကြား ဖုံ့မွှာချောင်းကိုဖြတ်၍ အရှည်ပေ ၂၀၀၊ အကျယ် ၁၅ ပေ၊ အမြင့်၁၄ ပေ သံရက်မ၊ သစ်သားခင်းတံတားကို တည်ဆောက်လျက်ရှိကြောင်းနှင့် ကျွဲတဲ-အင်လှ-လိပ်စင်းတောင်ကျေးရွာကြား လမ်းပိုင်းတွင် အရှည်ပေ ၂၀၀၊ အရှည်ပေ ၁၀၀၊ အရှည်ပေ ၆၀၊ အရှည်ပေ၄၀ရှိ တံတားလေးစင်းနှင့် အရှည် ၁၀ ပေရှိ တံတားငါးစင်းတို့ကို တည်ဆောက်သွားမည် ဖြစ်ကြောင်း ဆောက်လုပ်ရေးတာဝန်ခံတစ်ဦးက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် သဖန်းဆိပ်ဆည်အနောက်ခြမ်းကျေးရွာများသည် မိုးရာသီတွင် ရေလမ်းကိုသာအားထားသွားရကြောင်းနှင့် ကျေးရွာတစ်ရွာနှင့်တစ်ရွာ ကူးရာတွင် ချောင်းများဖြတ်သွားရကြောင်း၊ ချောင်းရေကြီးချိန်များတွင် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ သွားလာရေး အဆင်မပြေကြောင်း၊ ယခုကဲ့သို့ ချောင်းကူးတံတားများတည်ဆောက်ပေးပါက မိုးရာသီတွင် သွားလာရေး လွယ်ကူ ချောမွေ့မည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် ဒေသခံတစ်ဦးက ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## သတင်းတို

### ပဲစင်းငုံ့စံပြကွက် စုပေါင်းမြေဩဇာပက်ဖျန်း

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဝါးကျွန်းကန်ကျေးရွာ၌ ပဲစင်းငုံမျိုးသန့်၊ မျိုးပွား ဧက ၁၀၀ စံပြကွက် စုပေါင်းမြေဩဇာပက်ဖျန်းပွဲကို နိုဝင်ဘာ၂၁ ရက်က ကျင်းပခဲ့ရာ ဆေးဖျန်းရာတွင် ယူရီးယားလက်ချား မြေဩဇာထည့်သွင်းရာစပ်ရမည့် အချိုးအစားကို တောင်သူများအား လက်တွေ့ရှင်းလင်းပြသပြီး ယူရီးယားလက်ချားမြေဩဇာထုပ်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတိုးမင်းနှင့် မြို့နယ်ဦးစီးအရာရှိ ဦးစန်းယုတို့က တောင်သူများထံ ပေးအပ်ခဲ့ကြောင်းနှင့် ပဲမျိုးစုံသီးနှံများ တစ်ဧကအထွက်နှုန်းတိုးတက်စေရေးနှင့် ကုန်ကျစရိတ်နည်းနည်းဖြင့် အကျိုးရှိသည့် နည်းလမ်းဖြစ်၍ တောင်သူများ ကျယ်ကျယ်ပြန့်ပြန့်နားလည်သုံးစွဲနိုင်ရေး လက်တွေ့ပညာပေးဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**


## မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့၏ ၂၀၁၃-၂၀၁၄ ခုနှစ် နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ၂၉-၁၁-၂၀၁၄ ရက် (စနေနေ့)တွင် ရန်ကုန်မြို့၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ဆေးပညာရှင်အဖွဲ့ဝင်များနှင့် အထူးဖိတ်ကြားထားသူများ ကြွရောက်ပါရန်နှင့် ဆေးပညာရှင်အဖွဲ့ဝင်များအနေဖြင့် နံနက် ၈း၀၀နာရီမှ စတင်မှတ်ပုံတင်နိုင်ပါသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံဆေးတက္ကသိုလ်များတွင် သုတေသနဓလေ့ ပိုမိုဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်း "Strengthening of Research Culture in Myanmar Medical Universities" ဆွေးနွေးပွဲကိုကျင်းပပြုလုပ်ပါမည်။

## ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

ဂျပန်နိုင်ငံ တိုကျိုမြို့ TOKYO MEDICAL, DENTAL UNIVERSITY က ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (HONORARY DOCTOR OF SCIENCE HONORIS CAUSA)ကို ပထမဦးဆုံး (FIRST & FOREMOST)အဖြစ် ပါမောက္ခချုပ်၊ ပါမောက္ခ ဒေါက်တာဦးသိန်းကြူ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရန်ကုန်အား ချီးမြှင့်အပ်နှင်းလိုက်သည့်အတွက် အတန်းဖော် သူငယ်ချင်းများက သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်ရန်ကုန်၏ နှစ် (၅၀) ရွှေရတုသဘင်ပွဲနှင့်အတူ ဂုဏ်ယူဝမ်းမြောက်ကြပါသည်။

**10 th B.D.S**

## ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

